www.burmeseclassic.com

စိန်သရဖူစာပေ



BURMESE CLASSIC .com

မောင်လှမျိုး (ချင်းခေါင်းခြံ)

# အကြင်နာရွှေလက်

www.burmeseclassic.com

www.burmeseclassic.com

# အကြင်နာရွှေလက်

မောင်လှမျိုး (ချင်းချောင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

အမွေ့လုတယ်ဆိုတာ ခွေးစားခွက်ကို ဝိုင်းပြီးလုနေတဲ့
လမ်းဘေးက ခွေးလေခွေးလွင့်တွေရဲ့
အလေ့အထမျိုးနဲ့ တူတတ်တယ်။

(ထက်စိုး)

www.burmeseclassic.com

www.burmeseclassic.com

မောင်တို့၊

မောင်မောင်တို့၊

အမောင်တို့ဆိုတာ

ရုပ်ရှင်တွေထဲမှာရော

ဗီဒီယိုထဲမှာရော

ဝတ္ထုစာအုပ်တွေထဲမှာရော

သီချင်းတွေထဲမှာရော ခေါ်နေလိုက်ကြတာ

ပလူကိုပျံနေတာပဲ။

(မျိုးမျိုးမြင့်)



www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျော်သက်ခိုင် . . .

မင်း စာရေးပျင်းတယ်ဆိုတာ ငါသိပါတယ်။

ငါ ဒီကိုရောက်နေတဲ့ နှစ်နှစ်ကျော်ကျော် အချိန်အတွင်းမှာ မင်းဆီက စာတစ်စောင်မှ ရောက်မလာပေမယ့် မင်းပို့ပေးတဲ့ စားစရာတွေ၊ လက်ဆောင်ပစ္စည်းတွေကို ငါ ရပါတယ်။

မင်း မှာကြားတဲ့ စကားတိုင်းကိုလည်း အဖေတို့၊ ညီမတို့ ရေးတဲ့ စာကတစ်ဆင့် ငါသိကြားရပါတယ်။ မျိုးဆီကလည်း ငါ ကြားရပါတယ်။

ဒါပေမဲ့ကွာ အခု လောလောဆယ်မှာ ငါအလိုချင်ဆုံးအရာ တစ်ခုက မင်းရေးတဲ့ စာတစ်စောင်ပါပဲ။ မင်း ငါ့ဆီကို စာတစ်စောင်



www.burmeseclassic.com

www.burmeseclassic.com



လောက် ရေးပါလားကွာ။

ငါ့ဆီကိုရေးတဲ့စာတွေထဲမှာ အဖေကတော့ သာကြောင်းမာကြောင်းပဲ ထည့်ရေးတယ်၊ ဒါပေမဲ့ အမေကတော့ ဒီမှာ အိမ်ထောင်ဘက်လေး ဘာလေး မတွေ့သေးဘူးလားတဲ့။ ငါနဲ့မျိုးနဲ့ ချစ်သူတွေဆိုတာကို သိလျက်နဲ့ အမေ အဲဒီလိုမျိုး ရေးတယ်။

အမေက သားကိုကျီစယ်တယ်လို့ပဲ ငါတွေးပါတယ်။

ဒါပေမဲ့ ငါ့ညီမ,ရေးတဲ့စာထဲမှာတော့ မျိုးမျိုးမြင့်က အစ်ကို့ဆီကို စာမှန်မှန်ရေးရဲ့လားတဲ့။ ဖုန်းကော မကြာမကြာဆက်ရဲ့လားတဲ့၊

မီးဝေးရင် ချိပ်အေးတယ်ဆိုတဲ့ စကားပုံက ရေမြေခြားနေတဲ့ ချစ်သူတွေအပေါ်ကို ဘယ်အတိုင်းအတာအထိ သက်ရောက်နိုင်သလဲတဲ့။ ညီမ မသိလို့ မေးတာနော်တဲ့။

စာအသွားအလာတွေက ငါ ရင်ထိတ်စရာပါပဲကွာ။

သူငယ်ချင်း ကျော်သက်ခိုင် ...

ငါ မင်းကိုပဲ အကူအညီတောင်းပါရစေ၊ မင်းကိုပဲ အပူကပ်ပါရစေ။ ကျေးဇူးပြုပြီး မင်း ငါ့ဆီကို စာတစ်စောင်လောက် ရေးပါလားကွာ။

ငါ မြန်မာပြည်ပြန်ရောက်ရင် မျိုးနဲ့ငါ လက်ထပ်ကြမယ်ဆိုတာ အားလုံးအသိပါ။ ငါရှာလို့ရသမျှ ငွေတွေကို အဖေနဲ့အမေဆီကို ပို့ပေးသလို မျိုးဆီကိုလည်း ငါ ပို့ပေးနေပါတယ်။ ဒါကို မင်းလည်း သိမှာပါ။

မျှော်လင့်တကြီးနဲ့ ပြန်လာမယ့်နေ့ကျမှ ငါ့ရင်ဝကို ဆောင့်အကန်ခံရသလို အဖြစ်မျိုးနဲ့ကြုံရမှာ၊ ငါ အကြောက်ဆုံးပါကွာ။

ငါ လိုရင်းပဲ ပြောတော့မယ်။

မျိုး ဘာတွေလုပ်နေသလဲ၊ မျိုး ဘာတွေဖြစ်နေသလဲ၊ မျိုးရဲ့အခြေအနေကို ငါသိချင်တယ်။ သူ့ကိုလည်း ငါ မမေးချင်သလို အမေတို့ ညီမတို့ကိုလည်း ငါ မမေးချင်ဘူး။ မင်းစကားကိုပဲ ငါ အတည်ယူပါရစေ။ မင်း ငါ့ဆီကို စာရေးပါနော်။ ငါ အနူးအညွတ်တောင်းပန်တာပါ၊ သူငယ်ချင်းရာ။

စာအမြန်ဆုံးရေးနော်။

ထက်စိုး (ခေတ္တ–စင်ကာပူ)

ထက်စိုး ...

မင်းလည်း သူတစ်ပါးနိုင်ငံမှာ ငွေရှာနေရတာ နှစ်နဲ့ချီနေပြီ၊







www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနေရောပေါ့။

ပြီးတော့ စုမိဆောင်းမိ ရှိနေပြီပဲ၊ အဲဒီက ရှာလာတဲ့ငွေနဲ့ မြန်မာပြည်မှာ အဲဒီမှာ ကြိုးစားသလို ကြိုးစားလုပ်ကိုင်ရင် ကြီးပွား နိုင်ပါတယ်။

ချစ်သူရည်းစားဆိုတာ တစ်ယောက်နဲ့တစ်ယောက် လက် မထပ်ဖြစ်သေးခင်၊ ခွဲမနေသင့်ဘူးလို့ ငါယူဆတယ်။ ကိန္နရာ ကိန္နရီ တစ်ညတာ ဝေးတာတောင် ရက်ပေါင်းခုနစ်ရာ အလွမ်းမပြေကြဘူး တဲ့။ မင်းတို့နှစ်ယောက် ဝေးနေ ခွဲနေကြရတာ ညပေါင်းများစွာ လ ပေါင်းများစွာ။ ငါသာဆို လွမ်းလို့သေနိုင်တယ်။

မင်းတို့နှစ်ယောက်က ချောင်းခြားရုံတင်မကဘူး၊ ရေခြား မြေခြား နိုင်ငံခြား။ လွမ်းရေးထက် ဝမ်းရေးခက်တာကို ငါသိပါတယ်။

ငါသာဆိုရင်တော့ ချစ်သူကို ထားရစ်ခဲ့ပြီး ဝေးမြေရပ်ခြားကို စီးပွားသွားရှာဖို့ နေနေသာသာ မျက်တောင်တစ်ခတ်အတွင်းမှာတောင် မျက်စိအောက်က ချစ်သူရဲ့ခန္ဓာကိုယ်ပေါ်မှာ ပိုးမွှန်ပိုးမွှား၊ ဖုန်မှုန့်ဖုန်မွှား လေး တစ်စတစ်လေ ကပ်ငြိထိပါးလေမလားလို့ စိုးရိမ်နေမိမှာပါ။

ချစ်သူနှစ်ဦးကြားကို ဘေးပရောဂ မဝင်ဖို့က ချစ်သူနှစ်ဦး နီးနေဖို့ လိုတယ်လေ။

မိန်းမသားဆိုတာမျိုးက လေယူရာယိမ်းတတ်တဲ့ ပန်းပွင့်၊





ပန်းခိုင်တွေလိုပဲ။ ပြင်ပလေ မယိမ်းမတိုက်အောင်၊ ဘေးအန္တရာယ် အသွယ်သွယ် မထိပါးရအောင် ဥပါယ်တံမျဉ်နဲ့ ကာကွယ်နိုင်စွမ်းရှိရမှာ က ချစ်သူယောကျ်ားတွေရဲ့ တာဝန်ပဲ။

အဲဒီတာဝန် မင်း လစ်ဟင်းနေတယ်လို့ ငါ စွပ်စွဲလိုက်တယ် သူငယ်ချင်း။

ငါသာ မင်းနေရာမှာဆိုရင်တော့ နိုင်ငံကို မခွဲနိုင်တဲ့ စိတ် ကြောင့်ရော ချစ်သူကို သတိရတဲ့ လွမ်းစိတ်ကြောင့်ရော ကိုယ့်ပြည် ကိုယ့်နိုင်ငံကို အမြန်ဆုံး ပြန်လာဖြစ်မှာပဲ။

ဝမ်းရေးထက် လွမ်းရေးဘယ်လောက်ခက်ခက်၊ အလွမ်း နေမွန်းတည့်နေပြီဆိုရင်တော့ ဝမ်းရေးဟာ လွမ်းရေးလောက် ရင်ကို မထိခိုက်နိုင်ပါဘူး။ ဝမ်းရေးဆိုတာ အစာအိမ်ကိစ္စပါ၊ လွမ်းရေးဆိုတာ အသည်းနှလုံးကိစ္စပါ။

အစာအိမ်ဆိုတာက သူ့အထဲကို ကောက်ညှင်းပေါင်းပဲ ရောက်ရောက်၊ ဟန်ဘာဂါပဲရောက်ရောက် အဆာပြေသွားရင် ငြိမ် သက် သက်သာသွားစမြဲပါ။

အသည်းနှလုံးဆိုတာကတော့ သူ့လိုအင်ဆန္ဒက ကောက် ညှင်းပေါင်းဆို ကောက်ညှင်းပေါင်းရမှ၊ ဟန်ဘာဂါဆို ဟန်ဘာဂါရမှ ငြိမ်ဆိတ်သက်သာလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းခြံ)

*ကောက်ညှင်းပေါင်းလိုချင်တဲ့အသည်းနှလုံးကို ဟန်ဘာဂါတွေ ဘယ်လောက်ပုံပေး ပုံပေး၊ သူ့အလိုဆန္ဒ ပြည့်ဝစေမှာ မဟုတ်ဘူး။*

*အဲဒီတော့ အခုအချိန်မှာ မင်းလိုချင်တာ အသည်းနှလုံးရဲ့ လိုအပ်မှုလား၊ အစာအိမ်ရဲ့ လိုအပ်မှုလား၊ သေသေချာချာ စဉ်းစားပေါ့။ အသည်းနှလုံးကိစ္စက သိပ်အရေးကြီးတယ်ဆိုရင်တော့ အစာအိမ်ထဲ ထည့်ဖို့ မြန်မာပြည်မှာ အစာရေစာတွေ အများကြီးရှိပါတယ်။*

*အစာအိမ်သာလျှင် အရေးကြီးတယ်ဆိုရင်တော့ လွမ်းတယ်၊ သတိရတယ်ဆိုတဲ့ ဝေါဟာရမျိုးတွေ ဘယ်သူ့အတွက်မှ မသုံးသင့်ဘူး။*

*မင်းကို လွမ်းရေးကြောင့် ဝမ်းရေးလည်း မခက်စေချင်ဘူး။ ဝမ်းရေးထက် လွမ်းရေးလည်း မခက်စေချင်ဘူး။*

*ငါသာ မင်းနေရာမှာဆိုရင်တော့ . . .*

*မြန်မာပြည်မှာ TAXI မောင်းစားမယ်။*

*ကျော်သက်ခိုင် (ခေတ္တ-လူ့ပြည်)*

●



အကြြင်နာခွေးလက်

ကျော်သက်ခိုင်၏စာကို ဖတ်ပြီးလျှင်ပြီးချင်း မြန်မာပြည်ကို အမြန်ဆုံးပြန်ဖို့ သူ ဆုံးဖြတ်လိုက်သည်။ အခန်းဖော်တွေက ဘာကြောင့် ပြန်မှာလဲဟု မေးမြန်းကြသောအခါ သူ ချက်ချင်းအဖြေမပေးခဲ့။ မေးလွန်းမက မေးလာကြတော့မှ မြန်မာပြည်မှာ မင်္ဂလာသွားဆောင်မလို့ဟု သူ ဖြေလိုက်သည်။ အခန်းဖော်တွေအားလုံး လက်ခုပ်တီးကြ၏။

မင်္ဂလာဆောင်ပြီးရင် ပြန်လာမှာလားဟု မေးကြသေးသည်။ ပြန်လာမယ်ဟု ရင်အမောကို လုံခြုံအောင် သိုဝှက်၍ ဖြေရ၏။ တစ်နေရာရာ၌ ရင်ဖွင့်ချင်သည်။ ခံစားနေရသည့် ဝေဒနာအစိုင်အခဲသည် ရင်ဖွင့်လုမတတ် ကြီးမားပြည့်ကျပ်လွန်းလှ၏။

●

ကျော်သက်ခိုင် ရေးလိုက်သောစာ၏ စာကြောင်းများစွာ အနက် အောက်ပါစာကြောင်းများကို သူ မင်နီဖြင့် မျဉ်းသားကာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ရသည်။

* ချစ်သူရည်းစားဆိုတာ တစ်ယောက်နဲ့တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လက်မထပ်သေးခင် ခွဲမနေသင့်ဘူးလို့ ငါ ယူဆတယ်။

* ချစ်သူနှစ်ဦးကြားကို ဘေးပရောဂ မဝင်ဖို့က ချစ်သူနှစ်ဦး နိုးနေဖို့ လိုတယ်လေ။
* မိန်းမသားဆိုတာမျိုးက လေယူရာယိမ်းတတ်တဲ့ ပန်းပွင့် ပန်းခိုင်တွေလိုပဲ။
* ငါသာ မင်းနေရာမှာဆိုရင်တော့ မြန်မာပြည်မှာ TAXI မောင်းစားမယ်။

ကျော်သက်ခိုင်ရေးလိုက်သည့်စာထဲတွင် သူ့ချစ်သူ မျိုးမျိုးမြင့်၏ အမည်နာမ လုံးဝမပါ။

မျိုးမျိုးမြင့်၏ နေမှုထိုင်မှုအခြေအနေကို သုံးသပ်အကြောင်းကြားရာရောက်သော စကားလုံးမျိုးကို တစ်ခွန်းတစ်ပါဒမျှထည့်မရေး။ မြန်မာပြည်ကို ပြန်လာစေချင်ကြောင်းကိုပင်လျှင် ရိပ်ဖမ်းသံဖမ်းမျှသာ ရေးလိုက်၏။

ကျော်သက်ခိုင်၏ စရိုက်ကို သူအသိဆုံးဖြစ်သည်။ သာမန်ထမင်းစားရေသောက်ကိစ္စမျိုးကိုသာ တဲ့တိုးပြောလေ့ရှိသည်။

''ထမင်းဆာတယ်၊ မင်း ငါ့ကို ထမင်းဝယ်ကျွေး'' ဆိုတာမျိုး။

''မြန်မာတွေ ထီးသုဉ်းနန်းသုဉ်းဖြစ်ခဲ့တာ ရှေးဘုရင်တွေ ပလ္လင်လုနေလို့ပဲ''





စသဖြင့် တိုက်ရိုက်တဲ့တိုး ပြောတတ်သည်။

လွန်စွာ အရေးကြီးသည့်ကိစ္စ၊ ပြဿနာဖြစ်နိုင်ခြေရှိသော အကြောင်းအရာမျိုးကိုမူ ကွက်ကွက်ကွင်းကွင်း ပြောပြအသိပေးလေ့မရှိ။ ဝေ့ကာဝိုက်ကာ သွယ်ကာရစ်ကာ ပြောလေ့ရှိ၏။

''မင်းနဲ့ လက်ဖက်ရည်ဆိုင်ထိုင်တဲ့ကောင်က မူးယစ်ဆေးဝါး သုံးစွဲမှုနဲ့ ထောင်ကျဖူးတယ်တဲ့၊ အဲဒီ မူးယစ်ဆေးဝါးသုံးတဲ့ကောင်တွေက များသောအားဖြင့်တော့ အပေါင်းအသင်းဆွယ်လို့ စမိကြတာချည်းပဲ။ မင်း စီးကရက်တွေ ဘာတွေသောက်ရင် သူများပေးတာ မသောက်နဲ့''

''အဲဒီကောင်က ဆေးသမား။ မင်း သူနဲ့မပေါင်းနဲ့'' ဟု တဲ့တိုးပြောရမည့်အစား ထိုကဲ့သို့ သွယ်ဝိုက်သတိပေးလေ့ရှိသည်။

''နိုင်ငံရေးဆိုတာ နူးညံ့သိမ်မွေ့ ရှုပ်ထွေးတယ်ကွ။ ပါတီနိုင်ငံရေးနဲ့ အမျိုးသားနိုင်ငံရေးဆိုပြီး နှစ်မျိုးခွဲခြားလို့ရတယ်။ အမျိုးသားနိုင်ငံရေးက မရှုပ်ထွေးဘူး။ နိုင်ငံနဲ့လူမျိုးအတွက် လက်လှမ်းမီသလောက် အကျိုးပြုမယ့်အလုပ်တွေ လုပ်တာ။ အဲဒါ အမျိုးသားနိုင်ငံရေးပဲ။ ပါတီနိုင်ငံရေးကတော့ ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

သူ့ပါတီ ကိုယ့်ပါတီ ခွဲခြားစိတ်၊ သူ့ထက်သာမနာလိုတဲ့စိတ်က ပထမ၊ တိုင်းပြည်အတွက်က ဒုတိယဆိုတာမျိုး ဖြစ်တတ်တယ်။ သူကတော့ ပါတီအတွင်း စည်းကမ်းမလိုက်နာတဲ့၊ ပါတီတွင်း ဖောက်ပြန်ရေးသမား၊ သူကတော့ သာရာကူးတဲ့လူ စသဖြင့် အတွင်းလိုက်စားမှုမျိုးတွေ၊ ပါတီရန်ပုံငွေကိစ္စမျိုးတွေ ရှုပ်ထွေးနေလေ့ရှိတယ်။

အကောင်းဆုံးကတော့ နိုင်ငံရေးနဲ့ ကင်းကင်းနေတာ အန္တရာယ်ကင်းပါတယ်ကွာ။ မင်း တကယ်နိုင်ငံရေးလုပ်ချင်ရင် ကိုယ့်အိမ်ရှေ့ကအမှိုက်ကို ကိုယ်စင်အောင်သိမ်း၊ မြောင်းတူး၊ လမ်းခင်း၊ အဲဒါလေးပဲ နေ့တိုင်း လုပ်ကြည့်ပါဦး''

''နိုင်ငံရေး မလုပ်နဲ့'' ဟု တိုတိုတုတ်တုတ် ပြောရမယ့်ကိစ္စကို ထိုမျှ ရှည်လျားစွာ သွယ်ဝိုက်ဝေ့ဝဲ၍ ပြောလေ့ရှိသည်။

ထို့ကြောင့် ကျော်သက်နိုင်ရေးလိုက်သောစာကို ဖတ်ပြီးပြီးချင်း မြန်မာပြည်ကို အမြန်ဆုံးပြန်ဖို့ သူ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ သူ့ချစ်သူ မျိုးမျိုးမြင့်သာ မည်သို့သော ချွင်းချက်မျှ ရှိမနေပါက





'ဟော့ကောင် စိုးရိမ်စရာမဟုတ်ဘဲ စိုးရိမ်မနေနဲ့၊ ကိုယ့်အလုပ် ကိုယ်ဆက်လုပ်' ဆိုတာမျိုးကို ကျော်သက်နိုင် တိုတိုတုတ်တုတ် ရေးလိုက်ပေလိမ့်မည်။

စာအရေးပျင်းသူ ကျော်သက်နိုင်၏ ရှည်လျားစွာ ရေးလိုက်သည့် သွယ်ဝိုက်သောစကားလုံးများထဲ၌ မြန်မာပြည်ကို ပြန်လာစေလိုခြင်း အရိပ်အရောင်တွေကို သူ ရှာဖွေတွေ့ရှိလိုက်လေသည်။

အိမ်ပြန်မည်ဟု ဆုံးဖြတ်လိုက်ခါမှ အိမ်ကို သတိရစိတ်က ပို၍ပင် ကြီးမားလာပြန်၏။

■



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ရက်သတ္တပတ် သုံးပတ်မျှ ကြာသောအခါတွင် ကုမ္ပဏီသို့ အသိပေးပြီး မြန်မာပြည်သို့ မည်သူ့ကိုမျှအကြောင်းမကြားဘဲ သူ ပြန်ရောက်ခဲ့လေ၏။

●

လေဆိပ်မှထွက်လျှင်ထွက်ချင်း အရင်ဦးဆုံး သူတွေ့ဆုံလိုသောသူသည် အဖေ အမေ မဟုတ်၊ ညီ ညီမတွေ မဟုတ်၊ သူ့သူငယ်ချင်း ကျော်သက်နိုင်ကိုသာ သူ တွေ့ချင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ့သူငယ်ချင်း ကျော်သက်ခိုင်ရှိရာ ပန်းဆိုးတန်းလမ်း စာအုပ်အဟောင်းရောင်းသည့်ဆိုင်တန်းဘက်သို့ ကားမှာ၍လာခဲ့၏။

ခရီးသွားအိတ်ကြီးတစ်လုံးကိုသာ ဆွဲကိုင်လာသော သူ့ကို မြင်လျှင်မြင်ချင်း ကျော်သက်ခိုင်က ခင်းဖြန့်ထားသော စာအုပ်များကို ကျော်လွှားပြီး သူ့ထံသို့ လျှင်မြန်စွာလာ၏။ အနီးရှိ ကောင်လေးတစ်ယောက်ဘက်သို့လှည့်ကာ 'ငါ လက်ဖက်ရည်ဆိုင်မှာရှိမယ်' ဟု ပြောလိုက်၏။

"ဘာဖြစ်လို့ အလောတကြီး ပြန်လာတာလဲ၊ မင်းမိဘတွေကို မင်း ဘယ်လိုပြောမလဲ" ဟူသောမေးခွန်းတွေ မေးလိမ့်မည်ဟု သူ ထင်ထားသော်လည်း ကျော်သက်ခိုင်၏ပါးစပ်မှ မည်သည့်စကားမျှ ထွက်မလာသည့်အပြင် မည်သို့သော အံ့ဩမှုအရိပ်ကိုမျှ မတွေ့မမြင်ရချေ။ အေးဆေးတည်ငြိမ်လွန်းသော မျက်နှာထား။

"ထမင်း စားပြီးပြီလား"

သူ ခေါင်းညိတ်သည်။

ကျော်သက်ခိုင်က ...

"ငါ မစားရသေးဘူး။ လာ ... ဟို ပလက်ဖောင်းပေါ်က လက်ဖက်သုပ်ဆိုင်မှာ လက်ဖက်နဲ့ထမင်းနဲ့ စားမယ်။ မင်း လက်ဖက်





ရည်သောက်" ဟု ပြောပြီး ခရီးသွားအိတ်ကိုကူဆွဲကာ ဦးဆောင်ခေါ်ငင်သွားလေ၏။

●

သူ စီးကရက်သောက်သည်။ လမ်းဘေးစားပွဲငယ်လေးပေါ်ရှိ လက်ဖက်ရည်ပန်းကန်သည် အငွေ့တထောင်းထောင်း ထမနေသော်လည်း အပူပြင်းလျက်ရှိနေပေမည်။

ကျော်သက်ခိုင်က လက်ဖက်တစ်ဇွန်း စားလိုက်၊ ထမင်းတစ်ဇွန်းစားလိုက်၊ ငရုတ်သီးစိမ်း တစ်တောင့်ကိုက်လိုက်၊ ပြီးနောက် ရေနွေးပူကို ဖြည်းညင်းစွာ မှုတ်သောက်လိုက်ဖြင့် ရှိနေ၏။ လက်ဖက်လေးငါးဇွန်း ထမင်း လေးငါးလုတ်၊ ရေနွေးသုံးလေးခွက်တို့ လျော့ပါးသွားသည့်အခါကျမှ ကြက်သွန်ဖြူအမြှာငယ်များကို အခွံခွာရင်း ...

"လေဆိပ်ကနေ ဒီကိုတန်းလာတာလား"

"ဟုတ်တယ်"

အင်္ကျီရင်ဘတ် ကြယ်သီးစေ့များကို ဖြုတ်ရင်း သူပြောသည်။ ခရီးသွားအိတ်ပေါ်ရှိ အပေါ်အင်္ကျီအိတ်အတွင်းမှ လက်ကိုင်ပဝါငယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြီး ချွေးသုတ်နေစဉ် ကျော်သက်ခိုင်က ...

"ဘယ်သူမှ လာမကြိုဘူးလား"

သူခေါင်းခါပြီး ...

"ငါ ပြန်ရောက်နေတာ ဘယ်သူမှ မသိသေးဘူး။ ဘယ်သူ့ကိုမှ အကြောင်းမကြားဘဲနဲ့ ငါပြန်လာတာ"

ကျော်သက်ခိုင် ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"မင်းရော အဆင်ပြေရဲ့လား" ဟု သူမေးသည်။

"တိုက်နဲ့ ကားနဲ့ တယ်လီဖုန်းနဲ့ မနေနိုင်တာကလွဲရင် အားလုံးအဆင်ပြေတယ်"

"ကုမ္ပဏီတစ်ခုခုမှာ အလုပ်လေးဘာလေး လျှောက်ပါလားကွာ။ မင်းကလည်း လမ်းဘေးမှာ"

မဲ့ပြုံး ပြုံးသည်။

"သူများဆီမှာ အလုပ်မတောင်းချင်လို့ ဈေးရောင်းနေတာပေါ့ကွ"

ပြောပြီး လက်ဖက်နှင့်ထမင်းကို တစ်ဖွန်းချင်း မှန်မှန်စားနေ၏။ ရေနွေးတစ်ခွက် သောက်လိုက်ပြီး ...

"မင်း ဟိုကို ပြန်သွားရဦးမှာလား"





"အခြေအနေအရပဲ၊ သွားလည်းဖြစ်တယ်၊ မသွားလည်းဖြစ်တယ်"

စကားကို ခဏရပ်သည်။ ကျော်သက်ခိုင်ကိုကြည့်ပြီးမှ ...

"ကျော်သက်ခိုင်၊ ငါ ပြန်သွားသင့်သလား"

သူ့ကို ကျော်သက်ခိုင် ပြန်ကြည့်သည်။ အတန်ကြာမှ ...

"ငွေများများရှာချင်ရင် သွားပေါ့ကွ"

"ငါ ငွေလည်း ရှာချင်တယ်။ စိတ်လည်းချမ်းသာချင်တယ်"

ကျော်သက်ခိုင် ရယ်လေ၏။ ရယ်လျက် ...

"လူရောစိတ်ရော ချမ်းသာဖို့ဆိုတာ လူတိုင်းလိုချင်တဲ့ ဆန္ဒပဲကွ။ ငါ့ကိုကြည့်။ ငါ စိတ်ချမ်းသာတယ်။ ဒါပေမဲ့ လူမချမ်းသာဘူး။ နှစ်ခုစလုံး ချမ်းသာဖို့ဆိုတာ အင်မတန်ရခဲတဲ့ကိစ္စပဲ"

သူ သက်ပြင်းချ၏။

"ကျော်သက်ခိုင်"

"ပြော"

"ငါ မျိုးအကြောင်းကိုသိချင်တယ်"

"ငါ နာစေးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းဘူးလား"

တဟားဟား ရယ်လေသည်။

"ဘာရယ်တာလဲ"

"ငါ **နာစေး**နေတယ်ဆိုတာ အမတ်ကြီးဦး ပေါ်ဦး **နာစေး**တာမျိုးကွ"

"ငါ ကြားဖူးတယ်။ ဂဃနဏမသိဘူး"

ဆိုဝေ့နေသည့် နှုတ်ခမ်းများကို စားပွဲပေါ်ရှိ စက္ကူပါးများဖြင့် ဖိသုတ်ပြီး ကျော်သက်ခိုင်က ...

"ဘိုးတော်ဘုရားလက်ထက်တုန်းက အိမ်ရှေ့စံသားတော်ကြီး ရွှေတောင်မင်း သေသွားတော့ ထီးနန်းဆက်ခံမယ့်သူက ဘိုးတော်ဘုရားရဲ့ မြေးတွေဖြစ်တဲ့ စစ်ကိုင်းမင်းနဲ့ သရက်မင်း၊ ညီအစ်ကိုနှစ်ယောက်။ စစ်ကိုင်းမင်းကအကြီး၊ သရက်မင်းကအငယ်။ သရက်မင်းဆိုတာ သာယာဝတီမင်း ဖြစ်မယ့်သူ။

သူတို့နှစ်ယောက်အနက် ဘယ်သူ့ကို အိမ်ရှေ့မင်းအဖြစ် သတ်မှတ်သင့်သလဲလို့ ဘိုးတော်ဘုရားက မှူးမတ်တွေ ပြည်သူတွေကို မေးတယ်။

သရက်မင်းသားကို လိုလားတဲ့သူတွေက





သရက်မင်းသားကိုပဲ အိမ်ရှေ့အရာထားသင့်တယ်လို့ တင်လျှောက်ကြတယ်။ အဲဒါကို စစ်ကိုင်းမင်းသား ကြားတော့ သရက်မင်းသားကို ထောက်ခံတဲ့သူတွေကို နှိပ်စက်တော့တာပဲ။

နောက်တစ်ခါ ဘိုးတော်ဘုရားက မှူးမတ်တွေ၊ ပြည်သူတွေ ကို အိမ်ရှေ့အရာ ဘယ်သူ့ထားရမလဲ မေးပြန်ရော။

စစ်ကိုင်းမင်းကို ကြောက်ရွံ့တဲ့သူတွေက စစ်ကိုင်းမင်းသားကိုသာ အိမ်ရှေ့အရာထားသင့်ကြောင်း လျှောက်တင်ကြတယ်။

ဒါကို သရက်မင်းသားကြားပြန်တော့ အဲဒီ စစ်ကိုင်းမင်း ထောက်ခံသူတွေကို နှိပ်စက်ပြန်ရော။

နောက်တော့ ဘိုးတော်ဘုရားက အမတ်ကြီး ဦးပေါ်ဦးဆီက အကြံတောင်းတယ်။

အမတ်ကြီးဦးပေါ်ဦးက သရက်မင်းကို ထောက်ခံရင် စစ်ကိုင်းမင်း ထောင်းမယ်။ စစ်ကိုင်းပင်းကို ထောက်ခံရင် သရက်မင်းက ထောင်းမယ်ဆိုတာ သိကြားထားတော့ ယုံမင်းနာစေးတဲ့ပုံပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



သံတော်ဦးတင်လိုက်တယ်''

ကျော်သက်ခိုင်က စကားရပ်ပြီး ရေနွေးတစ်ခွက်သောက်၏။ ပြီးနောက် ရေနွေးဖြင့် ခံတွင်းကျင်းသည်။ ရှည်လျားဝေ့ဝိုက်တော့မည့်စကားဟု သိလျက် သူ နားစိုက်ထောင်နေသည်။

''တစ်ခါတုန်းက အစာဝပြီး အိပ်ပျော်နေတဲ့ ခြင်္သေ့မင်းကြီးကို ဝက်၊ သမင်၊ ယုန်တို့က သက်တော်စောင့်လုပ်ရတယ်။

ခြင်္သေ့မင်းကြီး အိပ်ရာကနိုးတော့ ဝါးခနဲသမ်းပြီး သမင်ကို မေးတယ်၊ 'ဟဲ့သမင် ငါ့ရဲ့အာခံတွင်းနံ့က မွှေးသလား၊ နံသလားတဲ့'။

သမင်က ကြောက်ကြောက်လန့်လန့်နဲ့ အရှင်ခြင်္သေ့မင်းကြီးရဲ့ ခံတွင်းတော် အင်မတန် မွှေးကြိုင်လှပါတယ်လို့ ဖြေလိုက်တယ်။ ငါ ဒီလောက် အညှီအဟောက်တွေစားနေတာ အပုပ်နံ့ပဲထွက်ရမှာကို သမင်က မုသားပြောတယ်။ လိမ်တယ်ဆိုပြီး သမင်ကို ကိုက်သတ်လိုက်တယ်။

နောက်ပြီးမှ ဝက်ကို စောစောကလို မေးရော။ ဝက်က သမင်မွှေးတယ်လို့ လိမ်ပြောတာကို





ကိုက်သတ်တယ်။ ငါ အမှန်ပြောမှလို့ တွေးပြီး ပုပ်စော်နံတယ်လို့ ဖြေလိုက်တယ်။

ခြင်္သေ့မင်းက ငါ့လိုခြင်္သေ့မင်းရဲ့ အာခံတွင်းကို ပုပ်တယ်၊ နံတယ်လို့ ပြောတာ စော်ကားတာပဲဆိုပြီး ဝက်ကို ကိုက်သတ်လိုက် ပြန်ရော။

ပြီးတော့မှ ကျန်တဲ့ယုန်ကို မေးပြန်ရော။ ညာပြောတဲ့သမင် သေတာကိုရော အမှန်ပြောတဲ့ဝက် သေတာကိုရော မြင်ထားတဲ့ယုန်က မှန်လှပါ အရှင်ရဲ့ အာခံတွင်းကို အရှင့်ရဲ့အမိန့်ဆန္ဒအရ အဖြေပေးရန် ရှူရှိုက်နမ်းကြည့်ပါသော်လည်း ကျွန်ုပ်မှာ အနံ့ခံလို့ မရလောက်အောင် နှာစေးနှာခေါင်းပိတ်နေပါသဖြင့် မည်သို့မျှ အနံ့ခံ၍မရ ဖြစ်နေပါတယ်လို့ လျှောက်လိုက်တဲ့အတွက် အလျှောက်ကောင်းတဲ့ ယုန်လေး အသက်ဘေးက လွတ်သွားဖူးတယ်တဲ့။

အဲဒီ ရွှေယုန်လိုပါပဲ၊ ဦးပေါ်ဦးကလည်း မင်းသားနှစ်ပါးရဲ့ကိစ္စကို အဖြေပေးဖို့ရာမှာ နှာစေးနေလို့ မတင်လျှောက်တတ်အောင် ဖြစ်နေပါတယ်လို့ ဘိုးတော်ဘုရားကို သံတော်ဦးတင်လိုက်တယ်တဲ့''



www.burmeseclassic.com

www.burmeseclassic.com



ကျော်သက်နိုင်၏ ရှည်လျားသော ပုံပြင်ရာဇဝင် စကားအဆုံး၌ သူ့အနေဖြင့် သက်ပြင်းမောတစ်ခုကိုသာ မှုတ်ထုတ်လိုက်မိသည်။

"မင်းမေးတဲ့ မျိုးမျိုးမြင့်အကြောင်းကို ဖြေဖို့ ငါလည်း နှာစေးနေတယ်၊ ကျော်သက်နိုင်"

သူ အဝေးသို့ ငေးမောပြီး ...

"အမေတို့ ညီမတို့ကို မေးရင် သာလိုနာလိုတဲ့ ဆန္ဒစကားတွေ ဖြစ်နေမှာစိုးလို့ မင်းဆီကို အရင်ဆုံး လာပြီး ငါ မေးရတာပါကွာ"

"မိသားစုကြား၊ ချစ်သူနှစ်ဦးကြားမှာ ဘာစကားမှ မပြောသင့်ဘူးလို့ ငါယူဆတယ် ထက်စိုး"

"ငါ မင်းရဲ့သူငယ်ချင်းလေကွာ"

"သူငယ်ချင်းဖြစ်တဲ့ ငါ့စကားတစ်ခွန်း၊ ငါ့သတင်းတစ်ခုကြောင့် ချစ်သူတွေဖြစ်တဲ့ မင်းနဲ့မျိုးမျိုးမြင့်တို့ ပြဿနာဖြစ်ကြရတာပါဆိုတဲ့ အခြေအနေမျိုးကို ငါ အတတ်နိုင်ဆုံး ရှောင်ကြဉ်နေတာပါ"

"မင်းကိုမှ မမေးရရင် ငါ ဘယ်သူ့ကို မေးရမှာလဲ၊ ကျော်သက်နိုင်"

"မင်းရဲ့မိသားစု၊ မင်းရဲ့ပတ်ဝန်းကျင်က မင်း





မမေးဘဲ ဖြေမယ့်သူတွေပဲ ထက်စိုး"

"သဘောမတူလို့ ခြေထိုးတဲ့ စကားမျိုးတွေ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"သားသမီး ဒုက္ခရောက်မယ့်စကားမျိုးကို ဘယ်အမေကမှ လီဆယ်ပြီး ပြောမှာမဟုတ်ပါဘူး"

"အခြေအနေ တော်တော်ဆိုးနေလို့လား ကွာ"

သူ စိုးထိတ်တကြီး မေးသည်။ ကျော်သက်နိုင်က အကြမ်းပန်းကန်လုံးနှစ်လုံးထဲသို့ ရေနွေးတွေ ငှဲ့နေ၏။ ရေနွေးငွေ့သည် အပူမလျော့ပါ။ အနီးရှိ လက်ဖက်ရည်ခွက်သည်လည်း မျက်နှာပြင် တင်းမာနေလေ၏။

"ငါသာ မင်းနေရာမှာဆိုရင် မဖြေချင်တဲ့သူကို မေးခွန်းတွေမေးနေမယ့်အစား အမေးခံရတဲ့သူ မဖြေတာဟာ မင်္ဂလာစကား မဟုတ်လို့ဘဲလို့ တွေးပြီး အိမ်ကို အမြန်ပြန်မိလောက်ပြီ"

လက်ထဲမှ လက်ကိုင်ပဝါသည် ရေနွေးပန်းကန်အတွင်းသို့ ကျလုလု ဖြစ်သွားရ၏။

"အေးကွာ၊ ငါ မင်းကို ကျေးဇူးတင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်သက်ခိုင်။ မင်းပြောတာကို ငါ သဘောပေါက်ပါတယ်''

''တကယ်ဆို မင်းအမေဆီကို အရင်သွားသင့်တယ်ကွ။ လောကကြီးမှာ အမေထက် ဘယ်သူ့ကို ပိုပြီး ယုံကြည်သင့်လို့လဲ''

''ဟုတ်ပါတယ်ကွာ။ ငါမှားသွားတယ်''

''တစ်ခုတော့ ငါပြောချင်တယ် ထက်စိုး။ ဘာပဲသိသိ၊ ဘာပဲကြားကြား၊ ဘာပဲလုပ်လုပ် စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့''

သူ ခေါင်းညိတ်လိုက်သည်။

ချစ်သူ့မျက်နှာကို မြင်လိုသော်လည်း . . .

ချစ်သူ့အသံကို ကြားလိုသော်လည်း . . .

ချစ်သူ့ထံကို မသွားဝံ့သေး၊

ချစ်သူ့အသံကို မကြားဝံ့သေး၊

သူ့ကိုမြင်လျှင်မြင်ချင်း (ကျော်သက်ခိုင်မှအပ) အားလုံး အံ့ဩကြမည်ကို သူ ကြိုသိထားသည်။ ချစ်သူ၏ အံ့ဩခြင်းမျက်နှာကို အမြန်ဆုံး မြင်လိုလှပေပြီ။

■



(၃)

အဖေ၊ အမေ၊ ညီ၊ ညီမတို့အားလုံး အံ့ဩနေကြသည်။ ''ပြန်လာမှာကို ဘာဖြစ်လို့ အကြောင်းမကြားတာလဲ'' ဟု အဖေမေးသည်။ ''ဟုတ်သားပဲ သားရယ်'' ဟု အမေပြောသည်။ ညီနှင့်ညီမတို့၏ ပြုံးပျော်နေပုံကို မြင်ရသဖြင့် ကြည်နူးမိသလို ရှိနေနိုင်သည်။

သူ အမှုထမ်းရာကုမ္ပဏီတွင် အရာရောက်သော မြန်မာလူမျိုးတစ်ဦးသည် သူနှင့် ရင်းနှီးကျွမ်းဝင်ကြောင်း၊ ထိုသူ၏ခွင့်ပြုချက်၊ ကုမ္ပဏီ၏ခွင့်ပြုချက်ဖြင့် ပြန်လာနိုင်ခြင်းဖြစ်ကြောင်း တရားဝင် ဝင်ထွက်သွားလာနိုင်ခွင့် သူ့မှာရှိကြောင်း၊ ပြန်လာမည်ကို အကြောင်းကြားလျှင်ပင် အလုပ်ပိုဖြစ်နေမှာစိုးသဖြင့် လေယာဉ်အဆင်သင့်တုန်း ပြန်လာခြင်းဖြစ်ကြောင်း အဖေနှင့်အမေကို သူပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုတစ်ခုလုံး၏ မျက်နှာပေါ်တွင် သူ ပြန်လာခြင်းအပေါ် ဝမ်းသာကြည်နူးမှု လျှော့ပါးစရာ အရိပ်အယောင်ကို စဉ်းငယ်မျှ မတွေ့ရ။ အဖေလည်း သူ့ကို လွမ်းနေပေလိမ့်မည်။ အမေလည်း သူ့ကို လွမ်းနေပေလိမ့်မည်။ ညီ ညီမတို့လည်း သူ့ကို လွမ်းနေပေလိမ့်မည်။

ညီဖြစ်သူက ပြည်ပနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကိုမေး၏။ ညီအစ်ကိုနှစ်ယောက် ပြောဆိုနေကြသည်ကို အဖေနှင့်အမေက နားထောင်နေကြ၏။ ညီမ,ဖြစ်သူက သူသိချင်ရာတွေကို တစ်ခွန်းတလေ ဝင်ရောက်မေးမြန်း၏။

ပြန်လည်ဆုံစည်းခါစ မိသားစု၏စကားဝိုင်းသည် နှစ်နာရီနီးပါးမျှ ကြာ၏။ ထိုအခါကျမှ သတိထားမိသည်။ ပြောဆိုမေးမြန်းသည့် အကြောင်းအရာတွေထဲတွင် သူ့ချစ်သူမျိုးမျိုးမြင့်၏အမည်နာမကို ထည့်သွင်းမပြောဖြစ်ကြ။ စကားစလိမ့်နိုးနိုး သူစောင့်ဆိုင်းကြည့်သေး၏။ ကိုယ်တိုင် စကားစရမည်ဆိုလျှင်ပင် ခရီးရောက်မဆိုက်ဟု တွေးမိပြီး မိသားတစ်စုလုံးကို အားနာရလေသည်။

"သားကြီး ပြန်လာတာ မောင်ကျော်သက်ခိုင် သိပြီးပြီလား"

အဖေ့အမေးစကားသံကို ကြားကြားချင်း မုသားသုံးဖို့ စဉ်းစားဖြစ်သေးသည်။ သို့သော် ဖုံးကွယ်လိုစိတ်မရှိ။





"လေဆိပ်က ပြန်လာလာချင်း၊ သူ့ဆီကို အရင်ဝင်ခဲ့တယ် အဖေ။ ဒီကောင် အိမ်ကို အဝင် အထွက်လုပ်ရဲ့လား"

"တစ်ပတ်ကို တစ်ရက်နှစ်ရက်တော့ ရောက်လာတတ်တယ်။ ဒါတောင် ညနေစောင်းမှ လာတာ"

ဟု အဖေပြော၏။

"အစ်ကိုကလည်း သူ့သူငယ်ချင်းဆီများ အရင်ဝင်ခဲ့ရတယ်လို့။ ညီမတို့ဆီကို အရင်ပြန်လာတော့ ဘာဖြစ်မှာမို့လို့လဲ။ တွေ့လား အမေ၊ အစ်ကိုက မိဘမျက်နှာကို အရင်မကြည့်ဘူး။ သူငယ်ချင်းမျက်နှာ အရင်သွားကြည့်တာ"

အမေ ပြုံးနေသည်။ သူ့မျက်နှာကို အကဲခတ်သော မျက်ဝန်းမျိုး အမေ့မျက်နှာပေါ်တွင် မတွေ့ရ။

"အိမ်ရောက်ပြီးမှ မြို့ထဲပြန်ထွက်ရင် မထွက်ဖြစ်တော့မှာ စိုးလို့၊ ကြုံတုန်းဝင်ခဲ့တာပါ"

"မောင်ကျော်သက်ခိုင်ကို ချွေးတလုံးလုံးနဲ့မှ တွေ့ခဲ့ရဲ့လား"

ဟု အမေမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ သူ့ကြည့်ရတာ ချွေးတလုံးလုံး ပဲ"

ညီမက ...

"ကိုကျော်သက်နိုင်လာတဲ့ ညနေဆိုရင် အဖေနဲ့စကားပြောကြတာ အရမ်းဗဟုသုတရတာပဲ။ တရားအကြောင်း ဘုရားအကြောင်း ပြောရင်လည်း အရမ်းနားထောင်လို့ ကောင်းတယ်"

ရေခဲသေတ္တာထဲမှ ညီမ့ထုတ်ပေးထားသော ရေအေးခွက်ကို တစ်ငုံမျှ ယူသောက်လိုက်ပြီး ...

"ဒီကောင်က တရားသမားဖြစ်နေပြီလား"

ညီက ...

"တရားသမားရယ်တော့ မဟုတ်ဘူး။ ဒါပေမဲ့ သူ့ကိုကြည့်ရတာ အဲဒါမျိုးနဲ့တူနေတယ်။ ကိုကြီးလိုပဲ ကိုကျော်သက်နိုင်က ဘွဲ့ရထားပေမယ့် အဲဒီအပေါ်ကို သူ ဂုဏ်မယူဘူး။ မငံ့ကြွားဘူး။ နေတတ်သလိုနေတယ်။ စားတတ်သလို စားတယ်။ စကားရိုင်းနဲ့ ပြောရရင် ဖြစ်သလိုနေ၊ ဖြစ်သလိုစားပုံစံ။ ကျွန်တော်က တော့ အဲဒီပုံစံကို ကြိုက်တယ်"





ညီမက ...

"သူက ကြီးပွားချမ်းသာအောင် မလုပ်တော့ဘူးလား မသိဘူးနော်"

သူ ခေါင်းညိတ်ရုံသာ ညိတ်ပြသည်။

လက်မှနာရီ ညှော်ခန်းနံရံမှနာရီကို တစ်လှည့်စီကြည့်ပြီး ...

"ညီလေး၊ ဖုန်း ဘယ်နားမှာ ဆက်လို့ရလဲ"

ညီဖြစ်သူက ...

"အိမ်မျက်စောင်းထိုးက စတိုးဆိုင်မှာ ဆက်လို့ရတယ်။ ကိုကြီး ဘယ်ကိုဆက်မလို့လဲ"

"မျိုးမျိုးမြင့်ဆီ ဆက်မလို့"

အမေက ...

"ညနေစောင်းလောက်မှ ဆက်ပါလား သားကြီးရယ်။ ခဏတစ်ဖြုတ် အနားယူလိုက်ဦးလေ"

သူ 'ဟုတ်ကဲ့' လိုက်သည်။

"တစ်အောင့်နေရင် ရေချိုး"

ဟု အမေပြော၏။ ညီမနှင့်ညီဖြစ်သူဘက်သို့လှည့်ကာ ...

"ညီလေးတို့က ဘယ်သွားမလို့လဲ"

"အစ်မကို လိုက်ပို့မလို့၊ အစ်မက ကွန်ပျူတာ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်း တက်နေတယ်။ ကျွန်တော်က ညကျမှ သွားရမှာ။ ဒီနေ့ည ခရီးထွက်ရမယ်''

''ညီလေးက ဘယ်မှာလုပ်နေတာ''

ဟု သူ့လုပ်ငန်းဌာနကို မေ့လျော့နေသဖြင့် ပြန်မေးဖြစ်သည်။

''စတိုးဆိုင်မှာလုပ်နေတာ။ နယ်ဆိုင်ခွဲတွေကို ပစ္စည်းသွားပို့ ရင် ကျွန်တော်ပါ လိုက်သွားရတယ်''

''အင်း၊ ကောင်းတယ်'' ဟု သူပြောသည်။

မျိုးမျိုးမြင့်အကြောင်းကို မိသားစုတွေနှင့် စကားဖောင်မဖွဲ့ လိုက်ရသဖြင့် ရင်မှာ လစ်ဟာနေသလို ခံစားရ၏။

●

ရေချိုးနေစဉ်၊ ရေချိုးပြီး အနားယူနေစဉ် အတွေးပေါင်းစုံလွင့်ပျံ့သည်။ နိုင်ငံရပ်ခြား၌ အချိန်ပြည့်နီးပါး ပင်ပန်းခဲ့ရခြင်းတွေ၊ နိုင်ငံသားအချင်းချင်း ပျော်ပွဲရွှင်ပွဲတွေမှာ တွေ့ကြုံခင်မင်ခဲ့ပုံတွေ၊ အခန်းဖော်အချင်းချင်း ကူညီရိုင်းပင်းကြပုံတွေကို သတိတရ ဖြစ်နေချေသေးသည်။





အဖေ ပင်စင်မယူခင်အထိ သူ၏ကျောင်းသားဘဝ၊ မိဘနှစ်ပါး၏ ကျေပွန်ခဲ့သောဝတ္တရား၊ သူ၏ ကြိုးပမ်းမှုတွေကို ပြန်စဉ်းစားခဲ့သမျှ ယခုတိုင် အမောပြေစရာမရှိသေး။ အဖေ့၏ပင်စင်လစာ၊ အမေ့၏ ပင်စင်လစာ၊ ကျောင်းတက်ရင်း စက်ချုပ်ခဲ့သော ညီမ၏ဝင်ငွေ၊ ဆယ်တန်းအောင်ပြီးစ ညီငယ်၏ဝင်ငွေ၊ သူ၏ ရှာဖွေမှုတို့ကြောင့် မိသားစုချောင်လည်ခဲ့ရသည်တို့ကို တွေးကြည့်မိတော့မှ အမောပြေသလို ခံစားရ၏။

ကျော်သက်နိုင်နှင့်သူ ဘွဲ့ရပြီးသည်အထိ သူက အလုပ်လက်မဲ့။ ကျော်သက်နိုင်ကတော့ ယခင်ကတည်းက ယခုလက်ရှိအလုပ်ကို လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော သုံးနှစ်ကာလက အဖေ ပင်စင်ယူပြီးခါစ ကျော်သက်နိုင်လို ဝင်ငွေမျိုးပင် သူ့မှာမရှိသေး။

●

စတိုးဆိုင်တစ်ဆိုင်တွင် သူ အလုပ်ဝင်လုပ်ခဲ့သည်။ မျိုးမျိုးမြင့်က စတိုးဆိုင်ပိုင်ရှင်၏ညီမ။ ငွေလက်ခံစားပွဲတွင် ထိုင်ရသူ၊ စတိုးဆိုင်တွင် သုံးလမျှ လုပ်ကိုင်ရင်း အရောင်းဝန်ထမ်းများကို ဦးဆောင်ရ



www.burmeseclassic.com

www.burmeseclassic.com



သူအဖြစ် သူ လုပ်ကိုင်ခဲ့ရသည်။

မျိုးမျိုးမြင့်သည် ရုပ်ရည်အသင့်အတင့် ရှိ၏။ ဝတ်စားဆင်ယင်မှု ခေတ်မီသည်။ အစ်ကိုဖြစ်သူနှင့် အတူနေသည်။ သူ့ထက် အသက်လေးငါးနှစ်ခန့် ငယ်ပေလိမ့်မည်။ ပြောဆိုဆက်ဆံရင်းမှ အတန်းပညာမပြည့်စုံသူဟု သူသိခဲ့ရ၏။

မျိုးမျိုးမြင့်က လူမှုဆက်ဆံရေး ကျွမ်းကျင်သည်။ စကားနည်းသော သူ့ကိုပင် ရယ်အောင် ပြုံးအောင် ပြောဆိုနောက်ပြောင်တတ်သည်။ ခြောက်လခန့်အကြာတွင် မျိုးမျိုးမြင့်အား သူ ချစ်စကားပြောဖြစ်၏။ သူ့ချစ်စကားအပေါ် မျိုးမျိုးမြင့်က အထင်မသေး၊ မပစ်ပယ်။

ရည်းစားတစ်ဦးရှိခဲ့ဖူးကြောင်း မျိုးမျိုးမြင့် သူ့ကိုအသိပေးသည်။ သိလျှင်သိချင်း ချစ်သူ၏ အတိတ်ကာလအပေါ် ဝန်တို တ,သမိခဲ့၏။ သူ့အား ချစ်သူအဖြစ် လက်ခံပြီးသည့်နောက်ပိုင်းတွင် မျိုးမျိုးမြင့်၏ ဝတ်စားဆင်ယင်မှု၊ နေထိုင်ပြောဆိုမှုတို့ မသိမသာ ပြောင်းလဲခဲ့သည်။

ချစ်သူရည်းစား အနီးအပါးတွင် ရှိနေသည်ကို ထောက်ထားသောအားဖြင့် အခြားသော သူစိမ်းအမျိုးသားများအပေါ် ယခင်ကလို စကားတွေ မဖောင်ဖွဲ့တော့။ ထို့ကြောင့် သူ စိတ်နှလုံးချမ်းမြေ့ခဲ့ရသည်။ ချစ်သူကို ပို၍ အချစ်တိုးခဲ့ရသည်။





သူနှင့်မျိုးမျိုးမြင့်တို့ ရည်ငံနေပြီကို ရိပ်စားမိသောကြောင့် မျိုးမျိုးမြင့်၏အစ်ကို ကိုနေမျိုးက တစ်ခုသောညနေခင်းတွင် သူ့အား တွေ့ဆုံဆွေးနွေးခဲ့၏။

"မိဘမရှိတော့ဘူးဆိုတော့ ကိုယ်က မိမျိုးရဲ့ အုပ်ထိန်းသူပေါ့ကွာ။ မင်းရဲ့အနေအထိုင်ကို ကိုယ်သဘောကျတယ်။ အဆင့်အတန်းမတူလို့ သဘောမတူတာတို့ ဘာတို့ ကိုယ့်မှာမရှိဘူး"

သူ့မိတတွေ၏ အမည်နာမ၊ အလုပ်အကိုင်တွေကို ကိုနေမျိုး မေးမြန်းသည်။ အဖေ့အလုပ်အကိုင်၊ အဖေ့၏ရာထူး၊ အဖေ၏ ဂုဏ်သိက္ခာတို့ကြောင့် သူ့အနေဖြင့် ပြောဆိုဆွေးနွေးခဲ့ရသမျှ မျက်နှာမငယ်ခဲ့။

"မင်း မဆင်းရဲပါဘူး။ ငယ်သေးတာပဲ။ ကြိုးစားချိန်တွေ အများကြီးရှိတယ်၊ ရင်းရင်းနှီးနှီး မေးမယ်ကွာ။ မင်း မိမျိုးကို တကယ်မြတ်နိုးတာမဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆို မင်း အလုပ်ကြိုးစားရမယ်။ ကိုယ်ပြောတာ အဓိပ္ပာယ်ရှိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်။ ကျွန်တော်လက်ခံပါတယ်"

"ဒါဆို မင်းကို ကိုယ်ကူညီချင်တယ်။ မင်း လက်ခံမလား"

"ကျွန်တော်လက်ခံနိုင်တဲ့ အကူအညီမျိုးဆို ရင် ကျွန်တော် မငြင်းပါဘူး"

"မိန်းမတစ်ယောက်ကို တင့်တောင့်တင့်တယ် လက်တွဲနိုင်ဖို့ မင်း ငွေရှာရမယ်။ ကိုယ့်ညီမရဲ့ချစ်သူ ရည်းစားမို့ ကိုယ် အကူအညီပေးတယ်လို့လည်း မင်း ယူဆနိုင်တယ်။ ဒါမှမဟုတ် ကူညီသင့်တဲ့သူမို့ အကူ အညီပေးတယ်လို့လည်း မင်း ယူဆနိုင်တယ်။

ကိုယ် မင်းကို စင်ကာပူပို့ပေးမယ်။ အဲဒီမှာ မင်း အလုပ်သွားလုပ်ပါ။ ဘယ့်နှယ်လဲ၊ မင်း လက်ခံ မလား"

သူ တွေဝေသွားခဲ့သေးသည်။

ဘာပြန်ပြောရမည်မှန်း မသိသေးခင် ကိုနေမျိုးက ...

"အဲဒီကိုသွားတဲ့ ကုန်ကျစရိတ်တို့ ဘာတို့ မင်း ကိုယ့်ကို ပြန်ပေးစရာမလိုဘူး။ မင်းနဲ့မိမျိုးတို့ နှစ်ယောက်အတွက် ကိုယ် ကူညီတာ"





"ကျွန်တော်"

"ပြောပါ။ ပွင့်ပွင့်လင်းလင်းပြော။ ကိုယ့်မိဘ တွေ ရှိနေခဲ့ရင်တောင် ဒီလိုအခြေအနေမျိုးကို ဖန်တီး ပေးလိမ့်မယ်လို့ ကိုယ် မထင်ဘူး။ ကိုယ့်မိဘက အဆင့်အတန်းခွဲတတ်တယ်"

"ကျွန်တော့်မိဘတွေနဲ့ တိုင်ပင်ပါရစေ"

"ကောင်းတယ်။ ကိုယ် သာဓုခေါ်တယ်။ မိဘကို ဦးထိပ်ထားတဲ့အတွက် မင်း ကံကောင်းမှာ ပါ"

"ကျေးဇူးတင်ပါတယ် အစ်ကို"

"ဟိုမှာ ရှာဖွေပြီး ပြန်လာတဲ့အခါ လက်ထပ်ဖို့ တို့ ဘာတို့ကတော့ မင်းနဲ့မိမျိုးတို့ သဘောပေါ့။

ကိုယ့်ညီမက အသက်နှစ်ဆယ်လောက်ပဲ ရှိ သေးတာဆိုတော့ သူ့အပေါ် အလေးအနက်မထား တဲ့လူစားမျိုးနဲ့ တွေ့သွားမှာစိုးရိမ်တာတော့ အမှန်ပဲ ကွာ။

ကိုယ့်ညီမရဲ့ ရေရေးအတွက် မင်းကိုယုံကြည် အားကိုးတာလည်း ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ထိုင်တည်းတွင် စဥ်းစားခန်းတွေ များစွာပျံ့ကျဲသွားသည်။ ပျော်ရွှင်ကြည်နူးခြင်းမျိုး မဟုတ်ဘဲ ရင်ကို တလှပ်လှပ်ခုန်စေသော ခံစားမှုကိုသာ သူ ခံစားခဲ့ရ၏။

အပြန်လမ်းတစ်လျှောက်လုံး ချစ်သူထားခဲ့မိခြင်းကို မှားသလား၊ မှန်သလားဟု ထပ်ခါထပ်ခါ တွေးတောလိုက်မိသည်။ မည်သို့မျှ ထင်မှတ်မထားသော ဘဝအချိုးအကွေ့။

■



(၄)

အဖေနှင့်အမေကို တိုင်ပင်အသိပေးလိုက်သည့်အခါ သူ့မှာ ချစ်သူရည်းစားတစ်ဦး ရှိနေသည်ဟု အသိပေးလိုက်သကဲ့သို့ ဖြစ်ခဲ့ရ၏။

သူပြောပြသည်ကို အဖေက ပြုံးလျက် နားထောင်သည်။ အမေက မျက်နှာမကောင်း၊ မနှစ်မြို့သော မျက်နှာမျိုးမဟုတ်ဘဲ သားဖြစ်သူ၌ အခြားတစ်ပါးသော ခင်တွယ်စရာရှိနေခြင်းကို သိကြားလိုက်ရသည့် မိခင်တို့၏ မျက်နှာမျိုးသာ ဖြစ်သည်။

ညီဖြစ်သူက ဘာမျှဝင်မပြော။ ညီမဖြစ်သူက ...

"တချို့ အလုပ်ရှင်တွေဆိုရင် အစ်ကို့ကို အလုပ်ထုတ်ပစ်လိုက်မှာ အမှန်ပဲ"

"အင်း" ဟုသာ သူ အသံပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက အဲဒီ မျိုးမျိုးမြင့်ဆိုတာကို ယူရမှာ ပေါ့နော်"

သူ ခေါင်းညိတ်သည်။

"သူက ညီမထက် အသက်ငယ်ဦးမလားပဲ"

"ငယ်လိမ့်မယ်" ဟု သူပြော၏။ အဖေက ...

"အဖေတို့ကိုတော့ ဘာမှထည့်မတွက်ပါနဲ့။ အဖေတို့မိသားစုက စားလောက်သောက်လောက်နေ တာပဲ။

အဖေတို့ အမေတို့ ရှိရှိ၊ မရှိရှိ ကိုယ့်ဘဝကို ကိုယ်ထူထောင်ကြရမှာပဲ။ သားရဲ့လုပ်စာ၊ သားရဲ့ဝင် ငွေကို အဖေ အသိအမှတ်ပြုတယ်။

ဒါပေမဲ့ အဲဒီအပေါ်မှာ ရကောင်းစေဆိုတဲ့ စိတ်ဆန္ဒမရှိဘူး သား။ သားဆန္ဒအတိုင်းပဲ ဆုံးဖြတ် ပါ"

"အမေကရော"

အမေ့မျက်နှာကိုကြည့်၍ သူမေးသည်။

"အမေ ဘာမှ အကြံမပေးတတ်ဘူးသားရဲ့၊ အမေ့ရင်ထဲမှာ သားကြီးမှာ ရည်းစားရှိနေတယ်လို့





ကြားလိုက်ရလို့ နှမြောစိတ်ဖြစ်မိတာပဲရှိတယ်။

ကျန်တဲ့ကိစ္စကတော့ သား ဘာပဲလုပ်လုပ် အမေ မကန့်ကွက်ပါဘူး"

အပြုံးပါးပါးလေးဖြင့် အမေပြောသည်။

"မင်းတို့ကရော" ဟု ညီနှင့်ညီမဘက်သို့ လှည့်ကာ သူမေး သည်။ ညီက ...

"ကိုကြီးကလည်း မေးနေဖို့မလိုပါဘူး။ ကိုကြီး ဆန္ဒ ညီလေးတို့ဆန္ဒပဲဟာ"

ညီမက ...

"ပြန်လာလာချင်း အစ်ကိုက မိန်းမ တန်းယူရ မှာလား"

သူ ပြုံး၏။

"အဲဒါကတော့ ကာယကံရှင်နှစ်ယောက်ရဲ့ သဘောပဲတဲ့။ ဒါပေမဲ့ ပြန်လာလာချင်း မဟုတ်ရင် တောင် ပြန်လာပြီး မကြာခင် ယူစေချင်မှာပေါ့"

အဖေက ...

"ကဲပါ သားကြီးရယ်၊ မိဘ .. မိသားစုကို တိုင်တိုင်ပင်ပင်ရှိတာ အဖေ အများကြီးဝမ်းသာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရပ်ခြားမှာ အလုပ်လုပ်ရမှာဆိုတော့ ကြီးစားသလောက် ဝင်ငွေများများရမှာ အမှန်ပဲ။ ဘာမှ တွေဝေမနေနဲ့။

အခွင့်အရေးဆိုတာ နှစ်ခါမရဘူး။ သွားသာ သွားပစ်လိုက်တော့''

လမ်းဖွင့်ပေးလိုက်သောစကားဟု သူ နားလည်သည်။

''အလုပ်လုပ်လို့ရတဲ့ ဝင်ငွေကို အဖေတို့ အမေတို့ဆီ ပို့ရမယ်ဆိုမှ သားလက်ခံမှာပါ''

အဖေက . . .

''ပြေလည်အောင်ညှိနှိုင်းပေါ့သားရယ်။ ပို့ခွင့်ရတယ်ဆိုရင်တောင် သားပို့သမျှကို အဖေတို့ သိမ်းထားပေးမှာပါ''

ညီက . . .

''ကျွန်တော် တစ်ခုတွေးမိတယ်၊ ကိုကြီး''

''ဘာလဲ''

ဟု ညီမက ဝင်မေးသည်။

''ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို အဲဒီ ကိုနေမျိုးဆိုတဲ့လူကြီးက သူ့ညီမနဲ့ ကိုကြီးနဲ့ကို သဘော





မတူလို့ အချိုသတ်တဲ့အနေနဲ့ ကိုကြီးကို နိုင်ငံခြားပို့ဖို့ စီစဉ်တာများလား''

အားလုံးရယ်မောကြလေသည်။ ညီမက . . .

''ဟဲ့ ကျော်လင်း၊ အဲဒီအခါကျတော့လည်း ငါတို့အစ်ကို နိုင်ငံခြားဖဟာသုတရှာရတာ အမြတ်ပေါ့''

သူ ပြုံး၏။

ညီဖြစ်သူ စိုးရိမ်သည့်အတွေးမျိုးကို သူ လုံးဝမတွေးမိခဲ့။ စိုးရိမ်တတ်ရန်ကောဟု စိတ်မှပြောပြီး ညီဖြစ်သူမျက်နှာကို ကြည့်လိုက်မိသည်။

အေးချမ်းသာယာသည့် မိသားစုအခြေအနေသည် သူ့ကြောင့် မည်သို့မျှ အရာမယွင်းခဲ့။ ထိုကိစ္စကို ကျော်သက်ခိုင်အား အသိပေးစဉ်က မည်သို့သောဆုံးဖြတ်ချက်မျိုးကိုမျှ ကျော်သက်ခိုင် မပေးခဲ့။

●

ပြည်ပသို့ထွက်ခွာရန် လိုအပ်သောကိစ္စအဝဝကို ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသောအခါ သူ့အိမ်သို့ ကျော်သက်နိုင် အလည်လာသည်။

အိမ်၏အပြင်ဘက် မြေကွက်လပ်ရှိ ခုံတန်းလျားတွင် အမေ သုပ်ပေးသော လက်ဖက်သုပ်ကို အတူစားသည်။ ခွေးခြေပေါ်ရှိ လင်ပန်းထဲမှ ဓာတ်ဘူးအဖုံးကိုဖွင့်ပြီး ခွက်ငယ်တစ်ခွက်အတွင်း ရေနွေးငှဲ့ပြီး ကျော်သက်နိုင်က ...

"မင်း သွားဖို့ အားလုံးအဆင်ပြေပြီလား"

"ပြေပြီ"

ဓာတ်ဘူးအဖုံးကို ပိတ်သည်။ ရေနွေးခွက်ထဲမှ အပူငွေ့တွေကို ဖြည်းညင်းစွာမှုတ်ပြီး အနည်းငယ်သောက်သည်။ ကျော်သက်နိုင် တစ်ခုခု ဆက်ပြောမည်အထင်နှင့် စကားသံကို ငံ့လင့်နေမိသော်လည်း မည်သည့်စကားသံမျှ ထပ်မံမကြားရသဖြင့် သူ မျက်မှောင်ကြုတ်လေ၏။ ပြီးမှ ...

"ငါ နိုင်ငံခြားသွားတာ မှန်မှမှန်ရဲ့လား ကျော်သက်နိုင်"

"အပြီးသွားတာမဟုတ်ရင် မမှားဘူး"

"ဒါဆို မှန်တယ်ပေါ့။ ငါဆုံးဖြတ်တဲ့ကိစ္စ မှန်တယ်ပေါ့။ ဟုတ်လားသူငယ်ချင်း"

"ငါ မမှားဘူးလို့ပဲ ပြောတာလေ၊ ထက်စိုး"





"ငါသွားတာ မင်း သဘောမကျဘူးလား ကျော်သက်နိုင်"

"ငါ မင်းကို အရက်ဝယ်တိုက်ဖူးလား"

"မတိုက်ဖူးဘူး"

"ငါ အရက်သောက်လား"

"မသောက်ဘူး"

"အေး။ ငါက ငါမသောက်တဲ့အရက်ကို သူတစ်ပါးလည်း မသောက်စေချင်သလိုပဲ၊ ငါမသွားတဲ့ နိုင်ငံခြားကို သူတစ်ပါးကိုလည်း မသွားစေချင်ဘူး။

အထူးသဖြင့် နိုင်ငံခြားမှာ အလုပ်သွားလုပ်တယ်ဆိုတဲ့ စကားသံကို ငါ လုံးဝမကြားချင်ဘူး။ အလည်အပတ်သွားတာတို့၊ လေ့လာတာတို့၊ ပညာတော်သင်သွားတာတို့ အဲဒါမျိုးကို ငါ မကန့်ကွက်ဘူး။

အလုပ်သွားလုပ်တယ်ဆိုရအောင် မြန်မာပြည်မှာ အလုပ်တွေ ရှားနေလို့လား"

"အလုပ်တော့ မရှားဘူးပေါ့ကွာ၊ ဒါပေမဲ့ ကြီးပွားရာ ကြီးပွားကြောင်း"

"ကြီးပွားချင်ရင် အလုပ်များများ လုပ်ပေါ့ကွ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားမှာပဲဖြစ်ဖြစ်၊ မြန်မာပြည်မှာပဲဖြစ်ဖြစ် ကြိုးစားရင် ချမ်းသာမှာပဲ''

''မင်းပြောတာ မှန်ပါတယ်ကွာ။ ငါက မင်းဆီက ထောက်ခံမဲလေး တစ်မဲလောက်များ ရမလားလို့ မေးမိတာပါ''

''ငါ မင်းကို မကန့်ကွက်ပါဘူး''

''မကန့်ကွက်ဘူးဆိုပေမယ့် မင်းက အပြည့်အဝ ထောက်ခံတာမှ မဟုတ်ဘဲ''

''ထက်စိုး''

ရေနွေးပန်းကန်ကို တန်းလျားလက်တန်းပေါ်တွင်တင်ပြီး ကျော်သက်ခိုင် သူ့အမည်ကိုခေါ်ကာ ငဲ့ကြည့်နေ၏။

''ပြော''

''မင်း နိုင်ငံခြားသွားတာ မိန်းမယူဖို့ ငွေသွားရှာသလို ဖြစ်နေတယ်။ ဂုဏ်ယူစရာမကောင်းဘူး''

သူ ခေါင်းခါလိုက်သေးသည်။ ပြီးမှ . . .

''ငါ အဖေအမေအတွက်''

ကျော်သက်ခိုင် လက်ကာသည်။

''ပြန်လာရင် လက်ထပ်ကြရမှာပဲမဟုတ်လား''





''အဲဒါတော့ ဟုတ်တယ်လေ''

''ဝက်မွေးတဲ့လူက ဝက်ကို အစာများများ ကျွေးတာ၊ စေတနာကြီးလွန်းလို့ မဟုတ်ဘူး။ ပြန်ရောင်းရင် အသားများများတိုးပြီး ငွေများများရအောင် လို့ ကျွေးတာကွ''

''အဲဒါနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ''

''နှမယူတဲ့လင်က ငွေကောင်းကောင်းရှာနိုင်မှ အစ်ကိုလုပ်တဲ့လူက နှမပေးရတာ မျက်နှာပန်းလှမှာ ပေါ့''

''မင်းစကားကလည်း ကြမ်းလိုက်တာ''

''မင်းကို ငါ အကြံမပေးနိုင်ခဲ့ဘူးလေ၊ ဆုံးဖြတ်ချက် မပေးဖြစ်ခဲ့ဘူး၊ အဲဒါကြောင့် ဝေဖန်ချက် ပေးနေတာ၊ ဝေဖန်တယ်ဆိုတာ ပြင်းပြင်းထန်ထန် ဝေဖန်မှ ကွက်ကွက်ကွင်းကွင်း ထိရောက်မှာကွ။

မင်း ယောက်ဖလောင်းက ငွေထုတ်ပေးတာ စေတနာမှန်လည်း ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ အဲဒီထောက်ပံ့ငွေက သူ့နှမရည်းစားကို ထောက်ပံ့တာကွ။ ဝက်မွေးတဲ့လူက ဝက်ကို



www.burmeseclassic.com

www.burmeseclassic.com



အသားတိုးအောင် အစာကျွေးတာနဲ့ မတူဘူးလား"

ပြောပြီး ကျော်သက်နိုင် တဟားဟားရယ်သည်။ သူစိတ်ဆိုးခြင်းမဖြစ်။

အရယ်ရပ်ပြီး ကျော်သက်နိုင်က ...

"ဆက်ပြီး ဝေဖန်လိုက်ပါဦးမယ်။ မင်း အခုနိုင်ငံခြားသွားတာ ချစ်သူအတွက် သွားတာလိုလို၊ မိဘ ညီအစ်ကိုမောင်နှမအတွက် သွားတာလိုလိုနဲ့ ဇဝေဇဝါ။

ချစ်သူကောင်းစားဖို့အတွက် ဝေးတစ်မြေကို ထွက်ပြီး စွန့်စားရတာလား၊ မိသားစုအကျိုးအတွက်ပဲ အနစ်နာခံလိုက်တာလား။ ဘာလဲ၊ ငါကတော့ အမြင်မရှင်းဘူး"

အိမ်ဝင်းတံခါးဘက်သို့ သူငေးကြည့်ရင်း ...

"အမှန်အတိုင်း ဝန်ခံရရင် နှစ်ခုစလုံးအတွက် ငါသွားမှာ"

"သူတစ်ပါးအထောက်အပံ့လို့ မင်း မယူဆဘူးလား ထက်စိုး"

"ငါ ပြန်ပေးဖို့ စဉ်းစားထားတယ်"





ခုံတန်းလျားလက်တန်းပေါ်ရှိ ရေနွေးခွက်ကို ကျော်သက်နိုင် ဝှပ်ခနဲ သောက်ချလိုက်ပြီး ...

"ငါသာ မင်းနေရာမှာဆိုရင် ဘယ်သူ့အပေါ်ပဲဖြစ်ဖြစ်၊ ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားကို တစ်သက်လုံး ပြောနေရတဲ့အလုပ်မျိုးကို လုပ်ဖြစ်မှာမဟုတ်ဘူး"

"ကျော်သက်နိုင်၊ ငါသွားရမယ့်ခရီးကတော့ ကန့်ကွက်မဲ တစ်မဲကို မသိချင်ယောင်ဆောင်ပြီး သွားရသလို ဖြစ်နေပြီနဲ့တူတယ်"

"ငါ မင်းကို မကန့်ကွက်ပါဘူး။ ဝေဖန်နေတာပါ။ မေးပါရစေဦး။ မင်းကို ဘယ်သူတွေက ထောက်ခံလို့လဲ"

သူ ပြုံးလျက် ...

"မျိုးရယ်၊ အဖေရယ်၊ အမေရယ်၊ ညီမရယ်၊ ညီရယ်"

ကျော်သက်နိုင်က ...

"မျိုးမျိုးမြင့်တော့ ထားလိုက်ပါတော့။ မင်းချစ်သူ။ မင်း ဘာလုပ်လုပ် ထောက်ခံမှာပါ။ ကျန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေက မင်းစိတ်ဖြောင့်အောင်လို့ ထောက်ခံစကား၊ အားပေးစကားတွေ တဖွဖွပြောပြီး ရင်ထဲက ကန့်ကွက်ချင်နေရင်ကော မင်း သိနိုင်ပါ့မလား''

သူ ခေါင်းကုတ်လေသည်။

''တက္ကသိုလ်က ဘွဲ့တစ်ဘွဲ့ရထားပြီးတဲ့ သား၊ မောင်နှမထဲမှာ အကြီးဆုံး သား။

အဲဒီသားက ကောင်မလေးတစ်ယောက်ကို တင့်တောင့်တင့်တယ်ထားနိုင်ဖို့ မိဘတွေကိုပစ်ပြီး ငွေသွားရှာရမယ့်ကိစ္စကို ဘယ်မိဘက ထောက်ခံချင်မှာလဲ။

ဒါတောင် အဲဒီခေတ်ပညာတတ်သားကြီးက အိမ်ထောင်ဖက်အဖြစ် ရည်ရွယ်ထားတာ ဆယ်တန်းသုံးခါကျထားတဲ့ မိန်းကလေးဆိုတဲ့အကြောင်းရပ်ကို ငါ ထည့်မတွေးထားသေးဘူးနော်''

''မင်းပြောတာတွေ အားလုံးမှန်ပါတယ် သူငယ်ချင်းရယ်။ ဒါပေမဲ့ ငါ သွားဖို့ အဆင်သင့်ဖြစ်နေပြီ''

''မင်းကို မသွားဖို့ ပြောနေတာ မဟုတ်ပါဘူး။





မင်း ကိုယ့်ကိုယ်ကို မမြင်မှာစိုးလို့ ငါ ဘေးကနေ ဝေဖန်ပြတာပါ''

''ငါ ကျေးဇူးတင်ပါတယ်'' ဟု သူ ပြောသည်။

ငြိမ်းချမ်းဖွယ်ကောင်းသော ကျော်သက်နိုင်၏ ဝတ်ဆင်၊ နေထိုင်၊ ရှာဖွေ၊ ရပ်တည်မှုမျိုးကို စိတ်ထဲမှ တမ်းတကြည့်မိလိုက်သေး၏။

■



www.burmeseclassic.com

www.burmeseclassic.com

## (၅)

မျိုးမျိုးမြင့်သည် ကိုယ်နေဟန် လွန်စွာလှ၏။ အသားဖြူသည်။ ပြုံးရယ်လိုက်သောအခါ မြင်ရသူရင်ကို လှိုက်ဖိုစေသည်။ လက်ဝဲဘက်အပေါ်ယံသွားတန်းများအနက် သွားစွယ်လေးတစ်ချောင်းသည် အလှကျူပစ္စည်းတစ်ခုပမာ ရှိနေ၏။ အောက်နှုတ်ခမ်းသည် အနည်းငယ်မျှ ထူသယောင်ရှိသော်လည်း နှုတ်ခမ်းဆိုးဆေးဖြင့် ထိန်းကွပ်ပြင်ဆင်လိုက်သည့်အခါ မည်သို့မျှ အရာမယွင်းသော နှုတ်ခမ်းပါးလေး ဖြစ်သွားသည်။

မျက်ခုံးသည် ထင်းလွန်းသည်မဟုတ်၊ ပါးလှပ်သွယ်တန်းသောသဏ္ဌာန်၊ မျက်ဝန်းသည် လွန်စွာတောက်ပလွန်း၏။ မျက်တောင်တို့သည် မရှည်လျားသော်လည်း ညီညာစွာကော့ပျံနေသည်။ နက်



www.burmeseclassic.com

www.burmeseclassic.com



မှောင်လွန်းသော ဆံကေသာမဟုတ်သော်လည်း ခေတ်မီစွာ ပြင်ဆင်ထားတတ်သဖြင့် ဆံပင်အလှသည်ပင်လျှင် တစ်မျိုးတစ်ဖုံ အလှပိုနေသေးသည်။

ငယ်ရွယ်သူဖြစ်သဖြင့် ဆံပင်ခပ်တိုတိုကလေးကပင်လျှင် အရွယ်ကို ပို၍ ပျိုစေသည်။ ရယ်မောသည့်အခါ ကလေးငယ်ပမာ ပျိုမျစ်လွန်း၏။

''မျိုး''

ရင်ခွင်၌ မှီနွဲ့ကာ မော့ကြည့်သော မျက်ဝန်းလေးက ချစ်သူ့ရင်ကို ညွှတ်ပျောင်းစေ၏။

''ကိုယ့်ဆီကို စာမှန်မှန်ရေးနော်။ ဖုန်းလည်း မကြာမကြာ ဆက်နော်''

''ဟုတ်ကဲ့ပါ''

''ကိုယ် မျိုးကို အရမ်းသတိရနေမှာ''

''မျိုးလည်း အတူတူပါပဲ ကိုရယ်''

''ကိုယ်လေ မျိုးနဲ့ လက်ထပ်သွားချင်တယ်''

''ပြန်လာရင် လက်ထပ်မှာလေ'' ဟု မျိုးမျိုးမြင့်ပြောသည်။ သူက ...

''ပြန်လာရင်လက်ထပ်မယ်ဆိုတာက မင်္ဂလာ





ဆောင်မယ့် အစီအစဉ်။ အခု လက်ထပ်သွားချင်တယ်ဆိုတာက တရားရုံးမှာ လက်ထပ်စာချုပ်တွေဘာတွေနဲ့ လက်မှတ်ထိုးသွားချင်တယ်လို့ ပြောတာ''

''ကိုကို ဆူနေဦးမယ်။ သည်းတယ်လို့ ပြောနေဦးမယ်''

''ကိုနေမျိုးကို အသိမပေးဘဲ။ နှစ်ဦးသဘောတူ လက်မှတ်ထိုးထားမယ်လေ''

''ကိုရယ် ဘာဖြစ်လို့ ဒီလောက်တောင် လောနေရတာလဲ။ ကိုနဲ့ မျိုးနဲ့ ချစ်သူတွေ။ ကို နိုင်ငံခြားကပြန်လာရင် လက်ထပ်ကြရမယ်ဆိုတာ နှစ်ဖက်အသိုင်းအဝိုင်း၊ နှစ်ဖက်ပတ်ဝန်းကျင် သိနေကြပြီပဲ။ ဘာကို စိတ်မချဖြစ်နေတာလဲလို့''

ရင်ခွင်မှ ခွာထွက်ပြီး သူ့မျက်နှာကို အသေအချာကြည့်လျက်မေး၏။

''ဘာလဲ။ မျိုးကို မယုံလို့လား။ အဲဒီလို အယုံအကြည်မရှိဘူး၊ စိတ်မချဘူးဆိုရင် မျိုးအနားကနေကို ဘယ်မှမသွားနဲ့တော့''

စိဘ်ဆိုးဟန်တမင်ပြု၍ ပြောမှန်းသိသော်လည်း စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



သော အမှုအရာတွင် တကာယ့်စိတ်ဆိုးစရာ ပါဝင်နေပြီဟု သူသိလိုက်၏။

"မျိုးကို မယုံလို့မှ မဟုတ်ဘဲ။ ကိုယ့်ဘာသာ အလိုလိုနေရင်း စိုးရိမ်နေတာ။ စိုးရိမ်ခွင့်မရှိဘူးလား မျိုးရယ်"

"မစိုးရိမ်နဲ့ မပြောပါဘူး။ စိုးရိမ်ပါ။ ဒါပေမဲ့ မျိုးနေခဲ့ရမှာက တစ်ယောက်တည်းနေခဲ့ရမှာ မဟုတ်ဘူး။

ကိုကိုနဲ့ နေခဲ့ရမှာ။ အဲဒါ ဘာစိတ်မချစရာ ရှိလဲ။ ပြီးတော့ စာချုပ်မှာ လက်မှတ်ထိုးမှ ကိုက မျိုးကိုပိုင်ဆိုင်မယ်လို့ ထင်နေတာ၊ အဲဒါကို မျိုး မကျေနပ်ဘူး"

မျက်ရည်လဲ့ မျက်ဝန်းလှကိုကြည့်လျှက် သူ စိတ်မကောင်း ဖြစ်ရပြန်သည်။

"ကဲပါ မျိုးရယ်။ စိတ်မကောင်းမဖြစ်ပါနဲ့။ စိတ်လည်း မဆိုးပါနဲ့။ ကိုယ် ဆန္ဒစောသွားတယ်။ စကားလောသွားတယ်။ စိတ် မဆိုးပါနဲ့တော့နော်"

မကျသေးသောမျက်ရည်ကို ကြိုတင်ကာဆီးနိုင်လိုက်သဖြင့်





ကိုယ့်ကိုယ်ကိုယ် တယ်ဟုတ်ပါလားဟု သူ တွေးလိုက်သေးသည်။

"မျိုး"

ရီဝေသောဟန်ဖြင့် သူ့ကို ငဲ့ကြည့်၏။

"ကိုယ် မျိုးကို နှုတ်ဆက်ပါရစေ"

ရင်ခွင်ချင်းနီးကပ်သွားသောအခါ ချစ်သူ၏နဖူးလေးပေါ်သို့ လိပ်ပြာတစ်ကောင် နိုနားသွားသည်။

"ဒါ ကိုယ့်ရဲ့ နှုတ်ဆက်အနမ်းနော်။ ကိုယ် ပြန်လာရင် ဒီ ပါးကွက်ပါးပါးလေးပေါ်မှာ"

မျိုးမျိုးမြင့်က မျက်နှာကို လက်ဝါးဖြင့်ပိတ်ပြီး ...

"သွား။ ဘာမှန်းလဲ မသိဘူး"

ရင်ဘတ်ကို တွန်းထုတ်လိုက်သော်လည်း တွန်းကန်သော လက်သွယ်ချောင်းများသည်ပင်လျှင် ရင်ခွင်သို့ နိုဝင်လာချေ၏။ ရှက်ပြုံးဟူသောအရာကို ချစ်သူ၏ သွားတက်ကလေးအား အစွန်အဖျားမျှ မြင်လိုက်ရသည့်အခါကျမှ ရင်ခုန်စွာ မြင်ဖူးခဲ့ရပြီ။

လက်ချင်းနှစ်သွယ် ဆုပ်ကိုင်သည်။

ကိုယ်ချင်းနှနယ် ယှက်သွယ်သည်။

ပါးချင်းနှစ်ထပ် နှင်းကပ်သည်။

မျက်ဝန်းနှစ်စုံ ရင်ခုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ချင်းနှစ်မြွှာ ကြင်နာသည်။
အကြင်နာဘက် လည်ချင်းယှက်ကာ
ရွှေလက်လေးတွဲ မြဲခဲ့၏။

●

သူ့မိသားစုနှင့် မျိုးမျိုးမြင့်ကို မိတ်ဆက်ပေးစဉ်က မိသားတစ်စုလုံး ပျူပျူငှာငှာရှိခဲ့သည့်အတွက် ရင်အေးခဲ့ရ၏။ လေယာဉ်ကွင်းသို့ ဆင်းသည့်နေ့ကျမှ မျိုးမျိုးမြင့်ကို ကျော်သက်ခိုင်နှင့် မိတ်ဆက်ပေးဖြစ်သည်။

ဘတ်(စ်)ကားပေါ်အတက် လေယာဉ်ပေါ်အတက်တို့တွင် နှုတ်ဆက်လက်ပြသူများရှိရာသို့ ပြန်လည်လက်ပြခဲ့သည်အထိ စိတ်လက်ပေါ့ပါးနေသယောင် ရှိခဲ့သည်။

လေယာဉ်နှင့်မြေပြင် ကင်းကွာလေသောအခါကျမှ သံယောဇဉ်ရှိရာအားလုံးနှင့် ကင်းကွာသွားပြီ ဟူသောအသိကြောင့် ရင်စိတ်ထဲတွင် လေးပင်ကြေကွဲခဲ့ရသည်။

အလွမ်းဟူသော ဘာသာစကားသည် ထိုစဉ်အခါကျမှ သူ့





ထံသို့ ထုထည်ကြီးမားစွာ ဝင်ရောက်စိုးမိုးခဲ့လေ၏။

●

ကိုနေမျိုး၏ ဆက်သွယ်စီစဉ်ပေးမှုကြောင့် အစစအရာရာ အဆင်ပြေချောမောခဲ့သည်။ နေထိုင်စရာ အဆင်သင့်၊ အလုပ်အကိုင် အဆင်သင့်။ တစ်ပါးနိုင်ငံတွင် မျက်နှာငယ်ခြင်း အလျဉ်းမရှိခဲ့။

အားလုံးအဆင်ပြေကြောင်းကို မိသားစုအားလည်းကောင်း၊ ကိုနေမျိုးအားလည်းကောင်း၊ မျိုးမျိုးမြင့်အားလည်းကောင်း သူစာရေးခဲ့သည်။ သတိရကြောင်း၊ လွမ်းဆွတ်ကြောင်းကို အဖေအမေထံသို့ မရေးဖြစ်အောင် တမင်ဆင်ခြင်နိုင်သော်လည်း မျိုးမျိုးမြင့်ထံ ရေးသော စာထဲ၌မူ အလွမ်းစကားတို့ ပြည့်သိပ်နေလေသည်။

ကို . . .

*မျိုးလည်း အရမ်းလွမ်းပါတယ်။ **စနေနေ့ရောက်တိုင်း** မျိုးဘုရားတက်တယ်။ ကိုမွေးနံ့ထောင့်မှာ ပန်း ရေချမ်း ဆီမီး ကပ်လှူတယ်။*



www.burmeseclassic.com

www.burmeseclassic.com



ကိုရယ် ...

'ဘဝအရေးတွေးလို့ ခဏလေးဝေးဖို့' ဆိုတဲ့ သီချင်းစာသားကိုပဲ အငှားသုံးလိုက်ပါတယ်။ ကို နေကောင်းအောင် နေနော်။

ကို့ရဲ့

မျိုး'

●

ဘောဂဗေဒဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သူ၊ ကမ္ဘာသုံးဘာသာစကားကို ပြောဆိုနိုင်သူဖြစ်သည်က တစ်ကြောင်း၊ ကိုနေမျိုး၏ သူငယ်ချင်း ကိုစိုးခင်ဆိုသူက ဆေးဝါးကုမ္ပဏီတစ်ခုတွင် အရောင်းမန်နေဂျာအဖြစ် တာဝန်ယူနေရသည်ကတစ်ကြောင်းကြောင့် ထိုကုမ္ပဏီတွင် အရောင်းမြှင့်တင်ရေးဝန်ထမ်းအဖြစ် သူ အလုပ်ရခဲ့သည်။

တစ်နှစ်ခန့်ကာလအတွင်း အဖေအမေထံသို့လည်းကောင်း၊ မျိုးမျိုးမြင့်ထံသို့လည်းကောင်း ငွေကြေးမြောက်မြားစွာ ပို့နိုင်ခဲ့သည်။

အလုပ်ချိန် ခေတ္တရပ်နားစဉ်တိုင်း မြန်မာပြည်မှဖုန်းကို မျှော်သည်။ အဆင်သင့်သောအခါတိုင်း မျိုးမျိုးမြင့်နှင့် ဖုန်းပြောခွင့်ရ၏။





တစ်ခါတစ်ရံ အမေက သတိရသောကြောင့်ဟုဆိုကာ နီးစပ်ရာနေရာမှ သူ့ထံသို့ ဖုန်းဆက်စကားပြောသေးသည်။

လုပ်ဖော်ကိုင်ဖက်များနှင့်လည်းကောင်း၊ မြန်မာ့ပွဲလမ်းသဘင်အချို့တွင် ပျော်ရွှင်ခဲ့ခြင်းဖြင့်လည်းကောင်း အိမ်အပြန်လွမ်းတစိတ်ကို စဉ်းငယ်မျှ ဖြေပျောက်နိုင်ခဲ့သည်။

အနာဂတ်ကာလသို့ မျှော်ရည်ကြိုးပမ်းခဲ့သောကြောင့် ပစ္စုပ္ပန်ကာလ၏ ပင်ပန်းမှုကို မောပန်းစရာဟုပင် သူ မထင်မှတ်တော့ချေ။

■



www.burmeseclassic.com

www.burmeseclassic.com

## (၆)

စိတ်မဆိုးစေလိုကြောင်း၊ စော်ကားခြင်း မဟုတ်ပါကြောင်း စာရေးသားပြီး ကိုနေမျိုး၏ ကူညီပံ့ပိုးမှုငွေကြေးကို မျိုးမျိုးမြင့်မှ တစ်ဆင့် ကိုနေမျိုးထံသို့ သူပေးပို့ခဲ့၏။ ထိုငွေကို မျိုးမျိုးမြင့်မှတစ်ဆင့် သူ့မိသားစုထံသို့ ကိုနေမျိုးက သွားရောက်ပေးပို့နိုင်ကြောင်း မျိုးမျိုးမြင့် ရေးသောစာထဲတွင် ဖတ်ရသည်။ ကိုနေမျိုး စိတ်ဆိုးလိမ့်မည်ဟုဆိုကာ မျိုးမျိုးမြင့် လာရောက်ပြောပြသဖြင့် ပြန်ပေးသောငွေကို လက်ခံထားရကြောင်း အမေနှင့်ညီမ ရေးသောစာထဲတွင် ဖတ်ရသည်။

ထို့နောက် ကိုနေမျိုးထံသို့ တောင်းပန်စာတစ်စောင်ကို နူးညွတ်စွာ သူရေးလိုက်ရ၏။

●



www.burmeseclassic.com

www.burmeseclassic.com



မကြာမီကာလအတွင်း အစာအိမ်သွေးကြောပေါက်သော အဖြစ်ဆိုးဖြင့် ကိုနေမျိုး ဆုံးပါးခဲ့သည်။ ရက်လည်ပြီးသည့်နေ့ကျမှ သူ့ထံသို့ အကြောင်းကြားကြ၏။ သူ ပြန်လာမည်ဟု ပြောသောအခါ အားလုံးက တားဆီးကြ၏။

"ကိုကိုက သေသေချာချာ မှာသွားတာ။ ဆေးရုံပေါ်မှာ ရှိနေတုန်းကတည်းက ကို့ဆီကို လုံးဝ အကြောင်းမကြားနိုင်းဘူး။ သူသေသွားခဲ့ရင်တောင် အကြောင်းမကြားနဲ့တဲ့။ အလုပ်ပျက် အကိုင်ပျက် ပြန်လာနေဦးမယ်တဲ့။ ပြန်မလာစေနဲ့ဦးတဲ့။ ကို ခဏ။ ဒီမှာ အမေနဲ့ ပြောလိုက်ဦး"

အမေ့အသံကို ကြားရသည်။

"ဟုတ်တယ် သား။ သားပြန်လာလည်း သား အလုပ်ပျက်မှာပေါ့။ မောင်ကျော်သက်နိုင်ကလည်း မှာတယ်။ မပျော်တဲ့အခါ၊ အလုပ်အကိုင် အဆင်မပြေတဲ့အခါမှ ပြန်လာစေချင်တယ်တဲ့"

"ကောင်မလေးကို သား စိတ်မချဘူး အမေ"





အမေ ပြုံးလိမ့်မည်ထင်၏။

"သမီးကို စိတ်မချလို့တဲ့" ဟူသော အမေ့အသံကို သဲ့သဲ့မျှ ကြားရပြီး မျိုးမျိုးမြင့်၏အသံကို ကြားရသည်။

"ကို ဘာကို စိတ်မချတာလဲ"

"မျိုးတစ်ယောက်တည်းလေ"

"မျိုးက ကလေးပေါက်စနလေးမှ မဟုတ်တဲ့ ကိုရဲ့။ ကို အရမ်းပြန်လာချင်တယ်ဆိုရင်တော့ ပြန်လာလေ။ မျိုးကို စိတ်မချတာတစ်ခုတည်းနဲ့တော့ ပြန်မလာစေချင်ဘူး ကို"

သူ အတန်ငယ် စဉ်းစားသည်။ ပြီးမှ ...

"မျိုး နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ကျန်းမာရေးကို ဂရုစိုက်နော် မျိုး"

"စိတ်ချပါ ကိုရဲ့"

"အိမ်လုပ်ငန်းတွေ ဘယ်လိုဆက်လုပ်ကြသလဲ"

"ရတယ် ကို။ အဆင်ပြေတယ်။ ကိုကို့ဖနီး ဆက်လုပ်နေတယ်။ မျိုးက နဂိုအတိုင်းပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမရှိတော့ ပိုပြီးဦးစီးရမှာပေါ့။ မျိုးအတွက် သိပ် အခက်အခဲဖြစ်မှ ကိုကို မျိုးလှမ်းခေါ်လိုက်မယ်လေ။ အခု ပြန်မလာနဲ့ဦးနော် ကို''

''ကောင်းပါပြီ မျိုးရယ်'' ဟု သူ ပြောလိုက်ရတော့သည်။ ချစ်သူနှင့်ကွေကွင်းနေရခြင်း ဒုက္ခထက် ပူပန်ခြင်းဆင်းရဲက ပိုမိုလွန်ကဲခဲ့လေသည်။

နှစ်နှစ်ပြည့်သည့် အချိန်ကာလလောက်တွင် ချစ်သူနှစ်ဦးကြား၌ အစဉ်အလာအချို့ ပျက်ယွင်းခဲ့သည်။ ဥပမာ ... သူ့မွေးနေ့၌ မျိုးမျိုးမြင့်၏ လက်ဆောင်တစ်ခုခု ပို့ပေးသောအလေ့အထသည် ယခုနှစ်တွင် အလုပ်များလွန်းသဖြင့် မေ့လျော့သွားသည်ဟု မျိုးမျိုးမြင့်ဆို၏။ တောင်းပန်စာရေး၏။

နှစ်ပတ်တစ်ခါလောက် ဖုန်းဆက်သော အလေ့အထသည် အလုပ်များလွန်းသည်ဆိုသော ထိုအကြောင်းပြချက်ထဲ၌ ခဏခဏ တိမ်မြုပ်ခံရ၏။ မျှော်လင့်သောအခါ မျှော်လင့်သောအရာ ပေါ်မလာ





သဖြင့် အနေဝေးသည်ကိုတွေးပြီး သောကဝန် ပို၍လေးခဲ့ရသည်။

အခန်းဖော်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေအား ရင်ဖွင့်ပြောပြသောအခါ ချစ်သူ၏ ခြေလှမ်းပျက်သော ခလေ့စရိုက်ဟု သမုတ်ကြ၏။ ထင်မြင်ဝေဖန်ချက်ပေးကြ၏။ ဒါကို သူ ငြင်းဆန်ချင်သည်။

အမေ့စာ၊ ညီမ၏စာထဲတွင် ချစ်သူ၏ အစဉ်အလာလျော့ပါးဟန်ကို တစေ့တစောင်း တွေ့ရသည်။ ခန့်မှန်းသိဖြင့် စိုးရိမ်ရသည်။

တယ်လီဖုန်းမှ စကားပြောခွင့်ရသော ကာလငယ်အတွင်း သာယာသော၊ ချိုမြိန်ဖွယ်စကားတို့ကိုသာ ကြားလို၊ သိလို၊ ပြောလိုသဖြင့် ချစ်သူချင်း အခန့်မသင့်စရာ သံသယအမေးစကားတို့ကို ရင်နင့်လျက် မျိုချနှုတ်ပိတ်ခဲ့ရသည်။

''ဘာဖြစ်လို့ ဖုန်းမှန်မှန်မဆက်တာလဲ''

ဟူသော အမေးစကားအစား ...

''မျိုး ဖုန်းခဏခဏဆက်နော်''

ဟု သူပြောသည်။ ချစ်သူ့ထံတွင် ဖုန်းခေါ်ရတာခက်တယ် ဟူသော အကြောင်းပြချက်က အဆင်သင့်။

''ကိုယ် ဖုန်းဆက်တာ ညဘက်၊ အိမ်မှာမရှိရအောင် ဘယ်သွားနေလို့လဲ'' ဟု မေးမြန်းရမည့်အစား ...

''ကိုယ်က မျိုးရှိမယ်ထင်ပြီး ညက ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ မျိုး မရှိဘူးဆိုတော့ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ရင်ထဲမှာ ပိုလွမ်းသွားရတယ်"

ဟု သက်သောင့်သက်သာ ဝေဒနာစကားကို ပြောခဲ့ရ၏။

"လူမှုရေးကိစ္စတွေက အခုမှ ပိုများလာတယ်။ အသိတစ်ယောက်ရဲ့မွေးနေ့ကိုသွားနေတာ" ဟူသော ဆင်ခြင်ပေးခြင်းက ချစ်သူ့နှုတ်ခမ်းထက်တွင် အရန်သင့် ရှိနေနိုင်ပြန်၏။

●

သူငယ်ချင်းဖြစ်သူ ကျော်သက်ခိုင်အနေဖြင့်လည်း စာအရေးပျင်းသူဖြစ်သည့်အပြင် မည်သူ့ကိစ္စတွင်မှ မြင်သမျှ၊ ကြားသမျှ၊ သိသမျှ၊ ထင်သမျှကို တော်ရုံတန်ရုံဖြင့် တိုက်ရိုက်အသိပေးမည့်သူ မဟုတ်ချေ။

တစ်ခုခုဖြစ်နေပြီဟူသော စိုးရိမ်ခန့်မှန်းစိတ်ကြောင့်သာ မြန်မာပြည်သို့ သူပြန်လာခြင်းဖြစ်သည်။

ငွေကြေးဖူလုံခဲ့သည်ကတစ်ကြောင်း၊ သွားလာရတာ အဆင်ပြေစေသည့် အခြေအနေကြောင့်တစ်ကြောင်းကြောင့်သာ သူ ပြန်လာနိုင်ခြင်းဖြစ်သည်။

သွားလာ ဝင်ထွက်ရသည်ကလည်း အဆင်မပြေ၊ ငွေကြေးကလည်း မွဲမွဲတေတေဆိုလျှင်မူ ပျံချင်ပါလျက် အပျံခက်သော၊ ကူးချင်ပါလျက် အကူးခက်သော အတောင်မရှိတဲ့ငှက်၊ ရေမရှိတဲ့ ငါးပမာ မလှုးသာ မလွန့်သာ၊ မပျံနိုင် မသက်နိုင်ဖြင့် သူ ပိုမို၍ အနေခက်ရပေလိမ့်မည်။

အခုတော့ ချစ်သူ၏ အကြင်နာရွှေလက်သည်သာ အနေခက်ခဲ၊ ကံအားနည်းသော သူ့အား ဆွဲထူ ကူမ ထူထပေးနိုင်ပေလိမ့်မည်။ ထိုသို့သော ယုံကြည်သဖြင့် ချစ်သူနှင့်သာ သူတွေ့လိုသည်။

စာမစေ၊ သတင်းမပါးဘဲ ပြန်လာသောသူ့အား မြင်လျှင်မြင်ချင်း ချစ်သူ အံ့ဩပေလိမ့်မည်။ ချစ်သူ ဝမ်းသာပေလိမ့်မည်။ လွမ်းစရာတွေ ပြည့်နှက်ခဲ့သော နေ့ရက်တွေအကြောင်း ရင်ခွင်သို့ ခေါင်းငှဲလျက် ချစ်သူ သူ့အား ပြောကြားပေလိမ့်မည်။

ယခု လောလောဆယ် ...

ချစ်သူကိုသာ တွေ့လိုသည်။

■







www.burmeseclassic.com

www.burmeseclassic.com

(၇)

ဖုန်းကိုဆက်မည်ဟု စဉ်းစားသေးသည်။

သူ့အသံကို ကြားလျှင်ကြားချင်း ပြည်ပမှ ဆက်သွယ်နေသည်ဟု ထင်မှတ်နေပေဦးမည်။ ထိုအခါ မြန်မာပြည်သို့ ပြန်ရောက်နေခြင်း ဖြစ်ကြောင်း အသိပေးရပေဦးမည်။ ထိုအခါ ချစ်သူ အံ့သြမှု လျော့ပါး နိုင်လေ၏။

ထို့ကြောင့် . . .

အံ့သြလိုသောစိတ်ကြောင့် ခေတ္တသာအနားယူပြီး မျိုးမျိုးမြင့် ရှိရာ စတိုးဆိုင်သို့ သူထွက်ခဲ့၏။ စောစောက ဖုန်းဆက်လိုစိတ်ကို 'ညနေမှ ဆက်ပါလား' ဟုပြောသော အမေ့အကြံဉာဏ်က အဟန့်အတားပြုသလို ဖြစ်ခဲ့ခြင်းကြောင့်သာ ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ဖုန်းမဆက်ဖြစ်သည်ကိုက ပျော်စရာ၊ ပြုံးစရာ၊ ချစ်သူအတွက် ရုတ်တရက် အံ့သြစရာ။

●

ကိုနေမျိုး၏ဖနီးနှင့် သူ တရင်းတနှီးမရှိ၊ မြင်ဖူးတွေ့ဖူးရုံသာရှိသည်။

စတိုးဆိုင်ထဲသို့ ဝင်လျှင်ဝင်ချင်း မျိုးမျိုးမြင့်ကို မတွေ့ရ။ ကိုနေမျိုး၏ဖနီးကို မျိုးမျိုးမြင့်ထိုင်နေကျ စားပွဲမျိုးတွင်သာ တွေ့ရသည်။ ဆိုင်မှာမတွေ့သဖြင့် 'အိမ်မှာပဲနေတယ် ထင်တယ်' ဟု တွေးမိသေး၏။

အရောင်းဝန်ထမ်းတွေအနက် မျက်နှာသစ်တွေက ပိုများသည်။ သူ့ကို တချို့ကမမှတ်မိ။ သူရှိခဲ့စဉ်က မျက်နှာတွေကို အနည်းငယ်သာ သူမြင်သည်။

ထိုသူတို့ကို သူ ပြုံးပြသောအခါကျမှ မှတ်မိသွားကြဟန်တူ၏။ ဝယ်သူ ကြည့်သူတွေနှင့် အလုပ်ရှုပ်နေမည်ကို သိသော်လည်း ဆန္ဒဇောကြောင့် ကိုနေမျိုး၏ဖနီးထံသို့ တိုက်ရိုက်ဝင်မေးလိုက်မိသည်၊





''အစ်မ၊ ပျိုး မျိုးမျိုးမြင့်ရှိလား''

သူ့ကို အသေအချာကြည့်သည်၊ ပြုံးခြင်း ရယ်ခြင်းမရှိ။

''ကျွန်တော်ထက်စိုးပါ''

''ြော်''

ဖက်လှဲတကင်း မရှိသည့်မှာ မရင်းနှီးခဲ့ခြင်းကြောင့်ဟု သူ နားလည်၏။

''ထိုင်''

အနီးရှိ ခုံတစ်ခုတွင် သူ ထိုင်သည်။

ကိုနေမျိုး၏ဖနီးက …

''ဘယ်နေ့က ပြန်ရောက်တာလဲ''

''ဒီနေ့ပဲ ရောက်တာ။ အစ်ကိုဆုံးတုန်းက ကျွန်တော် ပြန်လာမလို့၊ ဒါပေမဲ့ အစ်ကို မလာစေချင်ဘူးလို့ မှာခဲ့တယ်ဆိုတာနဲ့''

''ဟုတ်တယ်။ မင်း အလုပ်ပျက်မှာ သူစိုးရိမ်တယ်။ အစ်မကိုလည်း မင်းဆီ အကြောင်းမကြားဖို့ မှာသေးတယ်၊ ဒါနဲ့ မင်း အဆင်မပြေလို့ ပြန်လာတာ များလား''

''မဟုတ်ဘူး အစ်မ''



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာရခြင်းအကြောင်းကို အတိအကျပြောပြရန် စကားလုံးကို သူ ရုတ်တရက် ရှာကြံ၍မရ။

"သတိရလို့နဲ့တူတယ်" ဟု ကိုနေမျိုး၏ဇနီးက စကားထောက်ပေး၏။

"ဟုတ်တယ်အစ်မ၊ ကျွန်တော် မျိုးကိုတွေ့ချင်လို့၊ အခု ဘယ်သွားလဲမသိဘူး"

"ခဏ"

ဝန်ထမ်းများဘက် လှည့်ကြည့်သည်။ ပြီးမှ ...

"ဟေ့ သော်သော်"

ကောင်မလေးတစ်ယောက်ကို လက်ယပ်ခေါ်၏။ အနားသို့ ကောင်မလေးရောက်လာသောအခါ ...

"မျိုးမျိုးမြင့် ဘယ်သွားလဲ"

"မသိဘူး မမ။ မမကို ပြောမသွားဘူးလား"

"ပြောသွားတယ်။ အပြင်ခဏသွားမယ်ပဲ ပြောသွားတာ။ သွား၊ နီလာ့ကို သွားမေးကြည့်စမ်း"

သော်သော်ဆိုသော ကောင်မလေးထွက်သွားရာသို့ သူ လှမ်းကြည့်နေမိ၏။ အခြားကောင်မလေးတစ်ယောက်အား မေးမြန်းသည်ကို တွေ့သည်။





ခဏကြာသောအခါ သော်သော် ပြန်ရောက်လာပြီး ...

"ဇာနည်နဲ့ ချိန်းထားလို့တဲ့။ ဇာနည်တို့အိမ် သွားတယ် ထင်တယ်"

ရင်ထဲ ထိတ်ခနဲ ဖြစ်မိသည်။

"ဇာနည်ဆိုတာ ဘယ်သူလဲ"

မမေးသင့်သေးမှန်းသိပါလျက် ဟန်မဆောင်နိုင်ဘဲ ရုတ်တရက် မေးမြန်းလိုက်မိသည်။ ကိုနေမျိုး၏ဇနီးနှင့် သော်သော်ဟုခေါ်သော ကောင်မလေးတို့ရှိနေကြရာ မည်သူ့ကိုမေးမြန်းလိုက်သလဲဟုပင် ကိုယ့်ကိုယ်ကိုယ် မသိတော့။

"ဒီဆိုင်က အလုပ်သမားပါ။ အလုပ်သမားဟောင်း ဆိုပါတော့။ အလုပ်ထုတ်ပစ်လိုက်တာ နှစ်လလောက်ရှိပြီ"

"ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ" တွေ ဆက်တိုက်မေးမြန်းချင်သည်။

"သော်သော်၊ သွားတော့။ တကယ်လို့ မျိုးမျိုးမြင့်ဖုန်းဆက်ရင် ကိုထက်စိုးရောက်နေတယ်လို့ ပြောလိုက်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သော်သော် ထွက်ခွာသွားပြီးနောက် ...

"စိတ်မရှိနဲ့နော် အစ်မ၊ အစ်မနာမည် ဘယ်သူလဲ၊ ကျွန်တော်က အစ်ကိုနဲ့ပဲ ရင်းနှီးခဲ့တာဆိုတော့"

"ဆွေဆွေတင့်" ဟု ကိုနေမျိုး၏ဇနီးက ပြုံးလျက်ပြောသည်။

"ကျွန်တော် ဘာကူညီရဦးမလဲ"

"လောလောဆယ် အဆင်ပြေပါတယ်" ဟု မဆွေဆွေတင့် ပြောသည်။ သူက ...

"ဒါဆို ကျွန်တော်ပြန်လိုက်ဦးမယ်"

"မစောင့်တော့ဘူးလား။ ခဏနေရင် ဆိုင်ပိတ်တော့မှာပဲ။ အိမ်က လိုက်စောင့်ရင် စောင့်ပေါ့"

ဘာကို ဘယ်လိုဆုံးဖြတ်ရမည်မှန်း မသိတော့ချေ။

"ကျွန်တော် ညကျမှပဲ အိမ်ကိုလာတော့မယ်"

"အင်း၊ ကောင်းပြီ။ အစ်မ ပြောထားလိုက်မယ်"

"ကလေးတွေရော နေကောင်းလား"

"ကောင်းတယ်။ ကျောင်းအပို့အကြိုတော့





ကိုယ်တိုင်လုပ် ပေးနိုင်တယ်။ ကျန်တဲ့အချိန်တော့ အိမ်ဖော်နဲ့ပဲ ထားရတာပေါ့။ ကိုနေမျိုးရှိတုန်းကတော့ အစ်မက အိမ်တွင်းပုန်းလေ"

ပြုံးလျက်ပြော၏။

"ကျွန်တော်သွားမယ် အစ်မ၊ ညကျမှ လာခဲ့တော့မယ်"

ဟုပြောပြီး သူထွက်ခဲ့သည်။ မျက်နှာသိတွေကို ပြုံးပြနှုတ်ဆက်ခဲ့သေး၏။

"အဲဒါ ကိုထက်စိုးလေ။ မျိုးမျိုးမြင့်နဲ့ စေ့စပ်ထားတာ" ဟူသော စကားသံသဲ့သဲ့ကိုလည်း ကြားခဲ့ရသေးသည်။

■



www.burmeseclassic.com

www.burmeseclassic.com

(၈)

နေဝင်သွားသည်အထိ ရန်ကုန်မြို့လယ်ရှိ နေရာတော်တော်များများသို့ သူ ခြေလျင်လျှောက်သွားဖြစ်သည်။ အရာရာ ပြောင်းလဲနေသယောင်၊ မြင်တွေ့ခံစားရသည်။ ချစ်သူကိုလည်း မည်သို့များပြောင်းလဲနေမလဲ၊ တွေးသိချင်၏။

ဘာလက်ဆောင်ပစ္စည်းမျှ သယ်ဆောင်မလာခဲ့ခြင်းကို အပြစ်ဆိုလေမလား။ သတိရလွန်းသူ၏ စိုးရိမ်ကြောင့်ကြခြင်းကို ချစ်သူနားလည်နိုင်ပါ့မလား။ ပြန်လာရခြင်း၏ အကြောင်းဇစ်မြစ်ကို ချစ်သူရင်၌ မြင်သာစာနာအောင် ပြောပြနိုင်စွမ်းတွေ ရှိလိမ့်မည်မဟုတ်ဟု ကိုယ့်ကိုယ်ကိုယ် သိထား၏။

''စိတ်မချလို့ ပြန်လာတာပါ'' ဟု ဆိုလျှင်ပင် ကိုယ့်ချို့



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကို ထိပါးစော်ကားခြင်းဟု ချစ်သူ ယိုးစွပ်ပေလိမ့်မည်။

ဖျိုငယ်သူမှ် စိတ်ဆိုးမာန်ဆိုး ပြောဆိုဆူကြိမ်းသည်ကို ခံယူနိုင်သော်လည်း စိတ်ပြေအောင်၊ ပြုံးရွှင်အောင် တောင်းပန်ရမည့်စကားကို ကျွမ်းကျင်စွာ သူပြောတတ်လိမ့်မည် မဟုတ်ချေ။

ရင်ထဲမှ အမှန်စကားကို ပေါ်လွင်အောင် မပြောတတ်ဘဲ နှုတ်တွေ့ရာစကားဖြင့်ပင် ပြောပြဖြစ်လိမ့်မည်ဟုလည်း ကိုယ့်ကိုယ်ကိုယ် သိနေသည်။ စိတ်ကောက်လျှင်လည်း မချော့တတ်၊ စိတ်ဆိုးလျှင်လည်း ပြုံးပျော်ကြည်သာလာသည်အထိ မကျီစယ်တတ်။

●

မျိုးမျိုးမြင့်၏ အိမ်ရှေ့သို့ အငှားကားထိုးရပ်ပြီး ထွက်ခွာသွားသည်အထိ သူ့အတွေးစတွေ မပြတ်သေးချေ။

ပြန်လာမည်ကိုသာ ကြိုတင်အကြောင်းကြားထားပါက မျိုးမျိုးမြင့် အပြင်သွားလိမ့်မည်မဟုတ်ဟု ဖြေသာစရာ သူတွေးသည်။

မျိုးမျိုးမြင့်ထံသို့ အဝင်၊ မတွေ့မမြင်ခဲ့ရကြောင်းကို ကျော်သက်ခိုင်ရှိရာ ပန်းဆိုးတမ်းလမ်း စာအုပ်အဟောင်းဆိုင်သို့သွားပြီး





ပြောပြရင်ဖွင့်မည်ဟု တွေးမိခဲ့သေးသည်။ ကျော်သက်ခိုင်ပြောမည့် ထိမိသော အခန့်စကားတို့၏ ဖိစီးဒဏ်ကို ခံနိုင်မည်မဟုတ်သော ကြောင့် ကျော်သက်ခိုင်၏ဆိုင်ဘက်သို့ သူ ခြေဦးမလှည့်ခဲ့။

"ဇာနည်နဲ့ချိန်းထားလို့တဲ့။ ဇာနည်တို့အိမ်သွားတယ်ထင်တယ်"

မွန်းလွဲပိုင်းက ကြားခဲ့ရသော သတင်းစကားသံသည် နေဝင်သွားပြီးသည်အထိ အကြားအာရုံထဲက မထွက်သေး။

သည်လိုပဲ အမြဲတမ်း သွားနေတတ်သလား၊ ဘာကိစ္စရှိလို့သွားတာလဲ စသဖြင့်တော့ အမေးစကားများကို မည်သူ့အား မေးလျှင်သင့်လျော်လေမလဲ။

မည်သူ့ကိုမှ မမေး၊ မည်သူကမှ မပြောဘဲ ချစ်သူကိုယ်တိုင်ပြောပြအသိပေးသော စကားကိုသာ အမှန်တကယ် ကြားသိချင်သည်။

"ဟော၊ မောင်ထက်စိုး၊ လာ ထိုင်"

မဆွေဆွေတင့်၏ ခရီးဦးကြိုသံ။ ခပ်လှမ်းလှမ်းရှိ ကတ္တီပါဆက်တီကြီးများပေါ်တွင် စကျက်နေကြသော မူလတန်းအရွယ်ကလေးနှစ်ယောက်ကို တွေ့ရသည်။

"မျိုး ပြန်ရောက်ပြီလား၊ အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ပြီ၊ အပေါ်မှာ"

သူ ဖိနပ်ချွတ်သည်။

"သူက အပေါ်မှာနေတာ။ အစ်မတို့မိသားစုက အောက်မှာ နေတာ။ အပေါ်တက်သွားမလား"

ဧည့်ခန်းနံရံရှိ ကိုနေမျိုး၏ဓာတ်ပုံတွေကို သူ လှမ်းကြည့်လိုက်သည်။ အနီးအပါးတွင် ကိုနေမျိုးရှိနေသည်ဟုပင် သူ သဘောထားချင်၏။

"ရတယ် အစ်မ၊ ကျွန်တော် ဒန်းစင်ကပဲ စောင့်လိုက်မယ်"

"ကောင်းပြီ"

ဖိနပ်ပြန်စီးသည်။ အိမ်၏ ဆင်ဝင်နံဘေးရှိ ဒန်းစင်ဘက်သို့ ထွက်ခဲ့၏။ သစ်ခွပင်တန်း၏ ခပ်လှမ်းလှမ်းရှိ မီးတိုင်အလင်းက ထိုနေရာအား အလင်းဖျော့စွာ တည်ရှိနေစေသည်။

ဒန်းစင်တွင် ထိုင်လျှင်ထိုင်ချင်း ဆောင်တော်ကူးပန်းရနံ့ကို သင်းသင်းသဲ့သဲ့မျှ ရသည်။

●





"ကို"ဟု ဝမ်းသာအားရ ခေါ်မြည်ကာ ပြေးလာမည်ဟု သူ မျှော်လင့်၏။ "ကို" ဟု အံ့သြလိုက်လှဲစွာ ငေးကြည့်လျက် ဝမ်းသာသော မျက်ရည်စတွေဖြင့် ရင်ခွင်သို့ခိုဝင်လာမည်ဟု သူ ထင်မှတ်သည်။

သို့သော် နူးညံ့သောလေအသွေ့၌ ပါးလှပ်သော စိတ်အသိကြောင့် အလင်းပါးပါးအောက်သို့ လှမ်းငဲ့ကြည့်သောအခါ နှစ်ကိုယ်တူမျှ ချစ်ကြင်ခဲ့ရသော ချစ်သူ၏ခြေလှမ်းတွေက အပြစ်ကျူးလွန်သူ ရာဇဝတ်သားတစ်ဦးထံသို့ စူးစမ်းလိုသောအလို့ငှာ ဣန္ဒြေသိက္ခာ အပြည့်ဖြင့် လှမ်းလျှောက်လာသော ကေရာဇ်တစ်ပါး၏ ခြေလှမ်းမျိုးတွေ ဖြစ်နေ၏။

ပြုံးပြနှုတ်ဆက်ဖို့ နေနေသာသာ ဒန်းစင်၌ ထိုင်သည်ကပင်လျှင် သူနှင့်ကင်းကွာစွာ စံတော်မူ၏။

"ကို" ဟု အိမ်ရှင်က မကြိုဆိုသဖြင့် သူက "မျိုး" ဟု ခေါ်မြည်ကာ ခစားလိုက်ရလေသည်။

"မျိုး၊ ဘယ်သွားနေတာလဲ၊ နေ့ခင်းက အဲ၊ ညနေက ကိုယ်လာသေးတယ်။ မျိုးမရှိတာနဲ့ အခု အိမ်ကို လိုက်လာတာ။ ပြန်လာချင်စေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်မှတောင် ပါမလာဘူး''

မည်သည့်တုံ့ပြန်စကားသံမျှ မကြားရ။

စိတ်ဆိုးနေတာ သေချာသည်။

''မျိုး ကိုယ့်ကို စကားမပြောဘူးလား။ ကိုယ်

က မျိုးကို အရမ်းသတိရလို့ ပြန်လာတာ''

ယခုမှ အနီးကပ်၍ အသေအချာကြည့်မိသည်။

ကျန်ခဲ့သော နှစ်နှစ်ကျော်လောက်ကလို ဆံပင်တိုလေး မဟုတ်တော့ဘဲ ဆံပင်တွေက ကျောလယ်လောက်အထိ နွယ်ခွေစွာ ပြေဆင်းနေသည်။ မျက်နှာလေး ပို၍ဝင်းလဲ့နေ၏။ ထို့မျှ ပိုလှနေမည်ဟု မတွေးထင်မိခဲ့။

အကြင်နာကြောင့် မမြင်တာကြာသောကာလတွေ၏ကိုယ်စား ပို၍လှလာသည်ဟု ကိုယ့်စိတ်ကပဲ ထင်နေတာများလား။ ကိုယ့်ကိုယ်ကိုယ် မေးကြည့်သေးသည်။ ချစ်သူချင်းမို့ ပိုလွန်းစွာ ထင်မြင်ခဲ့ခြင်း မဟုတ်။ အခြားသူတို့၏အမြင်တွင်လည်း ချစ်သူ ပို၍လှနေပါလိမ့်မည်။

အလှမဖွဲ့တတ်သော်လည်း ဟိုတုန်းကထက် ပိုလှနေသည်ကိုတော့ သူ သတိပြုမိ၏။

''ကိုယ် ပြန်ရတော့မှာလား''





''ပြန်''

အခြားသူတစ်ဦးတစ်ယောက်သာဆိုလျှင် ထို့ထက် နားဝင်ချိုမယ့် စကားလုံးကို သုံးနှုန်းပြီး ချစ်သူ၏နှုတ်ခမ်း အပြုံးပန်းလေးပွင့်လာအောင် စွမ်းဆောင်ခွန်းဟတတ်ပေမည်။

အခုတော့ ...

ဘာပြောရမှန်းမသိတော့သဖြင့် ပြန်ရတော့မလား မေးမိသူကို 'ပြန်' ဟု ဖြေရက်သောသူက ဖြေလိုက်သောအခါ သူက ပြန်ဖို့ရာဟန်မပြင်တော့ဘဲ အမှန်တကယ်ပင် ပြန်ဖို့အတွက် ဒန်းစင်ပေါ်မှ ထလိုက်၏။ ပြီးမှ ...

''အရမ်းတွေ့ချင်လို့ လာတာ။ ဘာ စိတ်ဆိုးနေမှန်းမသိတော့ ဘာပြောရမှန်း မသိတော့ဘူး။ မနက်ဖြန်မှပဲ လာတော့မယ်။ ထမင်း စားပြီးပြီလား''

''မစားရသေးဘူး''

သူ ခေါင်းကုတ်လေသည်။

စကားတစ်ခွန်းမျှ ပြန်မပြောခဲ့သူက ထမင်းစားပြီးပြီလားဟု ထမင်းစားချိန်မှန်း သတိပြုမိသဖြင့် မေးလိုက်ခြင်းကို 'မစားရသေးဘူး' ဟု ပြန်ဖြေသောအခါ သူ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မစားသေးတာလဲ။ အစားအသောက် အချိန်မမှန်ရင် အစာအိမ်ရောဂါ ဖြစ်တတ်တယ်"

"ဖြစ်ပလေ့စေ သေပလေ့စေ"

"စေတနာနဲ့ပြောတာ ဘာဖြစ်လို့ ပြန်အော်နေတာလဲ"

"အော်မယ်"

သွားဖို့ ခြေလှမ်းတစ်လှမ်းပြင်ပြီးမှ ခြေလှမ်းကို ပြန်ရုတ်ကာ ...

"ကိုယ် ဒီမှာ ပြန်ထိုင်ရမှာလား"

မေးပြီး ထိုင်မည်ပြုသည်။

"မထိုင်နဲ့"

သူ ကုန်းကွကွ ဖြစ်သွား၏။

"ပြန်မလို့ဆို ပြန်လေ"

"မျိုးက ကိုယ့်ကို စကားပြန်ပြောမယ်ဆိုရင်တော့ မပြန်ချင်ဘူးပေါ့"

မျက်စောင်းအထိုးခံလိုက်ရသည်ဟု သူ သိလိုက်၏။

"ပြန်လာမယ်ဆိုတာကိုတောင် မျိုးမှာ ကြို





သိခွင့်မရှိတော့ဘူးလား။ ဟုတ်လား"

"သြော် ... ပြန်လာတာ သူ့ကိုအကြောင်းမကြားဘဲ ပြန်လာမိလို့ကိုး" ဟု စိတ်ထဲမှ သိလိုက်သည်။

"လေယာဉ်လက်မှတ် အဆင်ပြေပြေချင်း ပြန်လာတာ။ မျိုးဆီကို ဖုန်းဆက်ချိန် မရလိုက်ဘူး"

နှုတ်တွေ့ရာ ပြောလိုက်ရသောစကား။

"ပြန်လာရတော့မလားတို့ ဘယ်နေ့ပြန်လာရမယ်တို့ ဘာကြောင့်ပြန်လာချင်တယ်ဆိုတာတောင် မျိုးနဲ့ မတိုင်ပင်တော့ဘူးလား ကို"

"မဟုတ်ပါဘူး မျိုးရယ်။ ကိုယ် မျိုးနဲ့မခွဲနိုင်လို့ ပြန်လာတာပါ"

"အပိုတွေ"

"မျိုး၊ ကိုယ်နဲ့တစ်ခုခု လိုက်စားပါလားဟင်"

"မလိုက်ဘူး"

"လိုက်ခဲ့ပါနော်။ ကိုယ် မျိုးနဲ့ စကားတွေ တစ်ဝကြီးပြောချင်လို့ပါ၊ နော် မျိုး၊ လိုက်ခဲ့နော်"

စိတ်ဆိုးနေဆဲရှိသော်လည်း စိတ်အဆိုးပြေတော့မည်ဟု သူ သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အဝင်ဝဘက်သို့ သူသွား၏။ မဆွေဆွေတင့်အား မျိုးမျိုးမြင့်ကို တစ်ခုခုသွားကျွေးမည်ဖြစ်သဖြင့် ခွင့်ပြုပါရန် သူအသိပေးသည်။ မဆွေဆွေတင့် ခေါင်းညိတ်၏။

သူ့ ခြေလှမ်းတွေ ပေါ့ပါးနေပြန်သေးသည်။

■



(၉)

သူက ညစာလိုက်ကျွေးခြင်းဖြစ်သော်လည်း မျိုးမျိုးမြင့်က ကားမောင်း၍ လိုက်ပို့ရလေသည်။ ကားမောင်းရင်း ...

''ကိုကို ပြောထားမယ်။ မျိုး အပြင်ထွက်ဖို့အတွက် ဆွေဆွေတင့်ဆီမှာ ကို ခွင့်တောင်းဖို့မလိုဘူး''

သူ ပြုံးလျက် ...

''သူက လူကြီးပဲ။ ကိုနေမျိုး မရှိတော့ပေမယ့် သူက အစ်မတစ်ယောက်လို''

''ကို၊ မျိုးစကားကိုပဲ လိုက်နာ။ ကိုကို မရှိတော့ပေမယ့် သူ့ကို အိမ်ထောင်ဦးစီးအဖြစ် မျိုး



www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်မပြုနိုင်ဘူး''

''ဘယ်လိုဖြစ်လို့လဲ မျိုးရယ်၊ သမီးယောက်မတွေ မတည့်ကြဘူးလား''

''မတည့်ဘူး။ အထူးသဖြင့် ကိုကိုဆုံးပြီးကတည်းက မျိုး သူ့ကိုမကြည့်ဘူး။ နေရာတကာ လက်ဝါးကြီးအုပ်ချင်နေပုံရတယ်''

ကားကို အရှိန်မြှင့်၍ မောင်းသည်။ အချက်ပြမီးပွိုင့်နီးသောအခါ အရှိန်လျှော့၏။

''ကိုနေမျိုး မရှိတော့ပေမယ့် စည်းစည်းလုံးလုံး နေသင့်တယ်လို့ ကိုယ်ယူဆတယ်''

''ဘယ်လိုမှ စည်းလုံးနိုင်မှာ မဟုတ်ဘူး။ ဆွေဆွေတင့်က အမွေခွဲခိုင်းနေတာ၊ ကို သိလို့လား''

''မသိဘူး'' ဟု သူဖြေလိုက်သည်။ အချက်ပြမီးပွိုင့်ကို ကျော်လွန်လာသောအခါ ကားကို ပုံမှန်အရှိန်ဖြင့်သာ မောင်းနေ၏။

''ပေးစရာရှိတာ ပေးလိုက်ပေါ့ မျိုးရယ်။ မျိုး မကျေနပ်စရာ ဘာရှိလို့လဲ''

''အခု မျိုး အပေါ်ထပ်မှာနေတယ်။ သူတို့မိသားစုက အောက်ထပ်။ ကားနှစ်စီးရှိတာ တစ်





ယောက် တစ်စီး၊ အတွင်းပစ္စည်းတွေကို တစ်ဝက်စီယူဖို့ကျတော့ သူက မုန်ဆိုးမတဲ့၊ တစ်ဝက်စီယူလို့ မဖြစ်ဘူးတဲ့''

သူ သက်ပြင်းချသည်။

''သူ့ယောက်ျား ရှာဖွေထားတဲ့ပစ္စည်းကို မျိုးလုံးဝ မျက်စောင်းမထိုးခဲ့ဘူး။ အခု သူ မျက်စောင်းထိုးနေတာ မျိုးတို့မိဘတွေရဲ့ ပစ္စည်း။ မျိုး ဘယ်လိုလုပ်သဒ္ဒါမှာလဲ ကိုရဲ့''

သူ အကြံမပြုတတ်။

''ကိုနေမျိုးရှိရင်တော့ င သလို့ မျိုးထင်သလဲ''

''မျိုး အိမ်ထောင်ပြုမှ အဲဒီကိစ္စကို စီမံရမယ်လို့ မိဘတွေက စာချုပ်စာတမ်းနဲ့ မျိုးဆီမှာ အပ်ထားခဲ့ပြီးသား။ မျိုး သဘောမတူဘဲ ဘယ်သူမှ ဘာမှလုပ်လို့မရဘူး''

''ဒုက္ခပဲ''

''ဘာကို ဒုက္ခတာလဲ ကို''

''ကိုယ် အခုပြန်လာတာ မျိုးနဲ့လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတာ။ သေသေချာချာတွေးကြည့်ရင် မျိုးကို ကိုယ်လက်ထပ်တာ အဲဒီကိစ္စတွေနဲ့ ပတ်သက်ချင်တဲ့ပုံစံမျိုး သက်ရောက်နေတယ်။

ကိုယ်က ဆင်းရဲပေမယ့် အဲဒီကိစ္စမျိုးတွေကို စိတ်မဝင်စားဘူးနော် မျိုး''

''အောင်မယ်လေး။ မျိုးကလည်း အခုလောလောဆယ် ကိုကို လက်မထပ်သေးပါဘူး။ လက်ထပ်ရင် အမွေခွဲပေးနေရလိမ့်မယ်။ ကိုနဲ့ချစ်သူအဖြစ်ပဲ နေချင်သေးတယ်''

''မျိုး''

တုန်လှုပ်စွာ အော်ခေါ်လိုက်မိသည်။

''ဘာဖြစ်လို့ အော်ရတာလဲ''

''မျိုးတို့ အိမ်တွင်းရေးကိစ္စက ကိုယ်နဲ့မျိုးနဲ့ နီးရဖို့ကိစ္စကို အဟန့်အတား ဖြစ်နေပြီလား''

''အဟန့်အတားရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မျိုး အိမ်ထောင်ပြုလိုက်တာနဲ့ ဆွေဆွေတင့် တောင်းဆိုတာကို အနည်းဆုံး တစ်ဝက်တိတိ ပေးရတော့မှာလေ။ ကံဆိုးရင်၊ သူလုလည်ကျရင် တစ်ဝက်





မက ပေးရမှာ''

''ပေးစရာရှိတာ ပေးလိုက်ပေါ့ မျိုးရယ်''

နှစ်ကိုယ်နီးဖို့ကိုသာ ရည်ရွယ်၍ သူ ပြောလိုက်ခြင်းဖြစ်၏။

''ဘာလဲ။ ကိုက အမွေခွဲစေချင်လို့လား''

''တောက်''

''ကို၊ ဘာဖြစ်လို့ တောက်ခေါက်တာလဲ''

''ဘာမှမဖြစ်ဘူး။ ကိုယ် မျိုးကို လက်ထပ်ချင်တာ မျိုးနဲ့နီးရဖို့ တစ်ခုတည်းပဲ။ ကျန်တာတွေကို ကိုယ် စိတ်မဝင်စားဘူး''

''ကိုရယ် လက်ထပ်မှ နီးရမှာမှမဟုတ်ဘဲ။ ကိုနဲ့မျိုးနဲ့က ချစ်သူတွေပဲဟာ။ လက်မထပ်ဘဲရော နီးလို့မရဘူးလား''

''ချစ်သူနဲ့ နီးရဖို့ ရှိတဲ့ဥစ္စာပစ္စည်းကိုပါ ကိုယ် စွန့်လွှတ်ရဲတယ် မျိုး။ မျိုးမှာ အဲဒီလိုစိတ်မျိုး မရှိဘူးလား''

''မရှိဘူး။ မျိုးရဲ့မိဘပစ္စည်းဟာ မျိုးတို့မောင်နှမအတွက်ပဲ ဖြစ်ရမယ်။ ဘယ်သူစိမ်းအတွက်မှ မဖြစ်စေရဘူး''



www.burmeseclassic.com

www.burmeseclassic.com



သူ အံကြိတ်သည်။

မျိုးမျိုးမြင့် သူ့ကို ငဲ့ကြည့်ပြီး ပြုံးနေ၏။

"မျိုးကတော့ တတ်နိုင်ရင် ဆွေဆွေတင့် လက်ထဲကို တစ်ရွေးသားလောက်တောင် မထည့်ချင်ဘူး။ သူ့သေသွားရင် ပိုတောင်ကောင်းဦးမယ်။ မသေရင်လည်း မရမက ပြန်လုရမှာပဲ"

"မျိုး မှားနေပြီ။ စိတ်ထားတွေ ခက်ထန်နေပြီကွယ်။ အမွေဆိုတာ တစ်ယောက်နဲ့တစ်ယောက် လုယက်နေရမယ့်အရာ မဟုတ်ဘူး။ ထိန်းသိမ်းရမယ့်အရာ။

အမွေလုတယ်ဆိုတာ ခွေးစားခွက်ကို ဝိုင်းပြီး လုနေတဲ့ လမ်းဘေးက ခွေးလေခွေးလွင့်တွေရဲ့ အလေ့အထမျိုးနဲ့ တူတတ်တယ်"

"မျိုးကို ခွေးနဲ့မနှိုင်းနဲ့နော် ကို။ ကို့ကို မျိုး စိတ်ဆိုးနေတာ ထပ်ပြီးစိတ်ဆိုးအောင် မလုပ်နဲ့။ ဒါပဲ"

ဘာစကားမျှ သူ ပြန်မပြောဖြစ်တော့ချေ။ မီးရောင်စုံ ထွန်းထားသည့် ခြံဝင်းကျယ်တစ်ခုအတွင်းသို့ ကားကို ချိုးကွေ့လိုက်သည်။ နာမည်ကြီးဟိုတယ်တစ်ခုဟု သိလိုက်၏။





သူ့ကိုယ်တိုင် ညစာမစားရသေးသော်လည်း ညစာစားလို စိတ် မရှိတော့ချေ။ ရင်ထဲမှာ မောလျှစွာ ပြည့်သိပ်နေ၏။ မတွေ့မမြင်ရသည့် ကာလများအတွင်း ချစ်သူခက်ထန်နေချေပြီ။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

မှာယူထားသော အစားအစာများ စားပွဲပေါ်သို့ စုံလင်စွာ ရောက်ရှိနေသည်အထိ မည်သည့်စကားမျှ သူ မပြောသေး။ ချစ်သူ မျက်နှာလေးအား ကြည့်ငေးနေခြင်းဖြင့် အလွမ်းတွေ ဖြေနေမိသည်။ အကြည့်မျက်ဝန်းတွေ ကြုံဆုံကြသောအခါ စောစောက ပြောဆိုတင်းမာစရာ ကိစ္စတွေက နှစ်ဦးစလုံးနှင့် မသက်ဆိုင်သော ဖြစ်ရပ်ဟု တွေးထင်ခံယူချင်သည်။ နှစ်ကိုယ်တူမျှ ပြုံးနေကြသည်။

"ကိုပြန်လာတာ ခဏပဲပြန်လာတာ မဟုတ်လား၊ ဟိုကို ပြန်သွားမယ်မဟုတ်လား"

ချစ်သူ့မျက်ဝန်းဆီမှ အကြည့်မလွှဲသေးဘဲ ...

"မျိုးနဲ့လက်ထပ်ပြီး ဒီမှာပဲ စီးပွားရှာချင်တော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ စုဆောင်းထားတဲ့ ခွင့်ရက်တွေနဲ့ ပြန်လာတာ ဆိုတော့ ဟိုကိုပြန်သွားလို့တော့ ရတာပေါ့လေ။ ဒါပေမဲ့ ပြန်မသွားချင်တော့ဘူး''

''မောင်ကလည်း သူများတွေများ သွားချင်တိုင်း သွားလို့ရတာ မဟုတ်ဘူး''

''မျိုး''

ရင်ထဲ ထိတ်ခနဲ ဖြစ်သွားစေလေသည်။

''မျိုး၊ ခုနက ကိုယ့်ကို ဘယ်လိုခေါ်လိုက်တာလဲ''

ယွင်းပျက်သွားသောမျက်နှာထားကို ချက်ချင်းပြင်လျက် ... ''ဘယ်လိုခေါ်လို့လဲ ကိုရဲ့'' ဟု ပြုံးစစဖြင့် မျိုးမျိုးမြင့် ပြန်မေးသည်။ သူ့ မျက်စိမျက်နှာပျက်ကာ ...

''မောင်လို့ ခေါ်လိုက်တယ် မဟုတ်လား။ မောင်လို့ ခေါ်လိုက်တယ်လေ''

''မဟုတ်ပါဘူး။ မခေါ်ပါဘူး''

''ဟုတ်တယ်။ ခေါ်လိုက်တယ်။ မျိုး ကိုယ့်ကို ပြောစမ်း။ မောင်ဆိုတာ ဘယ်သူလဲ။ မောင်ဆိုတာ ဘယ်သူ့ကိုခေါ်တဲ့ နာမ်စားလဲ။ ပြောလေ မျိုး''





တုန်လှုပ်ဝမ်းနည်းစွာ မေးမြန်းနေမိသည်။ မျိုးမျိုးမြင့်က..

''ဟာ၊ ဒုက္ခပဲ။ မခေါ်ပါဘူး။ လေယာဉ်စီးလာလို့ နားအူပြီး ကို နားကြားလွဲတာ ဖြစ်လိမ့်မယ်''

''မဟုတ်ဘူး မျိုး''

အကဲခတ် ခန့်မှန်းသောမျက်လုံးတွေဖြင့် ချစ်သူ့မျက်နှာကို သူ မကြည့်ချင်တော့ချေ။

မျိုးမျိုးမြင့်ပြောသလို အကြားမှားတာများလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်စရာ၊ ပြန်တွေးကြည့်စရာ မလိုအပ်သည်အထိ သူ သေသေချာချာ ကြားလိုက်ရခြင်းဖြစ်သည်။ 'မောင်ကလည်း ...' ဟူသောအသံကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရပါလျက် ဘာကြောင့်များ ငြင်းကွယ်နေရသလဲဟု ချစ်သူမျက်နှာကို စေ့စေ့ကြည့်ကာ ရင်တွင်းမှ မမေးမြန်းချင်သဖြင့် ဟိုတယ်အဝင်ဝရှိ အယောင်ဆောင်ပန်းပင်နွယ်ခက်များထံသို့ အကြည့်လွှဲထားလိုက်လေသည်။

''အဲဒါ ဘာဖြစ်သွားရတာလဲ ကို''

ငေးမောနေရာမှ အကြည့်မလွှဲ၊ အသံမပြု။

''ဘာလဲ၊ အပြစ်မရှိ အပြစ်ရှာတာလား''

မျိုးမျိုးမြင့်ကို သူ ငဲ့မကြည့်ဘဲ ...

''အပြစ်ရှာတာ မဟုတ်ဘူး မျိုး။ မျိုးပါးစပ်က



www.burmeseclassic.com

www.burmeseclassic.com



မောင်လို့ အခေါ်မှားသွားတာကို ကိုယ် တကယ်ကြား လိုက်တာပါ''

ရင်နင့်ရသည်။

''ကို နားကြားလွဲတာပါလို့ မျိုးပြောပြီးပြီပဲ''

စကားမတုံ့ပြန်ဘဲ မျိုးမျိုးမြင့်ကိုသာ သူ ငေးကြည့်လိုက်သည်။ စူးစိုက်သော အကြည့်မျက်လုံးတွေကို သတိမထားမိဟန်ဖြင့်

''ကဲ၊ ခေါ်မိလိုက်တယ်ပဲထား၊ ဒါ အခုလို မျက်စိပျက်မျက်နှာပျက်တဲ့အထိ ဖြစ်ရမယ့်ကိစ္စလား ကိုရဲ့။

မောင်တို့ မောင်မောင်တို့ အမောင်တို့ဆိုတာ ရုပ်ရှင်တွေထဲမှာရော၊ ဗီဒီယိုတွေထဲမှာရော၊ ဝတ္ထုစာအုပ်တွေထဲမှာရော၊ သီချင်းတွေထဲမှာရော ခေါ်နေလိုက်ကြတာ ပလူကိုပျံနေတာပဲ။

အဲဒါတွေကို ကြားပါ ဖတ်ပါများတော့ ကိုလို့ ခေါ်ရမယ့်နေရာ မောင်လို့ခေါ်မိရင် ခေါ်မိမှာပေါ့''

စကားအရာပါ ကျွမ်းကျင်တတ်မြောက်နေပါလားဟု တစိမ့်စိမ့်ကြည့်ကာ တသသတွေးမိသည်။

''မနေ့က နားထောင်တဲ့ အဆိုတော်တစ်





ယောက်ရဲ့ စီးရီးနာမည်က ချစ်သူမောင်တဲ့။ အဲဒီသီချင်း နားထောင်ပြီးကတည်းက ဒီနေ့တစ်နေ့လုံး စိတ်ထဲကရော၊ အသံထွက်ပြီးရော ညည်းနေမိတယ် အဲဒီသီချင်းကို၊ ကို့ကို မောင်လို့ မှားခေါ်မိတယ်ဆိုရင်တောင် အဲဒီသီချင်းကြောင့်ပဲ ဖြစ်လိမ့်မယ်။ မျိုးကတော့ ကို့ကို 'မောင်' လို့ မခေါ်လိုက်မိဘူး ထင်တာပဲ''

တွေ့တွေ့ချင်း မြင်မြင်ချင်း ချစ်စကား လွမ်းစကားတွေ ပြောနေချင်သဖြင့် မမေးသေးဘူး။ မပြောသေးပါဘူးဟု ဆုံးဖြတ်ထားသောကိစ္စကို မေးမြန်းပြောဆိုလိုက်တော့မည်ဟု သူ ဆုံးဖြတ်၏။

စစ်ဆေးသလိုလို၊ သံသယအမေးလိုလို ထင်မြင်နေမည်ကို မလိုလားသဖြင့် မမေးမြန်းမစစ်ဆေးဘဲ ရေငုံထားပါလျက် ရင်ကွဲအက်စရာ သံသယအမှုန်အမွှားလေးတစ်ခုကြောင့် အသိတရား၏ အဟန့်အတားကို နှလုံးသား၏နာကျင်မှုက ခုန်လွှားဖယ်ရှားမိခြင်း ဖြစ်ပေသည်။

နှုတ်ခမ်းပြင်သည်အထိ စကားလုံးတွေက လည်ချောင်းတွင် နင်နေသေးသည်။

''နေ့ခင်းက မျိုး ဘယ်ကိုသွားနေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးနှစ်ဖက်တွန့်ကွေးလျက် သူ့ကိုကြည့်သည်။ ပြီးမှ . . .

"ဘယ်သူက ဘာပြောလိုက်လို့လဲ ကို"

"ကိုယ် ဘယ်သူ့ကိုမှ မေးမကြည့်ခဲ့ဘူး။ အခု မှ ကိုယ်သိချင်လို့ မျိုးကိုမေးတာ"

"ကို့လေသံက တစ်ခုခုကိုစစ်ဆေးသလို လေသံမျိုးပဲ။ ခရီးရောက်မဆိုက် ကိုနဲ့မျိုး ပြဿနာမဖြစ်ချင်ဘူး"

"ရေခြားမြေခြားက အမောတကောပြန်လာတဲ့ လူတိုင်းဟာ ချစ်သူကို အမြန်ဆုံး တွေ့ချင်ကြမှာပဲ မျိုး"

"အမြန်ဆုံးတွေ့ချင်ရင် မျိုးကို . . . ကို . . . အကြောင်းကြားပေါ့။ ခြေသံမကြားအောင် တိတ်တိတ်လေးလာပြီးမှ ငါလာတာ နင်မသိဘူးလား ဆိုတဲ့ပုံစံမျိုးတော့ လာမလုပ်နဲ့"

"ကိုယ်မေးတာ နေ့လယ်က မျိုး ဘယ်သွားနေတာလဲလို့ မေးတာပါ၊ ညနေစောင်းခါနီးမှ ကိုယ်လာတာတောင် မျိုး မရှိဘူးလေ။

မျိုးကို အကြောင်းမကြားဘဲ ပြန်လာမိတဲ့





အတွက် ကိုယ့်မှာ အပြစ်ရှိပါတယ်။ အဲဒီအပြစ်ကို ကိုယ်ခံပါ့မယ်။

ဒါပေမဲ့ နေ့ခင်းက မျိုးဘယ်သွားနေတယ်ဆိုတာလောက်တော့ ကိုယ်သိခွင့်ရှိပါတယ်၊ အဲဒီမေးခွန်းကိုပဲ မျိုးဖြေ"

အံကြိတ်လိုက်သောကြောင့် နှုတ်ခမ်းဆိုးဆေးတို့ ပါးလွှာစွာ လျော့ပါးသွားမည် ထင်၏။

"တရားခံကိုစစ်သလို စစ်နေတာ မျိုးမကြိုက်ဘူး"

သူ ခေါင်းခါသည်။

"ချစ်သူကိုတွေ့ချင်လို့ လာရှာတဲ့လူက ချစ်သူကို မတွေ့ရလို့ ချစ်သူရေ မင်း ဘယ်သွားနေသလဲဆိုတဲ့ တမ်းတတဲ့စိတ်နှလုံးနဲ့ ကိုယ်မေးတာပါ မျိုး"

မျက်ခုံး၏ တွန့်ကွေးမှုသည် အနည်းငယ်မျှသာ လျော့ပါးသေး၏။

"တရားခံစစ်သလို စစ်ရအောင်၊ တရားခံဆိုတာ အပြစ်ကျူးလွန်ထားသူကိုသာ ခေါ်တဲ့ ဝေါဟာရပါ။



www.burmeseclassic.com

www.burmeseclassic.com



မျိုးက ဘာအပြစ်မှ ကျူးလွန်ထားတာမှ
မဟုတ်ဘဲ။ ကိုယ့်ကို အထင်မလွဲပါနဲ့ မျိုးရယ်''

''ကိစ္စရှိလို့ အပြင်သွားတာ''

လေသံပြတ်ပြတ်ဖြင့် ဖြေဆိုသော မာကျောသည့်စကား။
''ဘာကိစ္စလဲ'' ဟု မေးလျှင် စိတ်ဆိုးလိုစိတ် ပိုပေဦးမည်။

''အလုပ်ကိစ္စနဲ့ သွားတာလား''

''ဟုတ်တယ်။ သူငယ်ချင်းတစ်ယောက်
အလုပ်လျှောက်ထားလို့ အဖော်လိုက်သွားတာ''

''သူငယ်ချင်းက မိန်းကလေးလား၊ ယောကျ်ားလေးလား''
ဟု မေးမြန်းမိပါက စစ်ဆေးသည်ဟု ယိုးစွပ်ပေဦးမည်။ ထို့ကြောင့် စကားအသုံးကို ဆင်ခြင်စွာ သူပြော၏။

''ဘယ်ကကောင်မလေးလဲ၊ ကိုယ်များ သိ
မလား မပြောတတ်ဘူး။ မျိုးသူငယ်ချင်း တစ်ယောက်
နှစ်ယောက်ပဲ ကိုယ်သိတာ''

''တောင်ဥက္ကလာက ကောင်မလေး'' ဟု မျိုးမျိုးမြင့် ဖြေသည်။

''ဇာနည်'' ဟူသော အမည်နာမအကြောင်းကို သူ မမေးဝံ့တော့ချေ။ ချစ်သူစိတ်ဆိုးမည်ကို စိုးရိမ်သည်ထက် ချစ်သူ၏ အလိမ်





အညာစကားတို့ကို ခံယူနားစွင့်နိုင်စွမ်း နည်းပါးလွန်းသူဟု ကိုယ့်ကိုယ်ကိုယ်သိသဖြင့် အတွေးဆိုး အထင်ဆိုးတို့ကို မျိုသိပ်ပစ်လိုက်မိတော့သည်။

ခွဲခွာနေခဲ့ရသော ကာလများစွာ၌ . . .

တစ်စုံတစ်ရာ လွဲချော်နေပြီဟုတော့ ဉာဏ်အသိဖြင့် သိလိုက်ရလေပြီ။ နှလုံးသား၏ အသိတရားမှာမူ ဆံတစ်မျှင်စာ ထိပါးဒဏ်ကိုမျှ ခံစားနိုင်စွမ်းရှိလိမ့်မည် မဟုတ်ချေ။

ရင်ပြည့်နေပါလျက် . . .

ထပ်မံ၍ ရင်ဆို့ရပြန်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

ဆင်ခြင်ဉာဏ်ရှိတဲ့သူဟာ

အပြစ်ကျူးလွန်တဲ့သူကို

ရက်ရက်စက်စက် အပြစ်မပေးဘူး။

(ကျော်သက်ခိုင်)

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

အဖေ ဘဏ်မှာအပ်နှံပေးထားသော ငွေတွေကို ထုတ်ယူပြီး အဖြူရောင် S.E ကားတစ်စီးကို သူဝယ်သည်။ ညီမဖြစ်သူ ကျော့ကျော့ကို ကွန်ပျူတာသင်တန်းသို့ အပို့အကြိုလုပ်ပေးခြင်း၊ ညီဖြစ်သူ၏ လုပ်ငန်းနေရာသို့ ကြိုပို့ခြင်း၊ အဖေနှင့်အမေတို့အား ညနေခင်းတိုင်း ရွှေတိဂုံစေတီတော်သို့ ပို့ဆောင်ပေးခြင်း၊ မိသားတစ်စုလုံး (သို့မဟုတ်) မောင်နှမသုံးယောက်စလုံး ဟို ‥ ဟို ‥ ဒီ ‥ ဒီ ‥ တပျော်တပါး လည်ပတ်ကြခြင်း စသဖြင့်သောအလုပ်များကိုသာ နိစ္စဒူဝ သူလုပ်ဆောင်သည်။

လေး ‥ ငါး ‥ ဆယ်ရက်အတွင်း သူ့အိမ်သို့ ကျော်သက်နိုင်နှစ်ကြိမ်မျှ အိမ်လည်လာသည်။ ပြောလိုရာစကား၊ ဆွေးနွေးလိုရာကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်စရာအဖြစ်အပျက်တွေ ရင်မှာပြည့်လျှက်ရှိသော်လည်း မိသားစု၏မျက်မှောက်တွင် ဖြစ်နေသဖြင့် အခြားသောနေမှုထိုင်မှုကိစ္စ၊ နိုင်ငံရပ်ခြားကိစ္စတို့ကိုသာ စကားဖောင်ဖွဲ့ ဖြစ်ခဲ့သည်။ သည်အတောအတွင်း ချစ်သူကို စက္ကန့်မလပ် သတိတရဖြစ်နေမိသော်လည်း သုံးကြိမ်မျှသာ ဖုန်းဆက်ဖြစ်သည်။ နေကောင်းလား၊ ထမင်းစားပြီးပြီလား၊ ဘာဟင်းနဲ့စားလဲ၊ သတိရလို့ ဖုန်းဆက်တာ။ မျိုးရော ကိုယ့်ကိုသတိရနေတယ်မဟုတ်လား ဆိုသော အပေါ်ယံ ချစ်တင်းနှောစကားတို့ကိုသာ ပြောဖြစ်ခဲ့လေ၏။ ရင်တွင်း၌ ကိန်းအောင်းလျက်ရှိသော စိုးထိတ်ရင်နင့်စရာ အစိုင်အခဲကိုမူ မည်သည့်စကားဝေါဟာရအဖြစ်နှင့်မျှ မည်သူ့ထံမှောက်တွင်မျှ ဖွင့်အံခဲ့ခြင်း အလျဉ်းမရှိသေး။

အဖေ အမေကိုလည်းကောင်း၊ ညီ ညီမကိုလည်းကောင်း စကားအစပျိုး၍ သိလိုသည်ကို ပွင့်လင်းစွာ မေးမြန်းကြည့်ချင်သော်လည်း မမေးမြန်းရဲခဲ့ချေ။ ခရီးရောက်မဆိုက် မောဟိုက်စရာ သတင်းဆိုးမျိုးကို မကြားရဲသေးဟု ကိုယ့်ကိုယ်ကို သိနေ၏။ ထို့ကြောင့် ပေျာ်သလိုသာ ဖြေသာနေလိုက်သည်။





အစ်ကိုဖြစ်သူ၏ ချစ်သူရည်းစားကိစ္စကို နှမဖြစ်သူအား တိုးတိုးတိတ်တိတ် မေးမြန်းစုံစမ်းခြင်းသည် သင့်လျော်သောကိစ္စ မဟုတ်ဟု၊ သူ မှတ်ယူထားသည်။ နှမဖြစ်သူက အရှိအသေလျော့မည်။ ရှိသေလေးစားမှု လျော့ခြင်းထက် အစ်ကိုက လမ်းပြရှေ့ဆောင်ပြုကာ ညီ ညီမများအား ထမင်းစားရေသောက်ကိစ္စပမာ ပြောဆိုဆွေးနွေးသည်။ ရှေ့ဆောင်နွားလား လမ်းမှားပြီဟု လူကြီးသူမများ ကဲ့ရဲ့မှာကို ပို၍ စိုးရိမ်၏။

အစ်ကိုတောင် သူ့ချစ်သူအကြောင်း ငါ့ကို ပွင့်ပွင့်လင်းလင်းဖွင့်မေးသေးတာပဲ ငါ့ချစ်သူ ငါ့ရည်းစားအကြောင်းလည်း အစ်ကိုရှေ့မှာပြောနေဆိုနေရင် အစ်ကို ခွင့်ပြုမှာပဲ စသောအတွေးအမြင်မျိုး ညီညီမတွေ၏ ဉာဏ်အသိထဲသို့ ကိန်းဝပ်ခိုဝင်လေမလား၊ သူ စိုးရိမ်သည်။

အဖေနှင့် အမေကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ပညာရေး၊ စီးပွားရေး၊ ဘာသာရေး၊ အမျိုးသားရေးကိစ္စတို့ကိုသာ အဖေနှင့်ပြောပြဆွေးနွေးဖူးသည်။ ချစ်သူရည်းစားကိစ္စကို မေးမြန်းဝံ့သည်အထိ အဖေ့အပေါ်တွင် သူ အရှိအသေ မလျော့နည်းခဲ့။

အမေ့ကိုလည်း တော်တန်ရုံ ပျက်တီးပျက်ချော်စကားလုံးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရည်းစားသနာကိစ္စကို သူ မပြောပြဖြစ်ခဲ့၊ အမေ့အပေါ်တွင်လည်း သူ့ရှိသေမှု မနည်းပါးခဲ့ချေ။

မျိုးမျိုးမြင့်ကိစ္စကို တကယ်တမ်း မေးမြန်းဆွေးနွေးရမည်ဆိုလျှင် မိဘနှစ်ပါးစလုံး၏ ရှေ့မှောက်မှာသာ မေးမြန်းနာယူချင်သည်။ မိဘနှစ်ပါးစလုံးအနက် တစ်ယောက်တည်းကိုသာ ရွေးချယ်ဆွေးနွေးပါဆိုလျှင်တော့ 'အမေ' နှင့်သာ သူ ဆွေးနွေးရဲပေမည်။

သို့သော် ချစ်သူမျိုးမျိုးမြင့်၏ ကွန့်မြွေလျှော့နည်းစရာ သတင်းစကားမျိုးကို ကြားရမည်ဆိုလျှင်တော့ မိဘမောင်ဘွားများထံမှ ကြားရခြင်းထက် အခြားတစ်ပါးသောနေရာမှ ကြားသိရခြင်းကို သူ ပို၍လိုလားသည်။

အဖေ အမေ၏ရှေ့မှောက်၊ ညီ ညီမတို့၏ ရှေ့မှောက်၌ သစ္စာယွင်းပျက်သောချစ်သူကို တွယ်တာနေသူပါလားဟု အကြည့်ခံရမည့်ဘဝ၊ အသနားခံရမည့်အခြေအနေကို၊ လွန်စွာ ရှောင်ကွင်းလိုပေသည်။

နိုင်လုံသော သတင်းစကားအတိအကျကိုလည်း ကြားချင်သည်။ မကောင်းမြတ်သော သတင်းစကားမျိုးဆိုလျှင်လည်း တစ်လုံးတစ်ပါဒမျှ ကြားနာနိုင်စွမ်း သူ့မှာမရှိ။ ထို့ကြောင့် ကိုယ့်အတွေးနှင့်ကိုယ် တွေးတောစိုးရွံ့လျက် အဖြေခက် အနေခက် နေရလေ၏။





ကြင်နာရာ နှစ်ကိုယ်အကြား၌ သံသယတံတိုင်း ဝိုင်းပတ်ကာရံထားမှာကိုလည်း သူ စိုးရိမ်သည်။ သံသယကင်းရှင်းရာ မင်္ဂလာမနက်ခင်းတစ်ခုကိုလည်း မမျှော်ရဲရဲ မျှော်လင့်ဆဲပဲဖြစ်၏။

●

"ကျော့ကျော့၊ နင် ငါ့ဆီကို စာရေးတဲ့အထဲမှာ မျိုးမျိုးမြင့် ဖုန်းမှန်မှန်ဆက်ရဲ့လား ... တို့ အနေဝေးရင်၊ ချိတ်အေးတယ် ... တို့ ထည့်ရေးတာ ဘာဖြစ်လို့ ရေးတာလဲ"

မိသားစုအတွင်း မည်သူ့ကိုမျှ မမေးမြန်းသင့်၊ မမေးမြန်းချင်သော်လည်း ဆောက်တည်ရာမရလွန်းသဖြင့် အဦးဆုံး မေးမြန်းစုံစမ်းရမည့်သူအဖြစ် ညီမကျော့ကျော့ကို သူရွေးချယ်လိုက်၏။ ကျော့ကျော့က မျက်မှောင်လေးကြုတ်ကာ ...

"ရေးလိုက်မိလို့လား" ဟု ပြန်မေး၏။

"ကိုယ်ရေးတာ ကိုယ်မသိဘူးလား"

လေသံဆတ်ဆတ်ဖြင့် ပြန်ပြောလိုက်တော့မှ ကျော့ကျော့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားပြောင်းသည်။ ကြုတ်နေသော မျက်မှောင်လေး ပြေဆင်းသွား၏။

"အကြောင်းရှိလို့ ရေးတာလား၊ ဒါမှမဟုတ် တမင်နောက်တာပြောင်တာလား၊ ငါ့ကို သေသေချာချာ ပြောပြ"

"အစ်ကိုက ဘယ်လိုထင်နေလို့လဲ"

"ငါ့ကို ပြန်မေးမနေနဲ့လေ ကျော့ကျော့၊ ဘာအကြောင်းကြောင့် ရေးတယ်ဆိုတာပဲ ပြော"

အဖေလမ်းလျှောက်ထွက်သွားစဉ်၊ အမေ ဘုရားပန်းလဲနေစဉ်၊ အငယ်ကောင် မျက်နှာသစ်နေစဉ် ဖြစ်သောကြောင့် ဧည့်ခန်းထဲတွင် မည်သူမျှမရှိ။ အခြားသူတစ်ဦး အနီးတွင်ရှိနေလျှင်ပင် ညီမဖြစ်သူအား သူ မေးမြန်းဖြစ်မည် မဟုတ်သေး။

"ရေးတုန်းကတော့ ရေးလိုက်တာပဲ အစ်ကိုရဲ့။ အစ်ကိုက ကိုယ့်ရည်းစားကို ကိုယ်ပစ်ထားသလိုဖြစ်နေလို့ မိန်းမချင်းကိုယ်ချင်းစာပြီး တစ်ယောက်တည်း ပစ်မထားနဲ့ ဆိုတဲ့သဘောနဲ့ ရေးလိုက်မိတာဖြစ်မယ်"

ဝါကျတစ်ကြောင်းချင်းကို မင်သားလျက် ဒီစကားလုံးက





ဘာကြောင့်၊ ဒီဝေါဟာရက ဘယ်လို စသည်ဖြင့် ညီမဖြစ်သူ ရေးပို့ခဲ့သောစာကို ယူပြီး မေးမြန်းစစ်ဆေးရလောက်သည်အထိ သည်းသည်းသန်သန် မလုပ်အပ်သည်ကို ဆင်ခြင်ဖြစ်သောကြောင့် အရေးမကြီးသော စကားရပ်ပမာ ခေါင်းကိုသာ တညိတ်ညိတ်ပြုလျက် သူ ပြုံးနေလိုက်ပြန်၏။

"အစ်ကို့အတွက် စိတ်ဆိုးစရာ ထည့်ရေးမိလို့လား"

ကျော့ကျော့ပြောသော အကြောင်းပြချက်ကို လက်ခံယုံကြည်ဟန် တမင်ပြလိုက်ခါမှ ထပ်မံ၍ အမေးခံလိုက်ရသော မေးခွန်းတစ်ခု ဖြစ်သည်။

"ငါ ဒီအကြောင်းကို ဆက်မကြားချင်တော့လို့ နင်ကိုယ်တိုင်ဖုံးကွယ်ထားမှန်း ရိပ်မိလို့ နင့်ပြောစကားကို ခေါင်းညိတ်လိုက်တာ။ ကျန်တာ ထပ်မမေးနဲ့တော့" ...ဟု မျက်နှာထားတင်းတင်းဖြင့် ပြောပြလိုက်ချင်သည်။ သို့သော် ...

စေတနာတစ်ခုခုကြောင့် ကွယ်ဝှက်ထားတာ ဖြစ်မှာပဲဟု တွေးလိုက်နိုင်သဖြင့် စကားသံကိုပါ တမင်ပြေလျော့ကာ ပြောဆိုလိုက်ရသည်။

"စိတ်ဆိုးစရာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မဖွယ်မရာ တစ်ခုခုများ ဖြစ်နေသလားလို့ စိုးရိမ်တာ ပေါ့"

"တော်တော်ချစ်တာကိုး" ဟု ညီမပြော၏။

"ချစ်တာတစ်ခုတည်းကြောင့် မဟုတ်ဘူး လေ။ မိဘအသိုင်းအဝိုင်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှာ စိုးရိမ်တာပါ။

ထိခိုက်စရာ ဖြစ်နေရင်တောင် အချိန်မီ တားဆီးနိုင်ရင် ဘယ်သူ့ ဘယ်သူမှ မထိခိုက်တော့ဘူး ပေါ့။ ဘယ်သူမှ သိက္ခာမကျတော့ဘူးပေါ့။ တားချိန်ဟန့်ချိန် မမီတော့မှာကိုသာ စိုးရိမ်တာမျိုးပါ"

ပြောပြီး မျက်နှာကဲကို သူ ခပ်လိုက်သေးသည်။

"အစ်ကိုက ဘာကို စိုးရိမ်တာလဲ"

"ဩော်၊ မျိုးမျိုးမြင့်က အစ်ကိုလည်း မရှိတော့ဘူး။ ပြီးတော့ ငါကလည်း အဝေးမှာ။ ယောက်မနဲ့လည်း သိပ်အဆင်ပြေဟန် မတူဘူး။ ပြီးတော့ ငယ်ရွယ်သူ။ ပြောမှားဆိုမှား အနေအထိုင်မှားတာကို အခွင့်ကောင်းယူတဲ့ အခွင့်အရေးသမားနဲ့ တွေ့သွားရင် ဒုက္ခ။





ချစ်သူအပေါ် စိုးရိမ်တာမျိုးရော၊ ကိုယ့်သွေးကိုယ့်သား ကိုယ့်နှမသားချင်းအပေါ် စိုးရိမ်တာမျိုးလည်း ပါတာပေါ့"

"ဒါဆို အစ်ကို မြန်မာပြည်ပြန်လာတာ မျိုးမျိုးမြင့်ကြောင့်ပေါ့။ ဟုတ်လား"

"ဟုတ်တယ်။ သူ့ကိုလက်ထပ်ဖို့ ပြန်လာတာ။ လက်ထပ်ပြီးတဲ့အခါ သူ လိုက်မယ်ဆိုရင် ဟိုကို ခေါ်သွားမယ်။ မလိုက်ဘူးဆိုရင် ဒီမှာပဲ စီးပွားရှာတော့မယ်"

နှုတ်တွေ့ရာ ပြောလိုက်ခြင်းဖြစ်၏။ သိလိုဇောကြီးသည့် မျက်နှာထားဖြင့် ကျော့ကျော့က . . .

"အမေတို့ အမေတို့နဲ့ တိုင်ပင်ပြီးပြီလားဟင်"

"အမေတို့နဲ့ တိုင်ပင်ဖို့ နေနေသာသာ၊ မျိုးမျိုးမြင့်နဲ့တောင် စကားဖောင်မဖွဲ့ဖြစ်သေးဘူး။ စိတ်ကူးထားတာကို ပြောပြတာပါ"

"အမေတို့က အစ်ကို အလည်ပြန်လာတယ်လို့ပဲ ထင်နေတာ။ မိန်းမယူဖို့ပြန်လာမှန်း မသိဘူး"

"ငါ့ချစ်သူ ခြေလှမ်းမှားနေတယ်။ အဲဒါ နင်တို့ သိထား



www.burmeseclassic.com

www.burmeseclassic.com



မြင်ထားတာတွေ ငါ့ကိုပြော'' ဟု ပွင့်ပွင့်လင်းလင်း မေးမြန်းချင်သည်။ မေးမည့်သူက အမေးခက်သကဲ့သို့ ဖြေမည့်သူတွေလည်း အဖြေခက်လိမ့်မည်ဟု သူ ဆင်ခြင်၏။

''မျိုးမျိုးမြင့်ကို ယူရင် အမေ သဘောတူနိုင်ပါ့မလား''

''မသိဘူး၊ မပြောတတ်ဘူးလေ။ အမေ့ကို မေးကြည့်မှ သိမှာပေါ့ အစ်ကိုရဲ့'' ဟု ကျော့ကျော့ပြောသည်။

သူ အိမ်အနောက်ဘက်သို့ တစ်ချက်ငဲ့ကြည့်ကာ . . .

''ငါ့ညီမတစ်ယောက်အနေနဲ့ နင်ရော သဘောတူသလား''

ခေါင်းခါသည်ကို မြင်၏။ သူ စိတ်မကောင်းဖြစ်ရသည်။

''သဘောမတူဘူး။ ဟုတ်လား''

''သဘောမတူတာရယ်လို့ မဟုတ်ပါဘူး''

''ဘယ်ညီမဖြစ်ဖြစ် ကိုယ့်အစ်ကိုကို နမြောတာပေါ့။ ဘယ်အမေဖြစ်ဖြစ် ကိုယ့်သားသမီးကို နမြောမှာပေါ့။ မဟုတ်ဘူးလား''

ညီမဖြစ်ပါလျက်၊ အစ်မကြီးတစ်ယောက်၏ မျက်နှာထားဖြင့် ပြောပြနေဟန်ကို ကြည့်မြင်ကာ သူ စိတ်မကောင်းဖြစ်ရသည်။ ကျွန်မ





လည်း မယူစေချင်ဘူး။ အမေလည်း ယူစေချင်မှာ မဟုတ်ဘူး ဟု သည့် စိတ်သဘောကို သွယ်ဝိုက်ကာ ပြောလိုက်သည်ဟု သူသိ၏။

အခြေအနေအရပ်ရပ် သို့မဟုတ် ကစ်စုံကစ်ခုသော အခြေအနေသည် တစ်ချိန်ချိန်က ယိုယွင်းပြောင်းလဲပြီးခဲ့ပြီဟု သူသိသည်။ ဘာပြောင်းလဲတာလဲ၊ ဘာယိုယွင်းတာလဲဟူသည့် သဲသာအကျိအကျ အမည်နာမကို သန်းစစ်ပို့သာ လိုကော၏။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

မနက်စောစော အိပ်ရာနိုးသည်။ အိပ်ပျော်ခဲ့သည်လား၊ အတွေးတွေ လွင့်နေသည်ကို အိပ်မက်ဟု ထင်ယောင်ခဲ့သည်လား၊ ကုန်ဆုံးခဲ့သော ညတို့၏ ခရီးတိုင်းကို မဝေခွဲတတ်။

အိမ်မှုကိစ္စတွေ ဆောင်ရွက်ပြီးလျှင် မျိုးမျိုးမြင့်ထံသို့ သွားမည်ဟု စဉ်းစားစီစဉ်ကာ ရေချိုးပြီး မနက်စာစားပြီး၊ ဧည့်ခန်းထဲတွင် ထိုင်နေစဉ် အိမ်ရှေ့သို့ ကားတစ်စီးဝင်လာသည်။ ခုံတန်းလျားအနီးတွင် ကားရပ်သည်။

ထိုင်ရာမှထကာ အိမ်အဝင်ဝသို့ သူသွား၏။ မဆွေဆွေတင့်ကို မြင်သည်။

"ဩော် ဘယ်သူလဲလို့၊ လာ အစ်မ။ ထိုင်"



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်း၏ဆက်တီတွင် မဆွေဆွေတင့် ထိုင်၏။

အလာအသွား အဝင်အထွက် မရှိဘူးခဲ့သူဟု သူသိသည်။ သူ့ထံသို့ တကူးတက လာရောက်ခြင်းဟု သူနားလည်သည်။ "ဘာကိစ္စရှိလို့ လာတာလဲ" ဟု မေးမိလျှင်ပင် မသိမ်မွေ့ရာကျမည်။ ထို့ကြောင့် . . .

"ကျွန်တော် ဘာကူညီရမလဲ အစ်မ"

"မင်းကူညီရမှာက အများကြီးပဲ မောင်ထက်စိုး။ ပြောရမယ့်ကိစ္စတွေထဲမှာ အားနာစရာတွေ၊ စိုး၊ မကောင်းစရာတွေလည်း ပါကောင်းပါနိုင်တယ်"

ပြုံးလျက်ပြော၏။

အိမ်၏အတွင်းပိုင်းသို့ တစ်ချက်ကြည့်သည်။ လှေကားရင်းသို့ တစ်ချက်ကြည့်သည်။ ပြီးမှ . . .

"တိုးတိုးတိတ်တိတ်ပြောရမယ့်ကိစ္စမျိုးလည်း ရှိနေတယ်။ ဒီမှာပြောလို့ ဖြစ်လား"

"ဖြစ်ပါတယ် အစ်မ၊ ပြောစရာရှိတာ ပြောပါ၊ ကျွန်တော်ကူညီနိုင်မယ့်ကိစ္စဆိုရင် အစွမ်းကုန်ကူညီပါ့မယ်"

မျက်နှာစိမ်းညည့်သည်လာလျှင် ညည့်ခန်းအတွင်းသို့ မည်သူ





မျှ အဖြတ်အလမ်းမရှိခဲ့သည်မှာ မိသားစု၏ အစဉ်အလာဖြစ်သည်။ သို့သော် ယခုလိုအခြေအနေမျိုးတွင်မူ အနီးအပါး၌ မိဘမောင်ဘွားတွေ ရှိနေချင်၏။

မဆွေဆွေတင့်က . . .

"မိမျိုးနဲ့မင်းနဲ့ လက်ထပ်ကြတော့မှာလား"

"ဟုတ်ကဲ့" ဟု ဖြေလိုက်ချင်သော်လည်း ကိုယ့်အခြေအနေကိုပင် ကိုယ်တိုင်ခန့်မှန်းဖို့ ခက်နေရ၏။

"ကိုနေမျိုးရှိနေရင်တော့ အခုအချိန်ဟာ မျိုးနဲ့ ကျွန်တော်နဲ့ လက်ထပ်ရမယ့်အချိန်ပဲ၊ အစ်မဘက်က ကန့်ကွက်စရာအကြောင်းထူးများ ရှိနေလို့လား"

"ကန့်ကွက်စရာရယ်လို့ မဟုတ်ပါဘူး။ မင်းကိုပြောမယ့် စကားတိုင်းကို အစ်မ ပြောမထွက်ဘူး ဖြစ်နေတယ်။

မိမျိုးနဲ့ပတ်သက်ရင် အခု အစ်မ နေနေရတာက အုပ်ထိန်းသူနေရာမှာ မဟုတ်ဘူး။ အိမ်တွင်းရေးကိစ္စတွေကပါ ရှိနေတော့ သူ့အနေအထိုင်ကို စေတနာနဲ့ ဝေဖန်မိရင်တောင်မှ အစ်မ ရန်တွေ့ခံရမှာ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ချင့်ချိန်နိုင်ပါတယ် အစ်မ။ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ။ ကျွန်တော် နှုတ်မဖွာပါဘူး"

သက်ပြင်းချလေသည်။

"ကိုနေမျိုးမရှိတော့ပေမယ့် ကိုနေမျိုးရဲ့ဇနီးတစ်ယောက်အနေနဲ့ မင်းအပေါ်မှာရော၊ မိမျိုးအပေါ်မှာရော စောင့်ရှောက်ဖို့၊ လမ်းညွှန်ဖို့ အစ်မမှာ တာဝန်ရှိနေသေးတယ်။ ဒါပေမဲ့ ဆိုဆုံးမဖို့ဆိုတာ ခံယူတဲ့သူရှိမှ ဆိုဆုံးမမှု တန်ဖိုးရှိမှာ။ ဆိုဆုံးမမှုကို မခံယူချင်တဲ့သူကို ဆုံးမဖို့ကျတော့ အာဏာသုံးရလိမ့်မယ်။ ဒါမှမဟုတ် ပြင်းပြင်းထန်ထန် ဖိနှိပ်ရလိမ့်မယ်။

အဲဒါကြောင့် အသိတရားရှိမယ့်သူကိုပဲ ဆုံးမဖို့ အစ်မ ဆုံးဖြတ်လိုက်တယ်။ အဲဒါကြောင့် မင်းဆီကိုလာတာ။ အကူအညီတောင်းတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ"

စကား ခေတ္တရပ်သည်။ ပြီးမှ . . .

"မင်းနဲ့မိမျိုးနဲ့ လက်ထပ်ကြတော့မလားလို့ မေးတာက အစ်မမှာ ခံစားချက်နှစ်ခုနဲ့ မေးတာပါ။





တစ်ခုက မွေ့ခံထိုက်စေဆိုတဲ့ အစဉ်အလာအရ မိမျိုးအိမ်ထောင်ပြုရင် အမွေခွဲရမယ်ဆိုတဲ့ ခံစားချက်ကိစ္စတစ်ခု။

နောက်တစ်ခုက . . ."

စကားရပ်လိုက်ပြန်သည်။ သက်ပြင်းချပြန်သည်။

"ပြောပါ အစ်မ။ ကျွန်တော် နားထောင်နိုင်ပါတယ်"

မဆွေဆွေတင့်၏မျက်နှာကို သူ အကဲခတ်သည်။ အမှန်တကယ် ခံစားမောလျနေသောမျက်နှာထားဟု သူယူဆ၏။

"နောက်တစ်ခုက မင်းနဲ့မိမျိုးနဲ့ လက်ထပ်လိုက်ကြရင် ဥစ္စာနေအနေနဲ့ အစ်မအတွက် အဆင်ပြေသွားမှာ မှန်ပေမယ့်၊ ကိုနေမျိုးကိုယ်တိုင် လေးလေးစားစားရှိခဲ့တဲ့ မင်းအပေါ်ကို ဆိုဆုံးမရမယ့် အစ်မတစ်ယောက်အနေနဲ့ မင်းကို မျိုးမျိုးမြင့်နဲ့ လက်မထပ်စေချင်တော့လို့ပဲ"

"ဗျာ"

မဆွေဆွေတင့်၏စကားသံသည် အမိန့်ပေးသောအသံမဟုတ်၊ တကယ့် နှမြောတသသံ။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်နဲ့မျိုးကို သဘောမတူတော့တာလား အစ်မ''

''ဟုတ်တယ်။ မိမျိုးဘက်ကနေ မင်းကို သဘောမတူတာ မဟုတ်ဘူး။ မင်းဘက်ကနေ နာတတ်တဲ့သူတစ်ယောက်အနေနဲ့ သဘောမတူတာပါ။

ဒီစကားကို အစ်မကိုယ်တိုင်ပြောရတဲ့အတွက် တစ်စုံတစ်ရာ မနာလိုဝန်တိုလို့ တစ်ခုခုကို ထိခိုက်စေချင်လို့ ပြောတာများလားဆိုပြီး မင်း အထင်လွဲနိုင်ပါတယ်''

''ကျွန်တော် . . . ကျွန်တော် အထင်မလွဲပါဘူး အစ်မ။ ကျေးဇူးတောင် တင်မိပါတယ်။ ကျွန်တော် တကယ်ပြောတာပါ။

မျိုးမှာ အပြစ်တစ်စုံတစ်ရာ ရှိနေနိုင်တယ်လို့ ကျွန်တော် ခန့်မှန်းတတ်ပေမယ့် အတိအကျမသိဘူး။ အစ်မသိရင် ကျွန်တော့်ကို ပြောပြပါ''

တစ်ပါးသူပြောသော ချစ်သူအကြောင်းကို ပို၍ စိတ်ဝင်စားမိပြီ။

''အခုအချိန် ကိုနေမျိုးသာရှိရင် သူ့ညီမကို





သူကိုယ်တိုင် သတ်ပစ်လိမ့်မယ်''

''ဘာဖြစ်လို့လဲ'' ဟု ဝင်မမေးမိအောင် နေလိုက်သည်။

''မင်း ပြန်ရောက်ရောက်ချင်းနေ့က ဆိုင်မှာ မိမျိုးမရှိဘူးနော်''

''ဟုတ်ကဲ့''

''ဘယ်သွားတာလဲလို့ မင်း မေးဖြစ်သလား''

''မေးတယ်''

''သူ ဘာလို့ဖြေသလဲ''

စိတ်မလုံစွာဖြင့် အိမ်အနောက်ဘက်သို့ သူ လှည့်ကြည့်ကာ

''မိန်းကလေးသူငယ်ချင်းတစ်ယောက်ရဲ့ အလုပ်ကိစ္စနဲ့ အပြင်သွားတာလို့ ဖြေတယ်''

''မင်း ယုံလား''

''သူပြောတဲ့စကားမို့လို့ ကျွန်တော် ယုံသလိုပဲ နေခဲ့တယ်''

''ဇာနည်ဆိုတဲ့ ကောင်လေးဆီကို သူသွားတာ။ သွားတာမှ ခိုးချောင်ခိုးဝှက်သွားတာ မဟုတ်ဘူး။ ပေါ်ပေါ်တင်တင်ကို သွားတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဟာကတော့ ထင်ချင်သလိုထင်ကြဆိုတဲ့ အဓိပ္ပာယ်ပဲ။ နောက်ပြီး မင်း ပြန်ရောက်လိမ့်မယ်လို့လည်း သူ မထင်သေးဘူးလေ''

လက်ချောင်းတွေ တဆတ်ဆတ်တုန်နေပြီဟု ကိုယ့်ကိုယ်ကိုယ် သိ၏။ စကားသံ မတုန်အောင် သူ သတိပြုသည်။

''အဲ . . . အဲဒီ ဇာနည်ဆိုတာ ဘယ်သူလဲ။ သူနဲ့ ဘယ်လိုပတ်သက်သွားတာလဲ အစ်မ''

''စတိုးဆိုင်က အရောင်းစာရေးဆိုပါတော့'' ဟု မဆွေဆွေတင့် ပြောသည်။ လက်ဖွဲ့အိတ်ထဲမှ လိုင်စင်ဓာတ်ပုံနှစ်ပုံကို ထုတ်ယူပြီး သူ့ထံသို့ လှမ်းပေးသည်။ အသက်နှစ်ဆယ်ကျော်ခန့် ကောင်လေးတစ်ယောက်၏ပုံ။ ထူထဲသောမျက်ခုံးကို ပို၍ သတိပြုမိသည်။

''ဇာနည်ဆိုတာ သူပဲ။ မိမျိုးနဲ့ ရွယ်တူလောက် ရှိမယ်။ ရုပ်ကတော့ မြင်တဲ့အတိုင်းပဲ လူချော။

စကားသွက်တယ်။ မျက်နှာချိုတယ်။ အရောင်းအဝယ်တော်တယ်။ ဒါပေမဲ့ မိမျိုးနဲ့ သိုးသိုးသဲ့သဲ့သတင်းကြားလို့ အစ်မ သူ့ကို အလုပ်ထုတ်ပစ်ခဲ့တယ်။





အဲဒါကို မိမျိုး မကျေနပ်ဘူး။ နောက်ထပ် တခြားတစ်နေရာမှာ သူက အလုပ်ရှာပေးတယ်။ ကောင်လေးက ဒဂုံမြို့သစ်မှာနေတာ။ အဲဒီကို မိမျိုး ခဏ ခဏသွားတယ်။ မင်းရောက်တဲ့နေ့ကလည်း အဲဒီကိုသွားတာ''

''အစ်မအနေနဲ့ တစ်ခွန်းတလေ ဝင်မဟန့်ဖြစ်ဘူးလားဟင်''

''သူ့အစ်ကိုမှ မရှိတော့ဘဲ။ အစ်မ ဘယ်လိုလုပ်ပြောဝံ့ပါ့မလဲ၊ သမီးယောက်မလေကွယ်။

အဲဒီ ဇာနည်ဆိုတဲ့ကောင်လေးကို အလုပ်ဖြုတ်ပစ်လိုက်တာ အကြောင်းနှစ်ခုရှိတယ်၊ တစ်ခုက မိမျိုးနဲ့ ဖြစ်နေလို့၊ တစ်ခုက အစ်မတို့ အိမ်တွင်းရေးကိစ္စကို ဝင်စွက်ဖက်လို့ပဲ''

''ဘယ်လို စွက်ဖက်တာလဲ အစ်မ''

''အမွေခွဲမယ်ဆိုပါတော့ကွယ်။ စာချုပ်ထဲမှာ အစ်မက မုဆိုးမ ဖြစ်တဲ့အတွက် ဆိုင်အပါအဝင် ခြောက်ဆယ်ရာခိုင်နှုန်း ဆိုပါတော့။ ကိုနေမျိုး မဆုံးခင်မှာ စီစဉ်ပေးခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဝေစုအတိုင်း မိမျိုးအိမ်ထောင်ပြုပြီးရင် ခွဲရမယ်ပေါ့။ ကိုနေမျိုးက မင်းကိုရည်ရွယ်ပြီး အဲဒီ လိုစီမံခဲ့တာ ဖြစ်မယ်။

အဲဒါကို အဲဒီဇာနည်ဆိုတဲ့ကောင်လေးက မမျှတဘူးလို့ ဝေဖန်တယ်။ လုံးဝ ခွဲပေးစရာမလို အောင် အိမ်ထောင်မပြုနဲ့လို့ အကြံပေးတယ်''

အသက်ရှူကျပ်လာသကဲ့သို့ ခံစားရ၏။

''စိတ်မရှိနဲ့နော် အစ်မ၊ အဲဒီကောင်လေးက အဲဒီလိုအကြံပေးတဲ့စကားကို အစ်မကိုယ်တိုင် ကြားရ တာလား''

''ဟုတ်တယ်။ အစ်မကိုယ်တိုင် ကြားတာ။ ချောင်းပြီးနားထောင်ခဲ့တာ မဟုတ်ဘူး။ ပြောသံကြား လို့ နားစွင့်နေရင်းက တိတိကျကျ ကြားခဲ့ရတာ။

အဲဒီလိုကြားပြီးနောက်တစ်နေ့ သူ့ကို အလုပ် ထုတ်ပစ်လိုက်တာပဲ''

''သူတို့က အဲဒီအကြောင်းကို ဘယ်မှာပြော နေကြလို့လဲ အစ်မ''

''အစ်မ မပြောချင်ဘူး''



BURMESE CLASSIC .com



''ဖြေပါ။ ကျွန်တော်သိချင်လို့ပါ''

''တစ်နေရာရာမှာလို့ပဲ မင်း တွေးလိုက်ပေါ့ ကွယ်''

''ကျွန်တော် မတွေးတတ်လို့ပါ၊ ပန်းခြံထဲမှာ ပြောနေတာလား''

မဆွေဆွေတင့် ခေါင်းယမ်းသည်။

''ဆိုင်မှာလား''

''မဆွေဆွေတင့် ခေါင်းယမ်းသည်။

''အိမ်မှာလား''

''ဟုတ်တယ်''

''ဧည့်ခန်းထဲမှာလား''

မဆွေဆွေတင့် ခေါင်းယမ်းပြန်သည်။ ပြီးမှ သူ့ကို ညှာတာ စွာကြည့်ကာ . . .

''မိမျိုးရဲ့အိပ်ခန်းထဲမှာ''

မျက်လုံးကို စုံမှိတ်ပစ်လိုက်မိသည်။

အကြောင်းကြောင်းသော အကြောင်းကြောင်းကြောင့် မဆွေ ဆွေတင့် လာရောက်လီဆယ်နေခြင်းဖြစ်လျှင် ကောင်းပေလိမ့်မည်။ ယခုမူ မဆွေဆွေတင့်၏မျက်နှာထား၊ လေယူလေသိမ်း၊ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



သော အမူအရာတို့သည် အမုန်တကယ် စိုးရိမ်ခံစားရသူတစ်ဦး၏ လက္ခဏာအတိုင်း ဖြစ်နေ၏။

မယုံချင်၍မရ၊ မကြားချင်၍ မဖြစ်၊ မသိချင်၍ မနေ၊ သိကြား ယုံကြည်ရတော့မည်။

''ကိုနေမျိုးမရှိတော့တဲ့အတွက် မိမျိုးရဲ့အကျိုးစီးပွားကို လိုလားသူတစ်ယောက်အနေနဲ့ရော၊ ပိသားစုရဲ့အကျိုးစီးပွားကို ကာကွယ်တဲ့အနေနဲ့ရော အဲဒီဇာနည်ဆိုတဲ့ကောင်လေးကို အလုပ်ထုတ်ပစ်လိုက်တာပဲ။ ဒါပေမဲ့ သူတို့ သံယောဇဉ်မပြတ်ကြဘူး''

''အဲဒီဇာနည်က ကျွန်တော့်ကို မသိဘူးလားဟင်၊ ကျွန်တော်နဲ့ မျိုးနဲ့အကြောင်း''

''သိတာပေါ့။ မိမျိုးမှာ စေ့စပ်ထားတဲ့သူ ရှိတယ်ဆိုတာ တစ်ဆိုင်လုံးသိတယ်။ ဒါ သိသိနဲ့ ကြောင်တောင်ဝင်တာပဲ။ မိမျိုးမှာ ပိုအပြစ်ရှိတာပေါ့ကွယ်။

အစ်မ မင်းကို အခုလို လာပြောရတာက၊ မင်းဟာ မိမျိုးရဲ့ ချစ်သူတစ်ယောက်အနေနဲ့ သူ့ကို ပြန်ပြီး ထိန်းသိမ်းချင်ထိန်းသိမ်း။ ဒါမှမဟုတ် ရှောင်ခွာ





ချင်ရှောင်ခွာ၊ တစ်ခုခုကို ပြတ်ပြတ်သားသား လုပ်စေချင်တာလည်း ပါပါတယ်။

ဒါ အစ်မကိုယ်တိုင် မအုပ်ထိန်းနိုင်တဲ့ကိစ္စကို မင်းဆီမှာ အကူအညီတောင်းတယ်လို့ပဲ မင်းသဘောထားပါ။

မိမျိုးကို လက်ထပ်ပါလို့ အကြံပြုမိရင်လည်း အမွေခွဲစေချင်လို့လို့ အထင်ခံရမယ်။

လက်မထပ်နဲ့ ... လို့ အကြံပြုရင်လည်း ... မနာလိုဝန်တိုစိတ်ကြောင့် က,ဖျက်ယ,ဖျက်လုပ်တယ်လို့ အထင်ခံရမယ်။

အဲဒီတော့ ဘာလုပ်လုပ် အထင်လွဲခံရမယ့် အတူတူ ခေတ်ပညာတတ်တစ်ယောက်အနေနဲ့ အကောင်းဆုံးလမ်းတစ်ခုခုကို ရွေးနိုင်အောင်၊ မင်းကို အစ်မ အိတ်သွန်ဖာမှောက် အသိပေးလိုက်တာပဲ''

''ကျေးဇူးအရမ်းတင်ပါတယ် အစ်မ။ ကျွန်တော် မျိုးကို ဘယ်လောက်မုန်းမုန်း၊ ကိုနေမျိုးရဲ့ ကျေးဇူးတရားကို ထောက်ထားပြီး ကျွန်တော် ခွင့်လွှတ်နိုင်စွမ်းရှိသလောက် ခွင့်လွှတ်မှာပါ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အစ်မလည်း ကိုနေမျိုးမျက်နှာကို ထောက်ထားသောအားဖြင့် ကျွန်တော့်လို သဘောထားပေးပါနော်''

''စိတ်ချပါ မောင်ထက်စိုး၊ ပြောပြရတာတောင် အစ်မ တကယ်စိတ်မကောင်းပါဘူး''

''ရပါတယ် အစ်မရယ်'' ဟု သူပြောသည်။

ချစ်သူထံမှောက် အရောက်သွားမည့် စောစောက အစီအစဉ်လေး လမ်းမပေါ်သို့ ထွက်ပြေးသွားလေ၏။

■



BURMESE CLASSIC .com

(၁၃)

''ဒါ ကိုယ့်ရဲ့ နှုတ်ဆက်အနမ်းနော်။ ကိုယ်ပြန်လာရင် ဒီ ပါးကွက်ပါးပါးလေးပေါ်မှာ ...''

ပါးကွက်ပါးပါးလေးတို့ ခင်းဖြန့်ထားရာ နှံသာရင်ပြင်သို့ ကြင်နာစွာ သူငေးကြည့်ရင်း ထွက်ခွာစဉ်က နှုတ်ဆက်အနမ်းကို သတိရမိသည်။

ပါးပြင်နှစ်ဖက်ပေါ်သို့ ပြန်လာလာချင်း ခြွေအပ်ရမည့် အမှတ်တရ အလွမ်းလက်ဆောင်လေးသည် ချစ်သူကို ငေးကြည့်နေဆဲကာလ၌ ဝေးသထက်ဝေး၊ ပြေးသထက်ပြေးသွားခဲ့ပေပြီ။

ထားလက်စသံယောဇဉ်ကို မျက်နှာမလွှဲနိုင်မည့်အတူတူ ယူဆောင်သိမ်းဆည်းခဲ့သည့် အလွမ်းသင်္ကေတလေး ပေးဆက်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်ဟု မျက်လုံးကို မှေးမှိတ်လျက် ဆုံးဖြတ်လိုက်သေးသည်။

သို့သော် ...

ယိမ်းလူ့ပ်တတ်သော ပန်းတို့၏ သဘာဝအား ခန့်မှန်းဆင်ခြင်နိုင်စွမ်းသည့် မည်သို့သော လိပ်ပြာတစ်ကောင်ကောင်က ပန်းပွင့်ဖတ်ပေါ်သို့ ခိုနားသွားနိုင်ပါသလဲ၊ ခိုနားသွားနိုင်ပါသလား။ ခိုနားသွားပြီးပြီလား။ ဝတ်မှုန်တွေ စုံညီစွာ သင်းသန့်လျက် တည်ဖွဲ့နေသေးသည့်တိုင် ပွင့်လွှာမှာ ဒဏ်ရာရခဲ့လေပြီလား။ သို့မဟုတ် ဝတ်မှုန်တစ်စွန်းတစ်စ၊ ပွင့်လွှာတစ်ညှာတစ်ရွက် ဒဏ်ချက်သင့်ခဲ့လေပြီလား။

တလှပ်လှပ်ခုန်လာသော ရင်၏အတွေးသိကြောင့် ငေးကြည့်နေမိသောချစ်သူကို ချစ်သူဟုပင် မထင်ချင်တော့။

"ကို့ ဘာကြည့်နေတာလဲ"

မြေပဒေသာဥယျာဉ်အဝင်ဝအနီးရှိ ဝါးရုံပင်၏အောက်တွင် ကားကို ရပ်ထားသည်။

"မေးနေတယ်လေ။ မျိုးကို ဘာဖြစ်လို့ အဲဒီ လောက်တောင် ကြည့်နေရတာလဲ"

ကြည့်လျက် ခေါင်းကို ခါလိုက်သည်။ ခါလျက် ငေးကြည့်နေဖြစ်သည်။ ပြီးမှ ...





"မျိုး"

ရင်ထဲက လှိုက်သံဖြင့် ခေါ်လိုက်မိသည်ဟု ခံစားရ၏။

"ပြောလေ ကို"

"ကိုယ်မရှိတဲ့ နေ့ရက်တွေတုန်းက မျိုး ဘာတွေလုပ်တယ်၊ ဘာတွေဖြစ်တယ်ဆိုတာ ကိုယ့်ကို ပြောပြပါလား"

ခေါင်းလေးမော့လျက် ရယ်မောသည်။ သွားတက်ကလေးကို ကြည့်၍ မြတ်နိုးမိသေး၏။

"ကိုယ်က ဘာကိုသိချင်လို့လဲ"

'သိချင်တာ မဟုတ်ဘူး။ နားထောင်ချင်တာ။ မျိုးကိုယ်တိုင် ပြောတဲ့ မျိုးအကြောင်းကို နားထောင်ချင်တာ"

"ကို့ကြည့်ရတာ တစ်မျိုးပဲ"

"ကိုယ့်ကို မဝေဖန်နဲ့ဦးလေ၊ မျိုးပြောတာကိုပဲ ကိုယ် နားထောင်နေမှာ"

"ဘာပြောရမှန်းမှ မသိတာ"

"ကျွန်မနာမည် မျိုးမျိုးမြင့် ဖြစ်ပါသည်၊ ဆိုတာကနေ အခု ကိုယ့်အပေါ်မှာထားတဲ့ သဘောထား



www.burmeseclassic.com

www.burmeseclassic.com



အထိ အကုန်ပြော''

''မျိုးက ကို့အပေါ် ဘယ်လိုသဘောထားနေလို့လဲ၊ မျိုးရဲ့သဘောထား ပြောင်းနေပြီလို့ ကို စွပ်စွဲနေတာလား''

''ဟုတ်တယ်'' ဟု ပြောလိုက်ချင်သည်။

''ကိုယ့်အကြောင်းကို ကိုယ်ကိုယ်တိုင် ပြောပြရတာလောက် ပျော်စရာကောင်းတာမရှိဘူး။ မျိုးက ဘာဖြစ်လို့ မပြောသေးတာလဲ၊ ကိုယ် နားစွင့်ထားတာကြာပြီ''

ဒေါသတကြီး ပြောဆို ကွယ်ကာတော့မည့်သူကို သတိမမူမိဟန် လေသံမျက်နှာထားဖြင့် ထိုကဲ့သို့ ပြောလိုက်သောအခါ သူ့ကို မျိုးမျိုးမြင့်က အကဲခတ်သလို တစ်ချက်ကြည့်၏။

''မျိုးပြောမယ့် မျိုးအကြောင်းကို နားထောင်မယ့်ကိုယ်က မျိုးရဲ့ချစ်သူနော်။ ဘယ်လောက် ပြောစရာကောင်းလဲ။

မိခင်တစ်ယောက်က ရင်သွေးတစ်ယောက်ကို ပုံပြောသလိုမျိုး ညင်ညင်သာသာလေးပြောရင် သိပ်ပြီး နားထောင်လို့ကောင်းမှာပဲ''





''မျိုးမှ မပြောတတ်တာ'' ဟု မျိုးမျိုးမြင့် ပြောသည်။

''ဒါဆို ကိုယ်က ကိုယ့်အကြောင်းကို အကျဉ်းချုပ်ပြောမယ် နော်။ မျိုး နားထောင်မလား''

သူ့မျက်နှာကို အသေအချာကြည့်လျက် 'နားထောင်မယ်' ဟု မျိုးမျိုးမြင့်ပြောသည်။

ကားပြတင်းကို လုံခြုံစွာပိတ်လိုက်သည်။ လေအေးစက်ကို ဖွင့်လိုက်၏။ ကိုယ့်ကိုယ်ကိုယ် ရင်ပူတော့မည်ဟု ကြိုသိနေသလိုလို။

''ကျွန်တော့်အမည် ထက်စိုး၊ ကျွန်တော့်ချစ်သူနာမည် မျိုးမျိုးမြင့်။

ကျွန်တော်သည် မျိုးကို သိပ်ချစ်ပါသည်။ သူ့ကို ချစ်လွန်းသဖြင့် ကျွန်တော် တစ်ခါမျှမရောက်ဖူးသော နိုင်ငံခြားသို့သွားပြီး သူနှင့်နီးဖို့ ငွေသွားရှာပါသည်။

နှစ်နှစ်ခန့်အတောအတွင်း ငွေတွေအများကြီးရပါသည်။ ထိုအတောအတွင်း နာရီတိုင်း၊ စက္ကန့်တိုင်း မျိုးကိုသတိရမိသဖြင့် ရင်ထဲတွင် နင့်နေအောင် ခံစားရပါသည်။

ဒါပေမဲ့ တစ်နေ့ဝင်သွားတိုင်း မျိုးနဲ့နီးရတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့တွေးပြီး နှလုံးသွင်းကာ စိတ်ဖြေပါသည်။ မျိုးကလည်း ကျွန်တော့်ကို အရမ်းချစ်လိမ့်မည်ဟု ကျွန်တော် အကြွင်းမဲ့ယုံကြည်ထားပါသည်။

လွန်ခဲ့သောတစ်လလောက်က ကျွန်တော် အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် မျိုး၏နံဘေး၌ ကောင်လေးတစ်ယောက်ကို တွေ့ရပါသည်။ ကျွန်တော် လွန်စွာ ငိုကြွေးခဲ့ရပါသည်။

အိပ်မက်မက်ပြီးပြီးချင်း မျိုးကို ကျွန်တော် ပို၍ သတိရမိပါသည်။ ထို့ကြောင့် ကျွန်တော် မြန်မာပြည်သို့ အလျင်အမြန် ပြန်လာခဲ့ခြင်း ဖြစ်ပါသည်''

ငိုချင်သလိုလို ခံစားရသဖြင့် ထိုစိတ်ကို သူ ထိန်းသိမ်းသည်။ မျိုးမျိုးမြင့်ထံမှ ရှိုက်သံလေးတွေ ထွက်ပေါ်လာ၏။ ဘာဖြစ်လို့ ငိုတာလဲဟု သူ မမေး။ ချစ်သူ၏ရင်တွင်းသို့ စာနာမြင်တွေ့လိုက်သူ တစ်ဦးအနေဖြင့် ထိုကဲ့သို့ ငိုရှိုက်မိပေမည်။ လေအေးစက်ကို သူ ပိတ်လိုက်သည်။ ကားပြတင်းတွေကို ဖွင့်လိုက်သည်။

ကားကို နောက်သို့ဆုတ်သည်၊ ဘယ်ကိုကွေ့သည်။ ဥယျာဉ်၏ထွက်ပေါက်သို့ ညင်သာစွာ ချိုးကွေ့လိုက်၏။ အိမ်ပြန်တော့မည်ဟု ချစ်သူကိုပင် မတိုင်ပင်ဖြစ်တော့ချေ။ ချစ်သူပြောမည့်ချစ်သူအကြောင်း





ကိုလည်း နားထောင်ချင်စိတ် မရှိတော့။

●

♫ ××× ချစ်သူလေးရဲ့ပါးပြင်မှာ ××× စီးကရက်နဲ့ ရနေ ×× မောင် တကယ် စီးကရက်မသောက်တတ်မှန်းကို မောင်ပဲအသိဆုံးပါ မေ ×××

ချစ်သူလေးနဲ့ နမ်းစဉ်မှာ အရက်နံ့သင်းပျံ့နေ ××× မောင် တကယ် အရက်မသောက်တတ်ခဲ့မှန်းကို မောင်ပဲ အသိဆုံးပါ မေ ×××

ဘာ့အတွက် ဘာ့ကြောင့် ပြောတော့ မပြောပါနဲ့ ××× ဘယ်သူ့အတွက် ဘယ်သူ့ကြောင့် လုံးဝ မကြားချင်ဘူး ××× ယခုအထိ ခွင့်လွှတ်ရေးအတွက်တော့ ကြိုးစည်နေဆဲပဲလေ ××× ♫

♫ ××× ချစ်သူလေးရဲ့ ပခုံးဆီမှာ လက်သည်း



www.burmeseclassic.com

www.burmeseclassic.com



ချက်များ တွေ့နေ ××× မောင် လက်သည်းအရှည်
မထားတတ်မှန်းကို မောင်ပဲ အသိဆုံးပါမေ ×××
ဆံမြိတ်ပြေပြီးတော့ ပန်းတွေကြွေ ×××
မကြည့်ရက်ဘူးအချစ်ရေ ××× မောင်စောင့်စည်းတဲ့
စည်းကမ်းလေးတွေ မောင်ပဲအသိဆုံးပါမေ ××♫

'ချောက်'

"မျိုး ဘာဖြစ်လို့ ပိတ်လိုက်တာလဲ"

ကားလက်ကိုင်ခွေကို လက်ယာလက်ဖြင့်သာ ကိုင်တွယ်ထိန်းမတ်ပြီး လက်ဝဲလက်ဖြင့် ကတ်ဆက်ခွေကို သူ ပြန်သွင်းသည်။

"ဟာ ... ကိုကလည်း အဲဒီသီချင်းကြီး မကောင်းပါဘူး"

"ကောင်းပါတယ်"

ခေါင်းကုတ်လျက် ...

"စည်သူလွင်ကို မကြိုက်ဘူး"

"ကိုယ်က ကြိုက်တယ်၊ မကြိုက်ဘူးတော့ မဟုတ်ဘူး။ ဒါပေမဲ့ စာသားလေးတွေက သနားစရာကောင်းလို့"

"မကောင်းပါဘူးဆို"





ချစ်သူ့မျက်နှာကို သူ တစ်ချက်ငုံ့ကြည့်သည်။ ကြည့်ရင်းပြုံးလျက် ...

"မျိုး၊ ဒီသီချင်းကို လုံးဝ နားမထောင်ချင်ဘူးလား"

"ဟုတ်တယ်၊ နားမထောင်ချင်ဘူး"

ကက်ဆက်ခွေကို သူ လှမ်းယူပြီး ကား၏ပြင်ပသို့ လွှဲပစ်လိုက်၏။

"ဟယ် ... ဘာဖြစ်လို့ လွှင့်ပစ်လိုက်တာလဲ"

"မျိုး နားမထောင်ချင်ဘူးဆို၊ မျိုး မနှစ်သက်တဲ့ အရာအားလုံး ကိုယ့်ပတ်ဝန်းကျင်မှာ မရှိစေရဘူး မျိုး"

ကားကို အရှိန်မြှင့်ပစ်လိုက်၏။

နားမလည်စွာ ငေးကြည့်နေသူအား ငုံ့ကြည့်လျက် သူ ပြုံးပြလိုက်သည်။ ပြုံးလျက် နာကျင်၏။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

"အဲဒါပဲ ကျော်သက်ခိုင်၊ ကြားမဝင်ချင်ဘူးတို့ အကြံမပေးချင်ဘူးတို့၊ နှာစေးနေတယ်လို့ မင်းမလုပ်ပါနဲ့ကွာ။ ငါ တကယ် ခံစားနေရတာပါ။ ငါ ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်နေတာပါ"

လက်ဖက်ဇွန်းကို ကိုင်မ,ပြီးခါမှ ကျော်သက်ခိုင် ဇွန်းကို ပြန်ချသည်။

"ထက်စိုး၊ ငါက မင်းသူငယ်ချင်းပါကွာ။ မင်းပြဿနာ ငါ့ပြဿနာပေါ့။ ဒါပေမဲ့ ငါ လူတွေကို ကြောက်တယ်ကွ။ အဲဒါကြောင့် ဘယ်လူနဲ့မှ ပြဿနာမဖြစ်ချင်လို့ လူ့အတန်းအစားရဲ့ အနိမ့်ဆုံး အဆင့်



www.burmeseclassic.com

www.burmeseclassic.com



ရဲဆုံးဘ၀ကို ငါ ခံမင်နေတာပဲ။

မင်း ပြဿနာကို ငါ့ပြဿနာလို့ သဘောထားပြီး ငါ ရင်ဆိုင်လိုက်မယ်ဆိုပါတော့။ အနည်းဆုံး မျိုးမျိုးမြင့်နဲ့ငါ ထိပ်တိုက်တွေ့ရမယ်။ ဇာနည်ဆိုတဲ့ ကောင်လေးနဲ့ ငါရင်ဆိုင်ရမယ်။ အဲဒီအခါ လူဆိုတဲ့ သတ္တဝါတွေနဲ့ ငါ ပြဿနာဖြစ်တော့မယ်။

အဲဒါကြောင့် မင်းပြဿနာထဲကို ငါ တရားဝင် ဝင်မပါခဲ့တာပဲ သူငယ်ချင်း''

''ဒါဆို မျိုးအကြောင်းကို မင်း တစ်ခုခု သိထားတယ် မဟုတ်လား''

ကျော်သက်ခိုင် ခေါင်းမညိတ်။ လက်ဖက်ပန်းကန်ကိုသာ မွှေနှောက်နေ၏။

''ပြောပါကွာ''

သူ့ကို တစ်ချက်ကြည့်ပြီးမှ ကျော်သက်ခိုင်က . . .

''ငါက အိမ်တစ်အိမ်ကို မီးလောင်နေတာမြင်ရင် ဘယ်တော့မှ မီးဗျို့ မီးဗျို့လို့ မအော်ဘူး။ အနီးအနားမှာရှိတဲ့ လူ လေးငါးယောက်ကို လက်တို့ပြီး မီးလောင်နေတယ်လို့ပြောမယ်။ ဘယ်သူက မီးသတ်၊





ဘယ်သူက ရုပ်ကွက်ကို ကာကွယ်၊ ဘယ်သူက ဘေးအိမ်တွေကို ရေဖျန်းလို့ အမြန်ဆုံးပြောပြီး စနစ်တကျ စီမံတတ်တယ်။

မီးဗျို့ မီးဗျို့လို့ အော်လိုက်ရင် မီးလောင်တာပဲ လူသိမယ်၊ မီးငြိမ်းဖို့ စနစ်တကျ စီမံနိုင်မှာမဟုတ်ဘူး။ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ မလိုအပ်ဘဲ အထိတ်တလန့် ဖြစ်မယ်။ အမှားအယွင်းဖြစ်မယ်လို့ ငါ ယူဆတယ်။

မင်းဆီကို ရေးလိုက်တဲ့ ငါ့စာဟာ မီးဗျို့ မီးဗျို့လို့ ငါ အလန့်တကြားအော်လိုက်တာ မဟုတ်ဘူး။ မီးလောင်နေတယ်လို့ပဲ တီးတိုးသက်သာ အကြောင်းကြားလိုက်တာပါ။

မင်းကိုကြည့်ရတာ လောင်နေတဲ့မီးကို ငေးကြည့်ပြီး၊ ဘယ်လိုငြိမ်းရမှန်းမသိတဲ့သူလို ဖြစ်နေတယ် ထက်စိုး''

''ဟုတ်တယ်။ အဲဒီလိုဖြစ်နေတယ်ဆိုတာ ငါ ဝန်ခံပါတယ်ကွာ''

ဟု သူပြော၏။

''မင်း ဝင်ပြီး ငြိမ်းပေးနိုင်ရင် ကောင်းမယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျော်သက်ခိုင် မပြုံးချင်ပြုံးချင်ဖြင့် ပြုံးလိုက်သေးသည်။

"ကြားမဝင်ချင်ဘူးလို့ ငါ ပြောဖူးတယ်နော်"

သူ ခေါင်းညိတ်၏။

"လမ်းမှာ လင်မယားနှစ်ယောက် ရန်ဖြစ်တယ်။ ယောကျ်ားက မိန်းမကို ကိုယ်ထိလက်ရောက် ရိုက်ပုတ်တယ်။

အမြင်မတော်တဲ့သူက မိန်းမကို သနားလို့ ယောကျ်ားကို ဝင်ထိုးတယ်။ ယောကျ်ားလည်း ပစ်လဲသွားရော ခုနက အရိုက်ခံနေရတဲ့မိန်းမက သူ့ယောကျ်ားကို ပြေးထူပြီး 'လာကြပါဦးရှင် လာကြပါဦး၊ ကျွန်မယောကျ်ားကို ဒီမှာ ထိုးကြိတ်နေလို့ပါ' လို့ အော်ဟစ်တော့တာပဲ။ အမြင်မတော်လို့ ဝင်ကူမိတဲ့လူ ဘယ်လိုခံစားရမလဲ ထက်စိုး"

"အဲဒီလို ဝင်စွက်ဖက်မိလို့ ဖြစ်လာမယ့်ပြဿနာတိုင်းကို ငါ့သူငယ်ချင်းတစ်ယောက်အနေနဲ့ မင်း ရင်မဆိုင်ပေးနိုင်ဘူးလား ကျော်သက်ခိုင်"

"မင်း နိုင်ငံခြားသွားတာကို ငါ မထောက်ခံခဲ့တာကိုက မင်းပြဿနာထဲမှာ ငါ ဝင်စွက်ဖက်ခဲ့တာပဲ





လို့ မင်း သတိမပြုမိဘူးလား ထက်စိုး"

သူ့စကားသံ တိတ်ဆိတ်သွားတော့၏။

"မင်းသာ နိုင်ငံခြားမသွားခဲ့ရင် ဒီပြဿနာ မဖြစ်နိုင်ဘူး။ မင်းသာ ရည်းစားမထားခဲ့ရင် အခုလို ရင်နင့်စရာမျိုး ကြုံရမှာမဟုတ်ဘူး။ ဘယ်သူမပြု မိမိမှုတဲ့။ ဘယ်သူ့ကိုမှ အပြစ်မတင်ခင် မင်းကိုယ်မင်း အပြစ်တင်သင့်တယ်"

"အေးပါကွာ။ ဒါပေမဲ့ ဒါတွေ ဒီလိုဖြစ်လာမယ်လို့ ငါမှ ကြိုမသိနိုင်တာဘဲ"

"ကြိုမသိတာကိုက မင်းအမှားပေါ့ကွ။ ခေတ်ပညာတတ်ဆိုပြီး အရာရာကို ကြိုမတွေးနိုင်တာကိုက မင်း သိက္ခာကျစရာပေါ့။

မိန်းမတဲ့။ ဆောင်းလေလိုပဲ အပြောင်းအလဲမြန်တယ်။ ဒီလောက်တော့ မင်းသိသင့်တယ်။ ကြိုတင်ကာကွယ်မှုတော့ လုပ်ခဲ့သင့်တယ်"

"မသွားခင် လက်ထပ်ထားမယ်လို့ ငါ ပြောခဲ့သေးတယ်ကွ"

ကျော်သက်ခိုင် ရယ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ခဲ့တာ ခြံစည်းရိုးခတ်ခဲ့တာမှ မဟုတ်ဘဲကွ။ လက်ထပ်ခဲ့တိုင်း နိုင်မြဲမယ်လို့ မင်း ထင်နေလို့လား"

"ဒါဆို ငါ ဘာမလုပ်ခဲ့တာလဲ"

"မျိုးမျိုးမြင့်က ဆယ်တန်းမအောင်သေးဘူး လေ။ ကိုယ် ပြန်မလာခင် ဆယ်တန်းအောင်အောင် ဖြေထားနော်လို့ မင်း မှာခဲ့သလား"

သူ ခေါင်းငိုက်စိုက်ကျသွားသည်။

"ပညာရဲ့တန်ဖိုး၊ ဘဝရဲ့တန်ဖိုး၊ သစ္စာရှိခြင်း ရဲ့တန်ဖိုးတွေကို မင်း သူသိအောင် ပြောခဲ့ဖူးသလား"

လေးပင်စွာ ခေါင်းခါလေသည်။

"ချစ်သူမို့ ချစ်တယ်လည်းပြောတယ်၊ ချစ်သူ အဖြစ်သာ မင်းက ချစ်နေချင်တာကိုး။ ချစ်သူရဲ့အသိ တရား မြင့်မားလာအောင် မင်း မစွမ်းဆောင်ဘူး။

သူတို့ကတောင် ဘဝချင်းညီမျှဖို့ မင်းကို နိုင်ငံခြားလွှတ်သေးတာပဲ။ မင်းကလည်း အသိတရား ချင်း ညီမျှဖို့ ပညာဉာဏ်ကို မြှင့်တင်ပေးဖို့ အနည်းဆုံး ဆယ်တန်းအောင်အောင် ဖြေခိုင်းခဲ့သင့်တယ်။





ဆယ်တန်းဖြေရမယ်လို့ သိရင် အဲဒီအသိက တခြားကို မလွင့်တော့ဘူး။ တခြားကိုမလွင့်ရင် တခြားသူဆိုတာ ဝင်လာစရာအကြောင်း မရှိဘူး။ မင်းရဲ့ချို့ယွင်းချက်ပဲ သူငယ်ချင်း"

"ငါ ချစ်တာပဲ သိခဲ့တယ်ကွ"

"တကယ့်အချစ်ကို မင်း မသိခဲ့ပါဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ မင်းက ရည်းစားထားထားချင်း အိမ်ထောင်ဘက်အဖြစ် ရွေးချယ်လိုက်ရတာကိုး။ အချစ်အကြောင်းကို မင်း လေ့လာခွင့် မရလိုက်ဘူး။ အချစ်ဆိုတာ ပေးဆပ်တာကွ။ မင်းက ရယူချင်တာ၊ ပိုင်ဆိုင်ချင်တာ၊ ချစ်သူကို ရုပ်ဝတ္ထုဖြည့်ဆည်းပေးဖို့ပဲ မင်းသိခဲ့တယ်၊ ချစ်သူကို အသိတရားတွေပေးဖို့ မင်း မသိခဲ့ဘူး။

ပေးဆပ်တဲ့သူဟာ မရတော့ဘူးဆိုတာ သိရင် လည်း ပေးဆပ်ထားပြီးသားမို့ လူးလူးလိမ့်လိမ့် ခံစား ရမှာ မဟုတ်ဘူး။ ချစ်သူနဲ့ကွေကွင်းမှာ ကြောက်တဲ့ စိတ်က ရယူချင်တဲ့စိတ်၊ အဲဒီစိတ်ထားမျိုးရှိတဲ့ သူက မရတော့ဘူးဆိုတာသိရင် အရူးအမူး၊ အလူးအလဲ



www.burmeseclassic.com

www.burmeseclassic.com



ခံစားရတတ်တယ်''

သူ သက်ပြင်းချ၏။ ပြီးမှ ...

''မင်း အဲဒါတွေ ဘယ်လိုလုပ်သိနေတာလဲ ကျော်သက်နိုင်'' ဟု သူမေးသည်။ ''မင်း ငွေတွေရှာနေတဲ့အချိန်မှာ ငါက အသိတရားတွေ ရှာနေတာပေါ့ကွ'' ဟု ကျော်သက်နိုင် ပြော၏။

ပြီးမှ ...

''ငါက လူတွေနဲ့ ခပ်ဝေးဝေးနေတာကွ။ ခပ်ဝေးဝေးနေရင် လိုအပ်ချက်တွေကို ပိုမြင်နိုင်တယ်။ နီးလွန်းရင် မမြင်တတ်ဘူးလေ။

ကဲ ... ငါ ဆိုင်သိမ်းလိုက်ဦးမယ်။ မင်း ဒီဆိုင်မှာပဲ ထိုင်စောင့်၊ ပြီးရင် မင်းနဲ့ငါ တစ်နေရာရာမှာ စကားတွေအများကြီးပြောမယ်။ မင်းပြဿနာထဲကို ငါ ဝင်လာပြီလို့ သဘောထားလိုက်ပါကွာ''

ကျော်သက်နိုင်က ထိုင်နေရာ လမ်းဘေးစားပွဲငယ်မှ ထသွားသည်။ သူ ကျန်ရစ်ခဲ့၏။ ကျော်သက်နိုင်၏ အမူအရာတွေ၊ စကားသံတွေကို ကြည့်မြင်နာယူပြီး ကျော်သက်နိုင်ကဲ့သို့ အေးအေးချမ်းချမ်း နေချင်စိတ်မျိုး ဖြစ်လိုက်မိသေး၏။

■



(၁၅)

ကျော်သက်နိုင်၏မျက်နှာသည် ကြည်လင်လျက်ရှိ၏။ တစ်နေ့တာလုံး ဈေးသံတရွဲရွဲဖြင့် နေထိုင်ခဲ့သော်လည်း နွမ်းနယ်မောပန်းနေသူအဖြစ် မမြင်ရ။ သက်တူရွယ်တူ အတန်းပညာချင်း တူညီခဲ့ပါလျက် သူ့ထက် တစ်စုံတစ်ရာ သာလွန်နေသည်ဟု ခန့်မှန်းသိဖြင့် သူသိ၏။

ကျော်သက်နိုင်သည် အသားညိုညက်၏။ မျက်နှာပေါ်တွင် အထင်ရှားဆုံးအရာမှာ စူးရှထက်မြက်သော မျက်လုံးများပင်ဖြစ်၏။ ကျော်သက်နိုင် ရယ်မောလိုက်သောအခါ အနီးအပါးတွင်ရှိသူ၏ရင်ကို ငြိမ်းအေးစေလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



ကျော်သက်နိုင်၏အိမ်သို့ သူလိုက်ပို့သည်။ ရေချိုးပြီးမှ သူနှင့်
အတူ အပြင်သို့ ပြန်လိုက်ခဲ့၏။ မိခင်နှင့်ညီ ညီမတို့ကို ထမင်းစားနှင့်
ရန် မှာကြားသံကို သူကြား၏။ "စကားတွေ အများကြီးကို အေးအေး
ဆေးဆေးပြောလို့ရမယ့်နေရာကို သွားမယ်" ဟု ကျော်သက်နိုင်
ပြောသည်။ "ဘယ်နေရာလဲ" ဟု သူမေးသည်။

"ထိန်ပင်ဖြစ်ဖြစ်၊ ရေဝေးဖြစ်ဖြစ် တစ်ခုခု

ပေါ့"

တစပြင်တို့၏နာမည်ကို ပြောပြီး ကျော်သက်နိုင် ရယ်မော၏။
သူပါ ရောရယ်ပြီး "မင်း တော်တော်နောက်တဲ့ကောင်ပဲ" ဟု
ပြောလေသည်။ ရည်ရွယ်ချက်မရှိစွာ ကားကို မောင်းထွက်ခဲ့သည်။
ပြီးမှ မြစ်ကမ်းစပ်တစ်ခုရှိ စားသောက်ဆိုင်သို့ ဦးတည်ခဲ့ကြ၏။ မြစ်
ကိုဖြတ်၍ တိုက်ခတ်လာသော လေပြည်က ရင်တွင်းသို့ အေးမြ
လန်းဆန်းစေလေသည်။ အားကိုးတစ်ခုရပြီ၊ တိုင်ပင်ဖော်ရပြီဟု
ကြည်နူးစွာ သူ တွေးလိုက်၏။





သင့်တင့်သောအလင်းရောင်အောက် စားပွဲဝိုင်းများ၌ စား
သောက်နေသူတွေ ကျဲပါးစွာ ရှိနေသည်။ မြစ်ကမ်းသို့ လှိုင်းရိုက်သံ၏
ဆူညံမှုမှတစ်ပါး အခြားသောဆူညံမှုမျိုးတွေ အနီးအပါးအတွင် မရှိ။

သူက ဘီယာနှင့်စားသောက်ဖွယ်ရာတွေ မှာသည်။ ကျော်
သက်နိုင်က အချိုရည်သာ မှာယူ၏။ စားသောက်ဖွယ်ရာအဖြစ် အသား
ငါး လွတ်ကင်းသော အသီးအနှံကိုသာ မှာသည်။

နှစ်ဦးစလုံး ဖွာရှိုက်နေသည့် စီးကရက်အခိုးအငွေ့များသည်
အနီးအပါး၌ ကြာရှည်စွာ လွင့်ပျံနိုင်ခြင်းမရှိ။ မြစ်လေကြောင့် ရုတ်
တရက်သာ လွင့်ပါးသွားရရှာ၏။

"ငါ အခုပြောမယ့်စကားတွေဟာ မျိုးမျိုးမြင့်
ရဲ့ သစ္စာဖောက်မှုတွေလို့ မင်း မယူဆရဘူး။ မိန်းက
လေးတစ်ယောက် ဖြစ်လေ့ဖြစ်ထရှိတဲ့ အမှားအယွင်း
လေးတွေလို့ပဲ မင်း သဘောထားရမယ်။

မှားချင်လို့ မှားတာမဟုတ်ဘဲ မှားခွင့်ရလို့
မှားတာမျိုးမို့ မင်းအနေနဲ့ ခွင့်လွှတ်နိုင်ရမယ်။ မှား
ယွင်းခွင့်ကို မင်း ဖန်တီးပေးခဲ့တယ်လို့ပဲ မင်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ် အပြစ်တင်ရမယ်''

''အေးပါကွာ။ စိတ်ချပါ''

''မိန်းမမို့လို့ ဖောက်ပြန်တာ၊ ပညာဉာဏ်နည်းလို့ ဖောက်ပြန်တာပါလို့ ငါကတော့ မစွပ်စွဲဘူး။

ပညာနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ မိန်းမဖြစ်စေ၊ ယောက်ျားဖြစ်စေ မှားတတ်ကြတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးဟာ ပုထုဇဉ်တွေမို့ပေါ့''

အခြားသူတစ်ဦးတစ်ယောက်၏ အကြောင်းကိစ္စကို နားထောင်နေရသည့်ပမာ သူ့ရင်ထဲမှာ အနည်းငယ်ဖြေသာနေသည်။ အဘယ်ကြောင့်ဆိုသော် သိကြားထားရာကိစ္စကို ထပ်မံ၍ သိကြားရခြင်းဟု တွေးဆနိုင်ခြင်းကြောင့် ဖြစ်၏။

''မဆွေဆွေတင့် ပြောခဲ့တဲ့ မျိုးမျိုးမြင့် အကြောင်းတွေဟာ အားလုံးအမှန်တွေပဲ။

အသက် နှစ်ဆယ်ကျော်အရွယ်၊ အအုပ်အထိန်းမရှိတဲ့ အခြေအနေ၊ အဲဒါကို ချိန်ဆလိုက်ရုံနဲ့ မင်း သူ့ကို ခွင့်လွှတ်နိုင်လိမ့်မယ်လို့ ငါထင်တယ်''

''ငါ ခွင့်လွှတ်ပြီးသားပါကွာ'' ဟု သူ ပြောသည်။





''ဇာနည်ဆိုတာ တခြားသူမဟုတ်ဘူး။ မင်းရဲ့ ညီ ကျော်လင်းရဲ့ သူငယ်ချင်းပဲ''

ဟု အားသင့်သွားသဖြင့် ပါးစပ်မှ အာမေဍိတ်ပင် မပြုနိုင်တော့။

''ငါ့ကို ငါ့ညီ ဘာမှမပြောဘူး''

''ဇာနည်နဲ့ ကျော်လင်းနဲ့ ပြဿနာဖြစ်တယ်။ မမျိုးမျိုးမြင့်က ငါ့အစ်ကိုရဲ့ရည်းစားလို့ ပြောတာကို ဇာနည်က ပျက်ရယ်ပြုတယ်တဲ့။

ထိုးကြ ကြိတ်ကြ ဖြစ်သေးလို့ မင်းမိသားစု တစ်စုလုံး သိသွားကြတာ။ ဒါပေမဲ့ အဲဒါကို မျိုးမျိုးမြင့် အခုထိ မသိဘူး''

''အမေတို့က ငါ့ကို ဘာဖြစ်လို့ ဖွင့်မပြောကြသေးတာလဲ''

''မပြောရက်လို့ပေါ့ကွ''

''မဆွေဆွေတင့်ကရော ဇာနည်ဆိုတာ ကျော်လင်းရဲ့သူငယ်ချင်းမှန်း သိလား''

''သိလိမ့်မယ် မထင်ဘူး။ မျိုးမျိုးမြင့်ကိုယ်တိုင် လည်း မသိဘူး။ အဲဒီ ဇာနည်ဆိုတဲ့ကောင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း မင်းညီနဲ့ သူနဲ့ သူငယ်ချင်းဆိုတာ ပြောထားပုံ မရဘူး။ ဘယ်လိုခေါ်မလဲ၊ သိသိနဲ့ကို ဝင်ကြံတာမျိုး ဖြစ်မှာပေါ့''

''ငါ့ညီနဲ့ အဲဒီဇာနည်နဲ့ ဘာက ဘယ်လို ထိုးကြ ကြိတ်ကြ ဖြစ်တာလဲ''

''ငါ့အစ်ကိုရဲ့ရည်းစား၊ ပြန်လာရင် လက်ထပ်ကြမှာလို့ ပြောတာကို ရည်းစားဆိုတာ လင်မယား မဟုတ်ဘူးလို့ ပြောတယ်တဲ့။

မင်းညီက ဇာနည်ကို 'ကြာကူလီ' လို့ ခေါ်ရာကနေ ရန်ပွဲဖြစ်တော့တာပဲ''

''အဲဒီကောင်လေးကို မင်း မြင်ဖူးလား''

''မြင်ဖူးတယ်။ ဒီကောင် စတိုးဆိုင်ကအထုတ်မခံရခင်က ငါ သွားကြည့်လိုက်သေးတယ်။ မျိုးမျိုးမြင့်နဲ့တောင် တွေ့ခဲ့သေးတယ်''

''မျိုးကို မင်း စကားပြောခဲ့သေးလား''

''ဟင့်အင်း၊ မပြောခဲ့ဘူး။ ရယ်ပြရုံပဲ ရယ်ပြခဲ့တယ်။ မဆွေဆွေတင့်က ဇာနည်ကို အလုပ်ထုတ်လိုက်တော့ မျိုးမျိုးမြင့်က ကန့်ကွက်တယ်။ ဟိုတုန်း





က သမီးယောက်မနှစ်ယောက် အခုလောက် မတင်းမာခဲ့ကြဘူး။

အဲဒီကိစ္စ ဖြစ်ပြီးမှ တင်းမာသွားကြတာ။ အလုပ်ထုတ်ခံရတဲ့ ဇာနည်ကို မျိုးမျိုးမြင့်က အလုပ်ရှာပေးတယ်။ ငွေကြေးထောက်ပံ့တယ်။ အိမ်တွေ ဘာတွေတောင် ခဏ ခဏ သွားလည်တယ်ဆိုပဲ''

''မင်း တော်တော်သိနေတာပဲနော်'' ဟု ကျော်သက်နိုင်ကို သူ ပြော၏။ ကျော်သက်နိုင်က . . .

''ငါ သိတာမဟုတ်ဘူး။ ကြားတာ။ ဒါပေမဲ့ ကြားတာကို သေချာအောင်တော့ ငါ စုံစမ်းတယ်။ ဇာနည် အခုလုပ်နေတဲ့အလုပ်က မင်းညီလုပ်တဲ့ အလုပ်မှာပဲ''

''ဪ''ဟုသာ မောလျစွာ မြည်တွန်မိသည်။

''မျိုးမျိုးမြင့်နဲ့ ကျော်လင်းနဲ့ မျက်နှာချင်းဆိုင် မကြုံသေးဘူးတဲ့၊ ကျော်လင်းကသာ ခပ်ဝေးဝေးကနေ မြင်တွေ့နေတာ''

''ငါ့ညီနဲ့ ဇာနည်နဲ့ ဆက်ဆံရေးကရော''

''စကားမပြောကြတော့ဘူးလေ။ ဇာနည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com



က ကာယကံရှင်တွေသိသွားလည်း ဂရုမစိုက်ဘူး ဆိုတဲ့ ပုံစံပဲ။

အဓိပ္ပာယ်ကတော့ မျိုးမျိုးမြင့် သူ့ဘက်မှာ ရှိနေလိမ့်မယ်ဆိုတဲ့ သဘောပေါ့ကွာ''

''ဖာနည့်မှာ ဘာအရည်အချင်းရှိလဲ''

''ရုပ်ချောတယ်။ စကားသွက်တယ်။ ဖျတ်ဖျတ်လတ်လတ် ရှိတယ်၊ မျက်နှာချိုတယ်။ သပ်သပ်ရပ်ရပ် ဝတ်စားတတ်တယ်။ ပြီးတော့ ရည်းစားများတယ်''

''သူ့မိဘတွေနဲ့ ငါ သွားဆွေးနွေးရင် ကောင်းမလား''

ကျော်သက်ခိုင် တဟားဟားရယ်၏။

''မင်း အရူးဖြစ်သွားမှာပေါ့။ မင်းချစ်သူကို သူက နှောင့်ယှက်တာမဟုတ်ဘူးလေ။

အလိုတူ အလိုပါ နှစ်ဦးသဘောတူ ဖြစ်နေကြတာ။ မျိုးမျိုးမြင့်က မင်းရဲ့ဇနီးမယားမှ မဟုတ်ဘဲ''

မှာယူထားသော စားသောက်ဖွယ်ရာတွေ စားပွဲပေါ်သို့ ရောက်လာသည်၊ ရင်ထဲတွင် နင့်နာခဲ့သည်မှာ ကြာလပ်ခဲ့သောကြောင့်





သား မပြောတတ်၊ ထုံထိုင်းနေရသူပမာ ခံစားနေရ၏။

''မျိုးကို ငါ ဖွင့်မေးလိုက်ရင် ကောင်းမလား ဟင်''

ကျော်သက်ခိုင် ခေါင်းယမ်းသည်။

''ဒီကိစ္စမျိုးက တော်တန်ရုံ အထောက်အထားလောက်နဲ့တော့ မေးလို့ရမယ့်ကိစ္စမျိုး မဟုတ်ဘူး''

သူက ...

''သူတို့နှစ်ယောက်ကို မဆွေဆွေတင့် တွေ့ထားတာလေ။ အိပ်ခန်းထဲမှာ''

ကျော်သက်ခိုင် လက်ကာသည်။

''မဆွေဆွေတင့်ကို မျိုးမျိုးမြင့်နဲ့ ရန်တိုက်ပေးသလို ဖြစ်နေပြီကွ။ ကဲ ထားပါ။ မင်းက မေးတဲ့အခါ ဝန်မခံရင် မင်း ဘယ်လိုလုပ်မလဲ''

သူ စကားမတုံ့ပြန်။

''ရိုက်စစ်မှာလား''

သူ ခေါင်းယမ်း၏။

''ဝန်ခံပါပြီတဲ့။ မင်း ဘာလုပ်မလဲ''

''ဝန်ခံရင် နောက်မလုပ်ဖို့ ဆုံးမမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



''မင်းအဖြေ မဆိုးပါဘူး။ ငါ့အထင်တော့ မင်းကို မျိုးမျိုးမြင့် လက်ထပ်မှာပါ။ ဇာနည်ဆိုတာက အနေနီးလို့ ခလုတ်တိုက်မိတဲ့ သဘောလောက်ပါ။

အင်း၊ ဒါပေမဲ့ မိန်းမဆိုတာက ခလုတ်တိုက်လို့ ဟပ်ထိုးလဲတာနဲ့ သေရာပါဖြစ်သွားတတ်တာမျိုးလည်း ကြုံရနိုင်တယ်''

''သူ ဇာနည့်ကို အရမ်းတွယ်တာနေရင် ဒုက္ခပဲကွာ''

''ထက်စိုး၊ မျိုးမျိုးမြင့်က အပြစ်ကို ဝန်မခံရင်သာ ရှိရမယ်။ သူ့ဣန္ဒြေသိက္ခာကို အထိနိုက်ခံပြီး ဇာနည့်ကိုတော့ ယူမှာမဟုတ်ဘူး''

''ဘာဖြစ်လို့ အဲဒီလို ပြောနိုင်တာလဲ''

''မိန်းမဆိုတာ ထိန်းရင်းထိန်းရင်းနဲ့ မှားတတ်ကြတာမျိုးကွ။ မှားတဲ့အလုပ်ကိုသာ လုပ်မိကြတာ။ လူ့အကဲ့ရဲ့ကို သေသေချာချာ မခံရဲဘူး''

''မဆွေဆွေတင့် ရှေ့ဆိုင်က ဝန်ထမ်းတွေရှေ့မှာ ပေါ်ပေါ်ထင်ထင် နေရဲတာ။ အဲဒါ သူ ကဲ့ရဲ့မှာ မကြောက်လို့ မဟုတ်ဘူးလား''





''အဲဒါ အရွဲ့တိုက်တာလေ။ လူသိမခံရမယ့်ကိစ္စ ဖြစ်ပါစေ၊ သူတို့မကျေနပ်တဲ့သူရှေ့မှာကျတော့ ဘာဖြစ်သလဲဟေ့ ဆိုတာမျိုး ရင်ကော့ပြီး လုပ်ပြကြတယ်။ အဲဒါလည်း မိန်းမတွေရဲ့စရိုက်ပဲ။ မင်းရှေ့မှာ အဲဒါမျိုး သူ ဘယ်လုပ်ပါ့မလဲ။

မကျေနပ်တဲ့သူ ရှေ့မှာသာ အရွဲ့တိုက်ချင်တိုက်မယ်။ ချစ်သူရှေ့ကျတော့ အဲဒီကိစ္စမျိုးကို ဖုံးဖုံးဖိဖိ နေကြမှာပါ၊ အတတ်နိုင်ဆုံး မာယာနဲ့ဖုံးမယ်။ မုသားနဲ့ဖုံးမယ်၊ စိတ်ဆိုးချင်ဟန်ဆောင်ပြီး အမူအရာနဲ့ ဖုံးမယ်''

''ဒါဆို ငါ အခု ဘာလုပ်သင့်သလဲ၊ ကျော်သက်နိုင်''

''မင်းရဲ့ အဖေ၊ အမေ၊ ညီ၊ ညီမတွေကို တရားဝင်မေးလိုက်တော့။

အပြင်လူ ပြောတယ်ဆိုတာ တရားမဝင်ဘူး။ အဖေ၊ အမေ ကိုယ်တိုင်ပြောတာ တရားဝင်တယ်။ ညီတွေ၊ ညီမတွေ ဖုံးကွယ်ထားတယ်ဆိုတာ စိတ်မကောင်းကြလို့ နေမှာပါ၊ မေးလို့ရအောင်သာ မေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်။ မျိုးမျိုးမြင့်မှားနေတာကို မင်းကိုယ်တိုင် တရားဝင် လက်ခံပြီးဆိုမှ ဘာဆက်လုပ်ရမယ်ဆိုတာ ငါတို့ စဉ်းစားကြတာပေါ့။ နော် သူငယ်ချင်း''

ပေါ့ပါးစွာ သူ ခေါင်းညိတ်သည်။

ကျော်သက်ခိုင်က ဘီယာခွက်ကို သူ့ရှေ့သို့ တိုးပေး၏။ ပြီးမှ အချိုရည်ခွက်ကို ကိုင်သည်။ ပြီးမှ ...

''ကဲ၊ မင်းက ဘီယာသောက်။ ငါက အချိုရည်သောက်ပြီး မင်းနဲ့အတူ ကူပြီးတော့ မူးပေးမယ်၊ ရော့''

ဖန်ခွက်နှစ်လုံးကို ကိုင်မြှောက်လိုက်ကြ၏။ မသောက်မီက မူးချင်သည်။

■



(၁၆)

အဖေရော အမေရော မျက်နှာထားပျက်ယွင်းခြင်း မရှိကြ။ အခြားသော သူစိမ်းမိန်းကလေးတစ်ဦးအကြောင်း ပြောဆိုနေသည်ကို သမာသမတ်ကျကျ ချင့်ချိန်နားထောင်နေပုံရသည်။

ညီမ၏မျက်နှာသည် စိတ်မကောင်းခြင်းကြီးသည့်မျက်နှာ၊ မျိုးမျိုးမြင့်အကြောင်း ပြောဆိုနေရသည်ကို မနှစ်မြို့သောမျက်နှာမျိုးဖြင့် ရှိနေ၏။ ညီဖြစ်သူ ကျော်လင်းကတော့ ဒေါသအနည်းငယ်နှောသော လေသံမျက်နှာထားမျိုးဖြင့် ပြောပြနေရှာသည်။ စိတ်ကို အတည်ကြည်ဆုံးထားလျက် သူ နားထောင်၏။

''ကျွန်တော်က ကိုကြီးဆီကို စာရေးပြီးပြော မလို့၊ မေကြီးတားလို့ မရေးဖြစ်တာ။ မမျိုးမျိုးမြင့်က



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိတာ မှန်တယ်။ ဒါပေမဲ့ ကျွန်တော်က ဇာနည်ကို ပိုတင်းတာ။ ဒီကောင် သိသိကြီးနဲ့"

"ဖြစ်ပြီးမှ သိတာလား၊ မဖြစ်ခင်က သိတာလား"

"သိတာတော့ ဖြစ်ပြီးမှ သိတာ။ ကျွန်တော့် သူငယ်ချင်း ဇော်လတ်ဆိုတာ ရှိသေးတယ်။ ဇာနည် အလုပ်ရခါစက ဇော်လတ်နဲ့ ကျွန်တော် အလုပ်မရှိသေးဘူး။

သူအလုပ်လုပ်တဲ့ စတိုးဆိုင်ပိုင်ရှင်ရဲ့ယောက်မနဲ့ သူနဲ့ ငြိနေတယ်တဲ့။ ဇော်လတ်နဲ့ ကျွန်တော့်ကို ပြောပြတယ်။

ဘယ်စတိုးဆိုင်လဲလို့ ကျွန်တော်မေးတော့ သူပြောတဲ့ဆိုင်နာမည်က ပမျိုးမျိုးမြင့်ရှိတဲ့ဆိုင် ဖြစ်နေတယ်။ ကျွန်တော်က အကျိုးအကြောင်းပြောပြတယ်။ အဲဒါကို ဒီကောင် ဂရုမစိုက်ဘူး။ ဖူးစာဆိုတာ ဦးရဲ့လူပဲတဲ့။

သူတစ်ပါး နေရာဦးပြီးသားကို မင်းဝင်လုတာ ကြာကူလီဝင်ရိုက်တာလို့ ကျွန်တော်က ပြောလိုက်





တော့ ရန်ဖြစ်ကြရော"

"ကြာပြီလား၊ အဲဒီလိုဖြစ်တာ"

"ကြာပြီ။ ခြောက်လကျော်လောက်ရှိပြီ"

"အခု ကျွန်တော်နဲ့ ဇော်လတ်နဲ့ရှိတဲ့ဆိုင်မှာ ဒီကောင် အလုပ်လာလုပ်နေတယ်။ မမျိုးမျိုးမြင့် သွင်းပေးတာနဲ့တူတယ်။

ကျွန်တော်ရှိမှန်း မသိဘူး။ အခုကျတော့ ကျွန်တော်ရှိမှန်း သိပေမယ့် ဂရုမစိုက်ဘူး၊ မမှုဘူးဆိုတဲ့ ပုံစံမျိုးနဲ့ နေတယ်။

ကျွန်တော်လည်း ဒီကောင့်ကို တွေ့နေမြင်နေရင် လက်ပါမိမှာစိုးလို့ နယ်ဆိုင်ခွဲတွေကို ပစ္စည်းပို့တဲ့အလုပ်ပဲ ပြောင်းလုပ်လိုက်တယ်။

အလုပ်ထွက်မလို့ ဇော်လတ်နဲ့ တိုင်ပင်သေးတယ်၊ ဇော်လတ်က သူတောင် မျက်နှာပြောင်တိုက်ရဲသေးတာပဲ၊ မင်းက ဘာဖြစ်လို့ ရှောင်ရမှာလဲဆိုတာနဲ့ ကျွန်တော် ဆက်လုပ်နေတာ"

အဖေနှင့်အမေ၏ မျက်လုံးများကို သူ မကြည့်ရဲ၊ မျက်နှာတစ်ခုလုံး ရှက်ရွံ့ပူပန်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလက်ရှိ အခြေအနေရော၊ ညီလေး သိလား"

အဖေနှင့်အမေဘက်သို့ ကျော်လင်း လှည့်ကြည့်သည်။

"အဲဒါတွေ မေးမနေပါနဲ့တော့ ကိုကြီးရာ၊ မမျိုးမျိုးမြင့်ကို ဖြတ်ပစ်လိုက်ရင် ပြီးရော"

ညီမဖြစ်သူ ကျော့ကျော့က ...

"ဟုတ်တယ် အစ်ကို၊ ဘာလုပ်တော့မှာလဲ"

သူ ကြိုးစား၍ ပြုံးသည်။

"ဖြတ်ပစ်ရုံတွင် မဟုတ်ဘူး။ သတ်ပစ်သင့်တာပေါ့ကွာ။ ဒါပေမဲ့ ...

သူ့အစ်ကို ကိုနေမျိုးရဲ့အကူအညီက ကိုကြီးအပေါ်မှာ သာမန်ကူညီမှုမျိုးလို့ ထင်ရပေမယ့် ဟိုမှာ ကိုကြီး အရမ်းအဆင်ပြေခဲ့တယ်လေ။

အဲဒီကျေးဇူးကို ထောက်ထားပြီး မျိုးမျိုးမြင့်ကို ပြန်ကယ်ချင်တယ်၊ ပြန်စောင့်ရှောက်ချင်တယ်"

"အစ်ကို မပြတ်နိုင်လို့မဟုတ်လား" ဟု ကျော့ကျော့ မေး၏။

သူက ...

"အဖေနဲ့အမေရှေ့မှာပဲ အစ်ကိုဝန်ခံပါတယ်၊





ရုတ်တရက် ဖြတ်နိုင်ဦးမှာ မဟုတ်ဘူး။ ကျေးဇူးတရားကိုရော၊ သံယောဇဉ်ကိုရော ထောက်ထားရဦးမယ်။ အခု လောလောဆယ် အစ်ကို အဲဒီလိုပဲ ဖြေပါရစေ"

"အစ်ကိုက မိဘမောင်နှမထက် မျိုးမျိုးမြင့်အပေါ် သံယောဇဉ် ပိုနေလို့လား"

သူ သက်ပြင်းချ၏။

"သမီး အဲဒီလို မမေးရဘူးလေ။ ဘယ်သူပဲဖြစ်ဖြစ် မိဘ ညီအစ်ကိုမောင်နှမကိုလည်း ချစ်မှာပဲ။ ချစ်သူရည်းစားကိုလည်း ချစ်မှာပဲ။ ဘယ်သူ့ပိုချစ်သလဲလို့ မေးတဲ့မေးခွန်းမျိုးကို မမေးအပ်တဲ့ မေးခွန်းပဲ"

အမေ့စကားကြောင့် သူ သက်သာရာ ရသွားသည်။

"မျိုးမျိုးမြင့်က အစ်ကို့အပေါ်မှာ ကောင်းမှ မကောင်းတာ"

အမေက တည်ကြည်သောမျက်နှာထားဖြင့် ...

"သားဆိုး သမီးဆိုးကိုတောင် မိဘက ပစ်ပယ်ဖို့ ခက်တယ်သမီး။ မှားယွင်းနေတဲ့ ချစ်သူ ရည်းစားကို ပစ်ပယ်ဖို့ဆိုတာလည်း တော်တန်ရုံ အမုန်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်နဲ့ မပစ်ပယ်နိုင်ဘူး။ အစ်ကို့ကို စိတ်ညစ်စေမယ့် စကားမျိုးတွေ သမီးမပြောသင့်ဘူးလေ''

အဖေက ...

''သားကြီးက ပညာဉာဏ်ကြီးပြီးသား။ သမီးတို့ရဲ့ အစ်ကို။ သမီးတို့ရဲ့ပါးစပ်က အစ်ကို့ကို စေဖန်တဲ့ စကားမျိုး မပြောရဘူး။

ဖြူတာကို ဖြူတယ်၊ မည်းတာကို မည်းတယ်လို့ပဲ ပြောပြရမယ်။ အဖြူ အမည်း ဘယ်ဟာကို ရွေးပလဲဆိုတာမျိုး၊ သမီးတို့မှာ မေးခွင့်မရှိဘူး''

''ဟုတ်ကဲ့ပါ အဖေ'' ဟု ကျော့ကျော့ပြောသည်။

အဖေက ...

''သားကြီး၊ သားကြီး ကြိုက်တာကိုလုပ်၊

ကြိုက်သလို ဆုံးဖြတ်။ မိသားစုကို မငဲ့နဲ့၊ အဖေဆိုလိုတာက သားလုပ်သမျှ မှန်ကန်လိမ့်မယ်လို့ ဆိုလိုတာ။

မင်းလုပ်ချင်ရာလုပ်၊ ငါတို့နဲ့မဆိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်မျိုး မဟုတ်ဘူးနော်''

''ဟုတ်ကဲ့ အဖေ။ သား ကျေးဇူးတင်ပါတယ်''





အမေက ထိုင်ရာမှ ထဟန်ပြုကာ ပြုံးလျက် ...

''တစ်အောင့်နေရင် ထမင်းစားကြရအောင်။ သမီး ထမင်းပွဲ ပြင်မယ်။ ညီအစ်ကိုနှစ်ယောက် စကားပြောပါစေ။ သမီး ဆရာ ဝင်မလုပ်နဲ့တော့။ လာ လာ''

အဖေပါ ထိုင်ရာမှထသည်။ လွတ်လပ်စွာ စကားပြောဆိုစေလို၍ ဖယ်ခွာရှောင်ပေးသည်ဟု သူ နားလည်လိုက်သည်။

အချစ်၏ ဝန်ထုပ်ဝန်ပိုးကား ကြီးလေးလွန်းလေစွ။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

''အခုလက်ရှိအခြေအနေကို မေးတော့ မင်းညီက ဘာပြောပြလဲ''

ဟု ကျော်သက်ခိုင် သူ့ကိုမေး၏။ သူ့မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။ မျက်ရည်မကျမိအောင် ထိန်းရတော့မည့် အခြေအနေ။

''ပြောပါကွာ''

''အခု လက်ရှိအခြေအနေကို မပြောခင် သူတို့ရဲ့အခြေအနေကို ငါပြောမယ်''

''အင်း၊ ပြော''

''ဇော်လတ်ဆိုတဲ့ကောင်လေးကို ဇာနည်က ယောက်ျားလေးအချင်းချင်း မကွယ်မဝှက်ပြောပြတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမျိုးကို ဖော်လတ်က ငါ့ညီသိအောင် သတင်းပေး
တယ်''

''ဘာသတင်းလဲ''

ချက်ချင်း စကားဆက်၍မရ။

လည်ချောင်းအရပ်တွင် တစ်ဆို့နေ၏။

''မျိုးနဲ့ဇာနည်နဲ့က တရင်းတနှီး ဖြစ်ပြီးကြ
ပြီတဲ့''

''ဟာ''

''ငါ ငိုချင်တယ် ကျော်သက်ခိုင်ရာ''

စားပွဲငယ်ပေါ်ရှိ ရေနွေးကရား၏ နှုတ်သီးကို လက်ဖြင့်
ခေါက်လျက် ကျော်သက်ခိုင်က ...

''ဘာလို့ ငိုရမှာလဲ။ မင်း ယောက်ျားပဲ။ ဒါနဲ့
အခု သူတို့အခြေအနေက''

''မျိုးက အဆက်ဖြတ်ဖို့ ဇာနည်ကို ပြောတယ်
တဲ့။ ဇာနည်က သူ မခွဲနိုင်တော့ဘူးဆိုတဲ့အကြောင်း
ပြောတယ်တဲ့''

''ဒါဆို မင်း ပြန်ရောက်နေတာ ဇာနည်သိပြီ
ပေါ့''





''သိပြီ''

''မင်း အခု ဘာလုပ်ချင်သလဲ''

''ငါ မျိုးကို လိုချင်တယ်။ လက်ထပ်ချင်
တယ်''

''အားလုံးကို ခွင့်လွှတ်နိုင်တယ်ပေါ့''

''အခုအချိန်အထိ ငါ ခွင့်လွှတ်နိုင်သေးတယ်''

ကျော်သက်ခိုင်က ခေါင်းတညိတ်ညိတ်ဖြင့် သူ့ကိုကြည့်၏။
ပြင်းသောနေရောင်ခြည် ထိုးစိုက်ရာ ကားလမ်းမပေါ်သို့
တမင်ငေးလျက် သူက ...

''ငါ တစ်ခု ဖြေဆည်စရာ စဉ်းစားမိသေး
တယ်''

''ဘာကိုလဲ''

''မျိုး အခုလို မှားနေတယ်ဆိုတာ ငါကိုယ်
တိုင် မမြင်ရသေးဘူး။ အားလုံးရဲ့ ပြောစကားတွေနဲ့
တွင် ငါ တုန်လှုပ်နေရတာလေ။ ငါ့ကို မျိုးနဲ့ မယူစေ
ချင်လို့ ဖန်တီးတဲ့ စကားလုံးတွေများလားလို့ ငါ
တွေးမိတယ်''

ကျော်သက်ခိုင် မဲ့ခနဲ ပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ မယုံကြည်မှုထဲမှာ ငါ ပါနေပြီလား ထက်စိုး"

"မယုံတာ မဟုတ်ပါဘူး။ အဲဒီလို ဘေးပတ်ဝန်းကျင်တစ်ခုလုံးက လီဆယ်ပြီးပြောတာမျိုးဖြစ်ရင် သိပ်ကောင်းမှာပဲလို့ ငါ တွေးတာပါ။ ငါ့ချစ်သူ သစ္စာရှိလျက်နဲ့ ဘေးလူတွေက လုပ်ကြံသတင်းဖြန့်တယ်ဆိုတဲ့ အဖြစ်မျိုးနဲ့ ငါ ကြုံချင်တာပါ"

စကားခဏရပ်၏။ ပြီးမှ ...

"ငါ မျိုးကို ဖွင့်မေးလိုက်ရင် ကောင်းမလား"

ကျော်သက်နိုင် ခေါင်းခါသည်။

"သူစိမ်းယောကျ်ားလေးတစ်ယောက်ယောက်နဲ့ ရင်းနှီးခင်မင်တာကို မနှစ်သက်ဘူးဆိုတာလောက်ပဲ မင်းပြောသင့်တယ်။

ထွက်ပေါက်ပေးတဲ့သဘောပေါ့။ ဆင်ခြင်ဉာဏ်ရှိတဲ့သူဟာ အပြစ်ကျူးလွန်တဲ့သူကို ရက်ရက်စက်စက် အပြစ်မပေးဘူး။ အပြစ်ကို ထပ်ပြီးမကျူးလွန်အောင် ထိန်းသိမ်းပေးနိုင်တယ်။





သူကိုယ်တိုင် အမှားကို ဝန်ခံတာမျိုး၊ သူကိုယ်တိုင် အပြစ်ကျူးလွန်ဖို့ ရှက်ရွံ့တာမျိုးကိုပဲ ငါ လိုလားတယ်။

နင် ဒါမှားတယ်။ ရော့၊ မှားတဲ့အတွက် ဒီအပြစ်ဒဏ် နင်ခံဆိုတာ အာဏာသားဆန်တဲ့ စီရင်ချက်။

အမှားကိုမြင်ရင် အမှန်ပြင်ပါ၊ မှန်တာကို လက်ခံပြီးရင်လည်း မှားခဲ့တုန်းက အကြွေးအတွက် တစ်ခုခုကို ပြန်ပေးဆပ်လိုက်ပါ ဆိုတာမျိုးကို ရင်ထဲအသိထဲရောက်အောင် ညင်ညင်သာသာ ထိန်းမတ်ပေးနိုင်တာမှ ပညာရှိ။ အပြစ်ကျူးလွန်တဲ့သူလည်း အသိတရား ရတယ်။ ကိုယ်လည်း အကုသိုလ်ကင်းတယ်"

"မျိုးက ငါ့ချစ်သူလေးပါကွာ။ ငါ သူ့ကို ထိန်းမတ်နိုင်ဖို့အတွက် ကြိုးစားကြည့်လိုက်ပါဦးမယ်။ မင်း ငါ့ကို ပစ်မထားနဲ့နော် ကျော်သက်နိုင်"

"စိတ်ချပါကွာ".

မည်သည့်အရပ်ဘက်က လွင့်ပျံလာသည် မသိ၊ သီချင်းသံ



www.burmeseclassic.com

www.burmeseclassic.com



တစ်သံကို သဲ့သဲ့မျှ ကြားလိုက်ရ၏။

♫ ××× ဘယ်သူ့အတွက် ×××

ဘယ်သူ့ကြောင့် ×××

လုံးဝမကြားချင်ဘူး ×××

ယခုအထိ ×××

ခွင့်လွှတ်ရေးအတွက်တော့ ×××

ကြံစည်နေဆဲပဲလေ ××× ♫

■



(၁၈)

မြန်မာပြည်သို့ ပြန်ရောက်သည့်နေ့က မျိုးမျိုးမြင့်ကို မတွေ့ရသဖြင့် မေးမြန်းစုံစမ်းရာ ဇာနည်ဆိုသောကောင်လေးထံသို့ သွားကြောင်း သိရသော်လည်း မျိုးမျိုးမြင့်ကိုယ်တိုင်က သူငယ်ချင်း မိန်းကလေးတစ်ယောက်နှင့် သွားခြင်းဖြစ်ကြောင်း လိမ်လည်ပြောဆိုခဲ့ခြင်းကို စကားအစပြု၍ ရင်တွင်းမှ သိကြားသိမ်းဆည်းထားသမျှ ခံစားရခြင်းတွေကို ဖွင့်ဟမေးမြန်းလိုက်လျှင် ကောင်းမလားဟု ချစ်သူ့မျက်နှာလေးကို တစိမ့်စိမ့်ငေးမောရင်း သူ စဉ်းစားသည်။

သို့သော် . . .

လက်တွေ့တွင် အချည်းနှီး . . . ပြောမထွက်၊ မပြောရက်။

ပြောရက်၍ ပြောလိုက်သည့်အခါ၊ မေးရဲ၍ မေးလိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အခါ ချစ်သူကိုယ်တိုင်က လိမ်လည်ပြန်လျှင်လည်း မည်သို့သော အထောက်အထားနှင့်မျှ သူ့ စွဲချက်တင်နိုင်လိမ့်မည် မဟုတ်။ ကိုယ်တိုင် မမြင်၊ ကိုယ်တိုင်မတွေ့ဘဲ သတင်းစကားများဖြင့် ထင်ယောင်ထင်မှား ယိုးစွပ်နေသူဟု ကိုယ့်ကိုယ်ကိုယ် ထင်မိနိုင်သေးသည်။

ချစ်သူကိုယ်နှိုက်က မလိမ်လည်၊ မကွယ်ဝှက်ဘဲ ... "ဟုတ်တယ်။ ကို ထင်တဲ့အတိုင်းပဲ။ အဲဒါကို ကိုက ဘယ်လိုအရေးယူချင်လို့လဲ" ဟု ရဲဝံ့စွာ ဝန်ခံတုံ့ပြန်နေမည်ဆိုလျှင်လည်း သူ ရင်ကွဲနာကျ ရပေဦးမည်။

ချစ်သူစင်စစ်ဖြစ်ပါလျက် ချစ်သူ၏အာရုံစေစားရာကို မနာလိုဝန်တိုရင်းမှ ချစ်သူ၏တံတိုင်း၊ ချစ်သူ၏ မုန်းတီးစဖွယ်ကောင်းသူ၊ ချစ်သူအား မလှုပ်မယှက်နိုင်အောင် ချောင်ပိတ်ဟန့်တားသူ၊ ချစ်သူ၏ ရန်သူအဖြစ်သို့ ရောက်မှန်းမသိ ရောက်သွားရမည်ကိုလည်း သူ မလိုလား။

ချစ်သူသွားလိုရာသို့ ကိုယ့်ကိုယ်ကိုယ် ယာဉ်ရထားအဖြစ် ဖန်ဆင်းကာ ကြင်နာစွာ ပို့ဆောင်ပေးနိုင်စွမ်းကြီးသော ခံနိုင်ရည်အားအင်တွေ မြောက်မြားစွာ လိုချင်သည်။ ဝေသန္တရာမင်းကြီးကဲ့သို့ ဒါနပါရမီအားလည်း သူ့မှာမရှိ။

ချစ်သူ၏ စိတ်အာရုံတွေအားလုံးကို တစ်ကိုယ်တည်းသာ





ပိုင်ဆိုင်နိုင်ရန်အတွက် အခြားတစ်ပါးမှ သည်မှာဘက်ကမ်းသို့ ညင်သာစွာ သဲ့ယူနိုင်ချင်သည်။

ချစ်သူ၏ ကိုယ်ကျင့်သိက္ခာ၊ ဣန္ဒြေလည်း မလျော့ပါး၊ ကိုယ်တိုင်လည်း ကြည်နူးရွှင်ပျစေမည့် အခြေအနေမျိုးကို ရဖို့ ကိုယ်တိုင်သာ ဖန်တီးရပေမည်။ ဒေါသသည် သောကအဖြစ် အသွင်ပြောင်းကာ ခန္ဓာအနှံ့ ကူးပြန့်နေသည်ကို ချစ်သူ သိမြင်စေချင်၏။

ခန္တီပါရမီ ရင့်သန်လေသူမဟုတ်၊ မျိုသိပ်နိုင်စွမ်း ကြီးမားနေသူမဟုတ်၊ ချစ်သူ၏ မြတ်နိုးစဖွယ် ကွန်ရက်အတွင်းမှ ပြတ်သားစွာ ရုန်းမထွက်နိုင်သည့် အားနည်းချက်ကိုသာ ပိုင်ဆိုင်ထားရသူ ဖြစ်၏။

လက်ဖျား ခြေဖျားသို့ အဆိပ်ပြင်းသော သတ္တဝါတစ်ကောင် အကိုက်ခံရသောအခါ အခြားသောဆေးဝါးများ မရှိပါက ထိုလက်ဖျား ခြေဖျားကို ထက်ရှသောဓားတစ်ချောင်းဖြင့် တိခနဲနေအောင် ဖြတ်ချလိုက်လျှင် ခန္ဓာအနှံ့သို့ အဆိပ်တို့မပြန့်နှံ့တော့မည်ကို သိပါလျက် ခုတ်ဖြတ်သည့်အခါ ခံစားရမည့်ဝေဒနာကို ရင်မဆိုင်ရဲသောကြောင့် ခန္ဓာတစ်ခုလုံးသို့ အဆိပ်ပျံ့ခြင်း ခံလိုက်ရသည့်သူတစ်ဦးပမာ ကိုယ့်ကိုယ်ကိုယ် မြင်လာသည်။

မီးဟပ်နေပြီကို သိပါလျက် လောင်မြိုက်နေသောမီးတောက်အတွင်းရှိ တပ်မက်စရာ ရတနာတစ်ပါးကို တွယ်တာနေမိ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် မီးတောက်တို့အနီးမှ အခွာခက်နေရသူကဲ့သို့ ကိုယ့်ကိုယ်ကိုယ် ထင်မြင်လာရသည်။

ချစ်သူကိုယ်တိုင်ပင်လျှင် မီးတောက်အတွင်းမှ တပ်မက်စရာ အရာဝတ္ထုတစ်ခုခုကို တွယ်မက်နေမိသောကြောင့် မီးခိုးငွေ့ မီးခိုးမျှင်များအပါးမှ ခွဲခွာရ ခက်နေလေသလား။

တစ်ဘဝ၏ ချစ်စကားကို တစ်ဦးတည်းအား တစ်ခါတည်းသာ ပြောဖူးသည်။ မမြင်ဖူး၍ မူးမြစ်ထင်ခြင်းလည်း ဖြစ်နိုင်သည်။ မချစ်ဖူး၍ အရူးပမာ ဖြစ်နေရှာသည်ဟုလည်း ဆိုနိုင်သည်။ ထို့ထက် ပို၍သေချာသည်ကတော့ တစ်သက်မှာတစ်ခါ၊ တစ်ခါမှာတစ်ယောက်တည်းကိုသာ မဖောက်မလွဲဘဲ ရိုးမြေကျ ချစ်ကြင်နာချင်သည်ဟု ကိုယ့်ကိုယ်ကိုယ် သစ္စာတည်ထားခြင်းကသာ အရာရာကို ပြောင်းလဲ ယိမ်းယွင်းမှာ စိုးကြောက်နေသည်လည်း ဖြစ်၏။

သစ္စာဟု အမည်ထွင်းခဲ့သော ရွက်လွှင့်ခါစ လေ့ငယ်ကိုမှ မုန်တိုင်းတို့က လှုပ်ယမ်းရက်သည်။ ရေလှိုင်းတို့က ရိုက်ခတ်ရက်သည်။ ထိုလေ့ငယ်လေး မတိမ်းမှောက်အောင် တက်မကို သူကိုင်ထားပါလျက် လေ့ဦးမှ ချစ်သူလေး လွင့်ပြေးသွားမှာ စိုးရိမ်၏။





"မျိုး"

"ပြောလေ ကို"

"မျိုးကို ကိုယ်သိပ်ချစ်တာ မျိုး သိရဲ့လား ဟင်"

"သိပါတယ် ကိုရယ်။ မျိုးက မသိချင်ယောင်ဆောင်ထားမိလို့လား"

ကန်တော်ကြီးရေပြင်ကို သူ ငေးကြည့်နေသော်လည်း ချစ်သူငဲ့ကြည့်နေသည်ကို သူသိ၏။

"ကိုယ် မျိုးကိုလက်ထပ်ဖို့ ပြန်လာတာ။ တကူးတက ပြန်လာရတာ မျိုးရဲ့။ မျိုးပါးစပ်က လက်ထပ်ဖို့စကားကို ဘာဖြစ်လို့ မပြောရသေးတာလဲ"

"မျိုးပြောပြီးပြီပဲ ကိုရယ်။ ဆွေဆွေတင့်ကို မျိုး အမွေခွဲမပေးချင်သေးလို့ပါ"

ရေပြင်မှ အကြည့်ကို ချစ်သူထံသို့ ပြောင်းလွှဲလိုက်၏။ ချစ်သူမျက်နှာ ရေပြင်ကဲ့သို့ ကြည်လင်နေသည်ဟုသာ သူတွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေမျိုးရှိရင်လည်း ပေးရမှာပဲ မဟုတ်လား"

"ကိုကိုရှိရင် ကိုကို့လက်ထဲကို အကုန်ပေးဖို့ မျိုး ဝန်မလေးဘူး ကို။ မျိုး မက်မောနေတာ မဟုတ်ဘူး။ သူစိမ်းလက်မှာ ပျောက်ပျက်မှာစိုးလို့"

"မျိုးရယ် ပစ္စည်းသခါရလေကွယ်။ ဥပဒေအရ သူ့ကို တစ်ဝက်မက ပေးရတယ်ဆိုဦးတော့ မျိုးရမယ့်တစ်ပုံကို မျိုး ထိန်းသိမ်းထားနိုင်ရင်ပဲ မျိုးတာဝန်ကျေတာပဲလေ။ ပြီးတော့ သူ့မှာ ကလေးနှစ်ယောက်နဲ့ မျိုးရဲ့။ တူလေး တူမလေးတွေကိုတောင် မျိုး စေတနာမထားနိုင်ဘူးလား"

"မဟုတ်ဘူး ကို၊ မျိုးကိုယ်တိုင်က ဆွေဆွေတင့်ကို မုန်းနေတာလည်း ပါတယ်"

"ဘာကြောင့် အဲဒီလိုမုန်းရတာလဲ မျိုး"

အံကြိတ်သည်ကို မြင်ရ၏။

"ပြောလေ။ မဆွေဆွေတင့်ကို မျိုး ဘာဖြစ်လို့ မုန်းနေရတာလဲ။ မျိုးနဲ့ မဆွေဆွေတင့်ကြားမှာ ဘာပြဿနာမှ မရှိခဲ့ဘူးလို့ ဟိုတုန်းက ကိုယ်သိထား





တယ်။ ကိုယ်မရှိခင်မှာ သူနဲ့မျိုးနဲ့ ဘာပြဿနာ ဖြစ်သေးလို့လဲ"

ဖြေဆိုသံမကြားရ။

"မျိုးရဲ့ ဣန္ဒြေသိက္ခာကို ထိခိုက်အောင် သူလုပ်လို့လား"

စုတွေးသော အောက်နှုတ်ခမ်းလေးကို ဖိကိုက်ထားသောသွားများက ဆတ်ခနဲ လွတ်မြောက်ခွင့်ပေးလိုက်၏။ ပြီးမှ ...

"ဟုတ်တယ်။ မျိုးကို သိက္ခာချတယ်"

"သူ မျိုးကို ဘယ်လိုထိပါးသလဲ၊ မျိုး ကိုယ့်ကိုပြောပြ။ သူက မိန်းမသားဆိုပေမယ့် မျိုးက ကိုယ့်ချစ်သူလေ။ ကိုယ် ဖြေရှင်းပေးနိုင်တယ်မျိုး။ ပြော၊ သူ၊ မျိုးကို ဘယ်လိုသိက္ခာချသလဲ"

သူ့ရင်တွေ တလှပ်လှပ် ခုန်လာ၏။

"မျိုးကို ကောင်လေးတစ်ယောက်နဲ့ သမုတ်တယ်"

"တကယ်"

စိတ်လှုပ်ရှားလွန်းသောကြောင့် စကားသံတုန်ယင်မှာကို စိုးသဖြင့် 'တကယ်' ဟုသာ သူ အသံပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ်ကြာမှ ...

"ဘယ်သူနဲ့ သမုတ်တာလဲ မျိုး"

"ဇာနည်ဆိုတဲ့ ကောင်လေး"

စစ်ဆေးမေးမြန်းမှုမရှိဘဲ ပျို့အန်လာခြင်းသည် ရင်တွင်းရှိ ပြည့်ကျပ်နေခြင်းများ၏ တစ်စိတ်တစ်ဒေသလောက်တော့ ဖြစ်နိုင်ပေသည်။

"ဇာနည်ဆိုတာ ဘယ်သူလဲ။ ကိုယ် မကြားဖူးဘူး။ ဘယ်ကလဲ"

"ကိုယ်မရှိတုန်း ဆိုင်မှာ အလုပ်လာလုပ်တဲ့ ကောင်လေး။ အဲဒီကောင်လေးက သွက်သွက်လက်လက် ရှိတယ်။ မျိုးနဲ့ အရမ်းခင်တယ်"

"အရမ်းခင်တယ်" ဟူသောစကားကို သူ ဘဝင်မကျ။

"ခင်တော့"

"ခင်တော့၊ မျိုးက အိမ်တွင်းရေးကိစ္စတွေ၊ ဘာတွေ၊ တိုင်ပင်မိတာပေါ့။ ဇာနည်က ဘယ်ဟာ တရားတယ်၊ ဘယ်ဟာ မတရားဘူး။ ဘယ်လိုက မျှတတယ်၊ ဘယ်လိုက မမျှတဘူးဆိုပြီး အကြံပေးတာပေါ့။





အဲဒါကို ဆွေဆွေတင့်က မဆိုင်တဲ့ကိစ္စ ဝင်စွက်ဖက်တယ်ဆိုပြီး အလုပ်ထုတ်ပစ်လိုက်တယ်။ မျိုးက အလုပ်ထုတ်စရာမလိုတဲ့အကြောင်း ကန့်ကွက်တယ်။

ဆွေဆွေတင့်က ဒီဆိုင်က သူ့ဆိုင်တဲ့၊ သူ့မှာ အာဏာအပြည့် ရှိတယ်တဲ့။ အဲဒီစကားပြောလို့ မျိုး သူ့ကိုမုန်းတယ်။ အဲဒီနေ့ကစပြီး မျိုး သူ့ကို ရှိတယ်လို့ကို မသတ်မှတ်တော့ဘူး။

သူ အလုပ်ထုတ်ပစ်လိုက်တဲ့ ဇာနည့်ကိုလည်း တခြားနေရာမှာ အလုပ်ရှာပေးလိုက်တယ်။ ဇာနည့် မိသားစု လိုအပ်မယ့်အရာတွေကိုလည်း မျိုး ဖြည့်ဆည်းပေးလိုက်တယ်။ အဲဒါကို ဆွေဆွေတင့်က ဇာနည်နဲ့မျိုးကို သမုတ်တယ်"

"မျိုး မှားတယ်"

"မှားတယ်။ ဟုတ်လား ကို"

"အင်းပေါ့။ ကိုယ့်အိမ်တွင်းရေးကို သူတစ်ပါးနဲ့တိုင်ပင်တာ အမှားပေါ့။ ပြီးတော့ သူစိမ်း ယောက်ျားလေးတစ်ယောက်ကို၊ ကူညီပံ့ပိုးတယ်ဆိုတာ၊ မသင့်



www.burmeseclassic.com

www.burmeseclassic.com



လျော့ဘူးလေ။ အဲဒါတွေကို မဆွေးဆွေးတင့်က လက်ညှိုးထိုးပြပြီး သမုတ်တာ နေမှာပေါ့''

လေသံအေးဖြင့် သူပြောသည်။

'မှားတယ်' ဟု ပြောသည်ကို အလိုမကျစွာ မတုံ့ပြန်သဖြင့် မျိုးမျိုးမြင့်ကို သူ ကျေးဇူးတင်ဖြစ်၏။

''သူ ကြိုက်သလောက် သမုတ်ပါစေ။ ဂရုမစိုက်ဘူး။ မျိုးက ပို့ရွံ့ပြလိုက်တယ်''

''ကိုယ့်မျက်နှာကိုတော့ ထောက်ဦးပေါ့ မျိုးရဲ့။ ကိုယ့်ချစ်သူကို တခြားသူနဲ့ သမုတ်တာကို ကိုယ် ဘယ်ခံနိုင်ပါ့မလဲ။

သမုတ်ပါတယ်ဆိုတဲ့ကြားထဲက မျိုးက အဲဒီကောင်လေးကို အကူအညီပေးတယ်ဆိုတော့ အပြစ်ပြောချင်တဲ့သူက သဒ္ဒါလွန်ရင် တဏှာကျွံမယ်တို့၊ ဘာတို့ ပြောကြတော့မှာပေါ့။ မဟုတ်ဘူးလား''

''ဟုတ်ပါတယ်။ မျိုး မှားသွားတယ်''

''မှားတယ်လို့ ကိုယ်က အပြစ်တင်တာမျိုး မဟုတ်ဘူးနော်။ မျိုးအတွက် ကိုယ်က ဝေဖန်ပေးတာ''





''မျိုးသိပါတယ် ကိုရယ်''

မုန်တိုင်း ရေလှိုင်းတို့ကြောင့် မကပ်သင့်သော ကမ်းပါးသို့ ထိုးဆိုက်ယိမ်းလူးပ်တော့မည့် လှေငယ်လေးသည် မူလဦးတည်ရာဘက်သို့ မလူးသာ မလွင့်သာဖြင့် ပြန်လည်တည့်မတ်လာပြီဟု သူ တွေးထင်လိုက်၏။

''ဘာပဲဖြစ်ဖြစ်ပေါ့ မျိုးရယ်။ ကိုယ် မျိုးအနားမှာ ရှိနေပြီပဲ။ လက်ထပ်ဖို့တစ်ခုကိုပဲ ကိုယ် တောင်းဆိုပါရစေ၊ အိမ်တွင်းရေးကိစ္စကိုလည်း မျိုးဘက်က လျှော့ပေါ့ပြီး စီစဉ်ပေးလိုက်စေချင်တယ်။

မျိုးရမယ့် အရာတွေကိုလည်း လှူဖို့တန်းဖို့ ကိုယ် အကြံပေးချင်တယ်''

''မျိုး စဉ်းစားနေပါတယ် ကိုရယ်။ မျိုး လုပ်စရာရှိတာလေးတွေ လုပ်ပြီးရင် ကို့စကားကို မျိုး နားထောင်ပါ့မယ်။

ဒီတစ်သက်မှာ မျိုးလက်ထပ်ရမယ့်သူဟာ ကိုတစ်ယောက်တည်းပါ။ အဲဒါ မျိုးရဲ့ ကတိသစ္စာစကားပါ ကို''

ပြည့်ဝစွာ ဝမ်းသာလိုက်ချင်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

"သူ့ကိစ္စကို သူ့ဘာသာ ရှင်းမယ်နဲ့တူပါတယ်" ဟု ကျော်သက်ခိုင်ပြောသည်။ သူက ...

"အဲဒီလိုရှင်းလင်းသွားမယ်ဆိုရင်လည်း ငါ စုံစမ်းစရာ၊ စစ်မေးစရာ မလိုတော့ဘူးပေါ့ကွာ။ နောင်တစ်ချိန်မှာ အလာပသလ္လာပ အဖြစ်နဲ့တောင် ငါ မမေးမိအောင် နေရမှာပေါ့"

"အင်း။ သူ့စိတ်ထဲက မင်းကို အားနာနေမှာပါ"

"အထိန်းအကွပ် မရှိလို့ ဒီလိုဖြစ်ရတယ်လို့ပဲ၊ ငါ ... ယူဆ,ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ သူ့အစ်ကိုသာရှိရင် သူ ဒီလိုမျိုး ဘယ်ဖြစ်ပါ့မလဲ။ မင်း မျိုသိပ်နိုင်စွမ်းတာရော၊ ခွင့်လွှတ်နိုင်စွမ်းတာကိုရော ငါ ချီးကျူးပါတယ်ကွာ"

သူ ခေါင်းယမ်းသည်။

"ငါ ခံနိုင်ရည်ရှိလွန်းလို့ မျိုသိပ်နိုင်ခဲ့တာ မဟုတ်ဘူး။ သူ့ကိုလည်း ခွင့်မလွှတ်ချင်ဘူး။ ဒါပေမဲ့ ကိုနေမျိုးရဲ့မျက်နှာကို ငါ ထောက်ထားနေမိတယ်။

သူ့ကို ခွင့်လွှတ်နေတာ မမေးရက်၊ မပြောရက်တာဟာ ချစ်လွန်းတာကြောင့်လည်း ပါတယ်။ ကိုနေမျိုးရဲ့တာဝန်ကို ယူရမယ်ဆိုတဲ့ ကျေးဇူးတုံ့ပြန်မှုလည်းပါတယ်"

ကျော်သက်ခိုင်က နေဝင်စ မြစ်ကမ်းစပ်ကို ငေးကြည့်ရင်း

• • •

"မင်း ခွင့်လွှတ်သလို မင်းမိဘ၊ ညီ၊ ညီမတွေက ခွင့်လွှတ်နိုင်ပါ့မလား"

"ကျေးဇူးရှင်ရဲ့ညီမဆိုတဲ့ ခေါင်းစဉ်နဲ့ပဲ ပြေလည်အောင် ငါ ပြောပြရမှာပေါ့"

"ဇော်လတ်ဆိုတဲ့ကောင်လေးနဲ့ မင်းညီ ကျော်





လင်းနဲ့ အဆက်အသွယ်ရှိတာကို ဇာနည်သိနိုင်လား"

"မသိနိုင်ဘူး။ ငါ့ညီက ဇော်လတ်ကို ဇာနည်နဲ့ မျိုးမျိုးမြင့်အခြေအနေကို အပြတ်မေး စုံစမ်းပေးပါလို့ ပြောထားတယ်။ ဇာနည့်ရှေ့မှာ သူတို့နှစ်ယောက် အခေါ်အပြော မလုပ်ကြဘူးတဲ့"

"ကောင်းပါတယ်။ မျိုးမျိုးမြင့် ဘယ်လို တပ်ခေါက်တယ်၊ ဆုတ်ခွာတယ်ဆိုတာ မင်း အပြတ်မေး သိနေနိုင်တာပေါ့။ ဒါနဲ့ မင်းအပေါ် မျိုးမျိုးမြင့်က အခုထက်ပိုပြီး လှည့်ဖြားခဲ့ရင် မင်း ဘယ်လိုသဘောထားမလဲ"

ကောင်းကင်ကို မော့ကြည့်လျက် သူ ပြုံး၏။

"အခုအချိန်အထိတော့ ငါ ခွင့်လွှတ်နေဆဲပဲပေါ့ကွာ"

သူ့အဖြေစကားကြောင့် ကျော်သက်ခိုင် ရယ်မောလေ၏။ သူပါ ရော၍ ရယ်ဖြစ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



'ကျွဲ'

မြေပဒေသာဥယျာဉ်မှအထွက်တွင် ကားရှေ့တည့်တည့်သို့ ရင်ဖွင့်၍ ရပ်လိုက်သူတစ်ဦးကြောင့် ကားဘရိတ်ကို လျှင်မြန်စွာ ဖိနင်းလိုက်ရ၏။

သူ့နံဘေးတွင် ထိုင်နေသော မျိုးမျိုးမြင့်ရှိရာ ကားပြတင်းဘက်သို့ ရင်ဖွင့်အသေခံတားဆီးသူက လျှင်မြန်သောခြေလှမ်းတို့ဖြင့် ပြေး၍သွား၏။

ကားကို ပြန်လည်ထွက်ခွာမည်အပြု . . .

''နေဦး''

အမိန့်ကိုနာခံလိုက်ခြင်း မဟုတ်သော်လည်း ကားကို မထွက်ခွာဖြစ်တော့။ မျိုးမျိုးမြင့်ကို တစ်လှည့်၊ ထိုသူ့ကိုတစ်လှည့် သူကြည့်၏။ ထူထဲသောမျက်ခုံးတွေကို မြင်လိုက်ရသဖြင့် ဇာနည်ဟု သူတွေးသိလိုက်သည်။

''ညီလေး၊ ကိစ္စရှိလား''

''ရှိတယ်''

''မရှိဘူး မရှိဘူး။ ကို ကားထွက်''

''ထွက်ရင် ကားရှေ့ကို ငါဝင်မယ်။ မျိုးမျိုးမြင့်





နင်နဲ့ငါ စကားပြောချင်တယ်။ နင် ကားပေါ်က ဆင်း''

''မဆင်းဘူး ဇာနည်၊ နင် ငါ့ကို အရှက်မခွဲနဲ့နော်။ ငါ့ကို ဒုက္ခရောက်အောင် မလုပ်နဲ့''

''မျိုး၊ ဇာနည်ဆိုတာ သူလား''

တည်ကြည်စွာ သူမေးသည်။ မျိုးမျိုးမြင့် ခေါင်းညိတ်၏။

''မျိုးနဲ့ သူနဲ့ ရှင်းစရာကိစ္စ ရှိလို့လား''

မျိုးမျိုးမြင့် ခေါင်းကို တွင်တွင်ယမ်း၏။

''ရှိတယ်''

ဇာနည်က ကျယ်လောင်စွာ စကားဆို၏။ လမ်းသွားလမ်းလာ လေးငါးဦး လှည့်ကြည့်သွားကြသည်ကို သူမြင်သည်။ ဒေါသဟူသောအရာကို သူ ထိန်းသိမ်းထားနိုင်၏။

''နင်က မောင်လို့ခေါ်ခဲ့တဲ့ ဇာနည်လေ။ နင် ချစ်တယ်လို့ပြောတဲ့ ဇာနည်။ နင် သစ်စိမ်းချိုး ချိုးနိုင်ရက်သလား မျိုးမျိုးမြင့်။ နင်နဲ့ငါနဲ့ ဘယ်လောက် ချစ်ခဲ့ကြတယ်ဆိုတာ နင် မသိတော့ဘူးလား''

''မသိဘူး။ နင် ဘာတွေလာပြောနေတာလဲ၊ ဒါ ငါနဲ့လက်ထပ်ရမယ့် ကိုထက်စိုးပဲ။ ဒါ ငါ့ချစ်သူ''

မျိုးမျိုးမြင့်နှင့် ချစ်သူဖြစ်ခဲ့သည်ကို သူသိပါက မျိုးမျိုးမြင့်



www.burmeseclassic.com

www.burmeseclassic.com



အခက်တွေ့စေရန် အရုက်ခွဲသောနည်းဖြင့် လာရောက်အသိပေးခြင်းဟု၊ သူ နားလည်လိုက်၏။

ထို့ကြောင့် သူ ကားတံခါးကို ဖွင့်သည်။ ဇာနည့်နံဘေးသို့ သွား၏။ မျိုးမျိုးမြင့် မျက်လုံးဝိုင်းသွားသည်။

ဇာနည့်နံဘေးသို့ သူရပ်လိုက်သောအခါ ဇာနည်က သူ့ကို တစ်ချက်မျှသာ မော့ကြည့်၏။ မျိုးမျိုးမြင့်ကိုမူ စူးစိုက်စွာ ကြည့်နေသေးသည်။

"ကဲ ငါ့ညီ၊ မင်း ရှင်းစရာရှိတယ်ဆိုတာ ဒီမှာ ရှင်း။ ပြောစရာရှိတာ ဒီမှာပြော။ မျိုး သူပြောတာကို နားထောင်လိုက်ပါ။ ပြော၊ မင်း ဘာပြောမလဲ"

သူ့ကို ဆတ်ခနဲ ငဲ့ကြည့်သည်။

"ခင်ဗျားမရှိခင်မှာ ကျုပ်နဲ့သူနဲ့ ချစ်သူတွေဖြစ်ခဲ့ကြတယ်ဆိုတာ ခင်ဗျားသိလား"

"ကိုယ့်ကို မင်း မေးစရာမလိုဘူး။ မင်းတို့နှစ်ယောက် ပြဿနာကို မင်းတို့ရှင်း"

ခေါင်းခါ၏။ ပြီးမှ ...

"ခင်ဗျားသိအောင် လာပြောတာ"

"ကိုယ်သိတော့ ဘာဖြစ်မှာလဲ။ ကိုယ်က မျိုး





ကို ချစ်ပြီးသားကွ။ မျိုး ဘာအပြစ်ပဲလုပ်လုပ် ကိုယ်က ခွင့်လွှတ်ပြီးသား။ ကဲ၊ မင်း ဘာပြောစရာကျန်သေးလဲ၊ ပြောစရာမရှိရင် ကိုယ်တို့သွားမယ်"

မေးကြောတွေ တင်းသည်ကိုသာ မြင်ရ၏။ ကားရှေ့မှ သွားပြီး ကားတံခါးကို ဖွင့်သည်။ ကားအတွင်းသို့ ဝင်ထိုင်လိုက်ပြီး အဝေးထိန်းခလုတ်ငယ်များဖြင့် ကားပြတင်းမှန်များကို မြှင့်တင်လိုက်သည်။

ကားမောင်းထွက်ခဲ့စဉ်အတွင်း မျိုးမျိုးမြင့်၏ရှိုက်သံကို သူ ကြား၏။

■



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ကားကို ရှမ်းကန်သရီးရှိရာဘက်သို့ ချိုးဝင်လိုက်သည်။ ကားရပ်နားရာနေရာတွင် ကားကို နေရာချရပ်နားပြီးသောအခါ ကားစက်သတ်သည်။ ကားတံခါးဖွင့်မည်အပြု ...

"ကို"

သူ့ကို မျိုးမျိုးမြင့်ခေါ်သည်။ မျက်ဝန်းတွင် မျက်ရည်စတွေကို တွေ့၏။

"ဘာပြောမလို့လဲ မျိုးရဲ့"

"မျိုး တောင်းပန်ချင်လို့ပါ ကိုရယ်။ မျိုးကို ခွင့်လွှတ်ပါ"

လက်အုပ်ချီသည်။ မျက်ရည်တွေ ပို၍စီးကျသည်။ ရှိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတင်ငင် ငိုကြွေးလေ၏။

ချစ်သူ၏လက်သွယ်ချောင်းများကို သူ ဆုပ်ကိုင်လိုက်သည်။

"မျိုးရယ်၊ ဘာဖြစ်လို့ငိုရတာလဲ။ ဒါ ငိုစရာမှ မဟုတ်တာ။ မျိုးကို ကိုယ်ချစ်နေတာပဲ။ ခွင့်လွှတ်နေတာပဲ။ ဘာမှ တောင်းပန်စရာမလိုဘူး။ မငိုနဲ့တော့နော်။ တိတ် တိတ်။

ချစ်သူအချင်းချင်း ဒီလိုအပြစ်ကလေးမှ ခွင့်မလွှတ်ရင် ချစ်သူလို့ ဘယ်လိုလုပ် သတ်မှတ်နိုင်မှာလဲ"

ရင်ခွင်သို့ နိဝင် ငိုရှိုက်သည်။

ဒက်(စ)ဘုတ်ထဲမှ မွေးပွလက်ကိုင်ပဝါကိုယူသည်။ မျက်ရည်တွေကို ဖယ်သုတ်ပေးသည်။

"ကဲ တိတ်တော့။ ငိုထားတဲ့မျက်နှာကြီးနဲ့ အထဲကိုဝင်ရမှာ မရှက်ဘူးလား"

ပြုံး၍မေး၏။ ချစ်သူ၏ ယူကျုံးမရစွာ ငေးကြည့်သော မျက်လုံးများကို ယခုမှသာ သူ ရသည်။

"ကို"

"ပြော"





"မျိုးနဲ့ ဇာနည်နဲ့ ပတ်သက်ခဲ့တာကို ကို အခုမှသိတာ ဟုတ်ရဲ့လားဟင်"

"အခုမှ သိတာပါ။ တခြားနေ့တွေတုန်းကတော့ စိတ်ထဲကသာ တွေးပြီး စိုးရိမ်ခဲ့ရတာပါ"

"မျိုးကို ဘာဖြစ်လို့ မဆူတာလဲဟင်"

"ချစ်လို့"

"ဘာဖြစ်လို့ ခွင့်လွှတ်တာလဲ"

မျက်ရည်များ စီးကျလာပြန်သေး၏။

"ချစ်လို့"

"မျိုး ကို့မျက်နှာကို မကြည့်ဝံ့ဘူး"

"ရဲရဲဝံ့ဝံ့ကြည့်ပါ မျိုးရယ်။ ကိုယ် ဘယ်လိုမှ အပြစ်မယူပါဘူး။ မျိုးရော ကိုယ့်ကို ချစ်တယ်မဟုတ်လား"

ခေါင်းညိတ်လေသည်။

သွယ်နွဲ့သောဆံပင်လေးတွေ လှုပ်ရှားယိမ်းကသွား၏။

"ကိုယ့်ကို ချစ်တယ်ဆိုရင် ကိုယ့်ကို ကတိတစ်ခုတော့ပေး"

"ပေးပါ့မယ် ကို"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ... ဇာနည်အပါအဝင် တခြား ဘယ်ယောကျ်ားလေးနဲ့မှ မပတ်သက်တော့ဘူးလို့ ကတိပေး။ အထူးသဖြင့် အဲဒီ ဇာနည်ဆိုတဲ့ ကောင်လေးနဲ့ ပြန်ပြီးခေါ်ပြောမှာကို ကိုယ်မလိုလားဘူး မျိုး"

"စိတ်ချပါ ကို။ မျိုး ကတိပေးပါတယ်"

"ကဲ၊ ကားပေါ်ကဆင်း။ ညနေစာ စားရအောင်"

ကားထဲမှ သူထွက်သည်။ မျိုးမျိုးမြင့်ရှိရာ ကားတံခါးကို သူ ဖွင့်ပေးသည်။

ရင်ထဲမှာ ရှင်းသွားစေသော ညနေခင်းတစ်ခုကို ကြုံတွေ့လိုက်ရသည်ဟု ခံစားရ၏။ ရင်ထဲမှာ နာကျင်သည်။

■



<u>ပန်းတစ်ခင်းလုံး ကြွေမွသွားပြီဆိုပါတော့</u>
<u>အဲဒီသတင်းလောက်ပဲ ငါသိချင်တယ်။</u>
<u>မေမြို့ပန်းက ဘယ်လိုကြွေတယ်။</u>
<u>နှင်းဆီပန်းက ဘယ်လိုကျိုးတယ်။</u>
<u>စံပယ်ပန်းက ဘယ်လိုနွမ်းတယ်ဆိုတာမျိုး</u>
<u>အတိအကျကြီး</u>
<u>ငါ မကြားချင်ဘူး။ မကြားရဲဘူး။</u>

(ထက်စိုး)

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

ဖြစ်ပျက် ကြုံတွေ့ခဲ့ရသမျှကို အဖေနှင့်အမေအား သူပြောပြသည်။ ညီနှင့် ညီမတို့လည်း အနားတွင် ရှိနေကြ၏။ အဖေက . . .

"ခွင့်လွှတ်နိုင်ရင် ဘယ်ကိစ္စပဲဖြစ်ဖြစ် ကောင်းတာပေါ့သားရယ်။ တချို့က အိမ်ထောင်ဘက်ရဲ့အကြောင်းကို လက်ထပ်ပြီးမှ ပိုသိခွင့်ရကြတာ။ အခုသားက မျိုးမျိုးမြင့်ရဲ့ အကျင့်စရိုက်၊ အပြစ် အနာအဆာကို လက်မထပ်ခင် ကြိုသိခွင့်ရတော့ အိမ်ထောင်ကို ထိန်းသိမ်းရတာ ပိုအဆင်ပြေတာပေါ့"

သူ အဖေ့ကို မဝံ့မရဲ ကြည့်သည်။ ပြီးမှ . . .

"အဖေ့စကားကို သား ဆန့်ကျင်တာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်။ ဆွေးနွေးကြည့်တာ။ မျိုး အခုလိုဖြစ်တာ အကျင့်စရိုက်ကြောင့် မဟုတ်ဘူးလို့ သားယူဆတယ်။ အခြေအနေကြောင့်ဆိုရင် ပိုမှန်လိမ့်မယ် ထင်တယ် အဖေ''

အဖေ ပြုံးလေ၏။

''သားကြီးကို အဖေ စကားရည်မလုပါဘူး။ သားနဲ့ မရည်ငံခင်က မျိုးမျိုးမြင့် ရည်းစားတစ်ယောက် ထားဖူးတယ်ဆို''

''ဟုတ်တယ် အဖေ''

အမေ့မျက်နှာ၊ ညီ ညီမတို့၏မျက်နှာကို ဝေ့ခနဲကြည့်လိုက်မိသေးသည်။

''သားရော သူ့မတိုင်ခင် ရည်းစားရှိဖူးခဲ့လို့လား''

သူ ခေါင်းယမ်း၏။

''သား တက္ကသိုလ်တက်ခဲ့တဲ့တစ်လျှောက်လုံးမှာ ရည်းစားထားဖို့ အခြေအနေမျိုးတွေ မကြုံခဲ့ဖူးဘူးလား။ နောက်ပြီး နိုင်ငံရပ်ခြားမှာရော မကြုံခဲ့ဖူးဘူးလား''





''ကြုံတော့ ကြုံခဲ့ဖူးပါတယ် အဖေ၊ ဒါပေမဲ့ သား ထိန်းသိမ်းနိုင်ခဲ့ပါတယ်''

''မျိုးမျိုးမြင့်က မိန်းကလေး၊ သူလည်း ရည်းစားတွေထားဖို့ အခြေအနေတွေ ကြုံခဲ့မှာပဲလေ။ အခြေအနေတွေကို ကြုံခဲ့ရတဲ့သူချင်းအတူတူ သားက ထိန်းသိမ်းနိုင်ပြီး၊ ကောင်မလေးက မထိန်းသိမ်းနိုင်ခဲ့တာ အခြေအနေကြောင့်လား၊ အကျင့်စရိုက်ကြောင့်လား''

ဦးခေါင်းပေါ်သို့ လက်ဝါးဖြင့်ဖိအုပ်လျက် ခေါင်းငုံ့ကာ သူ ပြုံး၏။ ပြုံးလျက် ...

''အဖေက စကားရည်မလုဘူးဆိုပြီး သားစကားကို နိုင်အောင် ချေလိုက်တာပဲ''

ရယ်သံတွေကြားရ၏။ အဖေက ...

''တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုးဆိုတဲ့ စကားဟာ အများ မိုးခါးရေသောက်လို့ ကိုယ်ပါ မိုးခါးရေသောက်လိုက်ရတာပါ ဆိုတဲ့အခြေအနေအပေါ်ကို အပြစ်ဖို့တဲ့စကား သားရဲ့။

တံငါနားနီးပေမယ့် တံငါမလုပ်ဘူး။ မုဆိုးနား



www.burmeseclassic.com

www.burmeseclassic.com



နီးပေမယ့် မုဆိုးမလုပ်ဘူးဆိုရင် ဘယ်လောက်ကောင်းမလဲ။ တံငါနားနီးပေမယ့် တံငါမလုပ်တာဟာ အဲဒီ မလုပ်တဲ့သူရဲ့ ဗီဇအကျင့်စရိုက်ကြောင့်ပဲ။

လူတိုင်းဟာ အမှားတွေကြားထဲမှာ နေနေကြရတာ။ လူကို မှားခွင့်တွေက အမြဲတမ်းစောင့်ကြိုနေတာ။ အခြေအနေပေးလို့ မှားလိုက်တာဟာ မှားချင်နေတဲ့ အကျင့်စရိုက်ကြောင့်ပေါ့ သားရဲ့။

မှားချင်စရာ အခြေအနေတွေက လူတိုင်းလူတိုင်းကို အမြဲတမ်း စောင့်ကြိုနေတာပဲလေ။ ဘာပဲဖြစ်ဖြစ်ပေါ့။ မှားတဲ့သူကို ဝိုင်းပြီး အပုပ်ချတာထက်စာရင် ဝိုင်းပြီး ထိန်းမတ်ပေးရမှာလည်း လူတိုင်းရဲ့တာဝန်ပါပဲ။ အဲဒီတာဝန်ကို ကျေပွန်အောင် သားကြီးကြိုးစားထိန်းသိမ်းလိုက်ပေါ့ကွယ်"

"ဟုတ်ကဲ့ အမေ။ သား ကျေးဇူးတင်ပါတယ်"

"ဇာနည့်ကို ကိုကြီး ဆွဲမထိုးလိုက်ဘူးလား" ဟု ကျော်လင်းမေးသည်။ သူ ခေါင်းယမ်း၏။

"ကျွန်တော်သာဆို ကားနဲ့ တိုက်သတ်ပစ်





လိုက်မှာ"

"ဟဲ့"

အမေ ဝင်ဟန့်သည်။ ကျော်လင်းက ...

"ဖော်လတ်ပြောတော့ ဇာနည်က လုံးဝမခွဲနိုင်ဘူးတဲ့။ နောက်တစ်ခါ နှောင့်ယှက်ရင် ကိုကြီး ဘယ်လိုလုပ်မလဲ"

"ကိုကြီးတို့ အမြန်ဆုံးလက်ထပ်လိုက်ရင် သူနှောင့်ယှက်တော့မှာ မဟုတ်ပါဘူး"

"ကိုကြီးရာ တခြားတစ်ယောက်ယောက်ကိုလက်ထပ်လိုက်ပါလား။ သူ့ထက်သာတာတွေ အများကြီး ရနိုင်တယ်"

အိမ်ပြတင်းပေါက်၏ပြင်ပသို့ သူ ငေးကြည့်နေမိသည်။

"တစ်သက်မှာ တစ်ယောက်တည်းနဲ့ပဲ ပတ်သက်ချင်တယ်ညီလေးရဲ့။ အဲဒါကြောင့် မပြိုကွဲအောင်အတတ်နိုင်ဆုံး ကိုကြီးထိန်းနေတာ"

"တစ်သက်တစ်ခါ တစ်လွှာတစ်ပွင့်ဆိုတာဝတ္ထုထဲမှာပဲ ရှိတော့တယ် ကိုကြီးရဲ့။ အပြင်လောကမှာတော့ ငွေမရှိတဲ့သူက ချမ်းသာတဲ့သူကို အမိဖမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ငွေရှိပြန်တော့လည်း ပိုပြီး ကြည်နူးစရာ၊ ရင်ခုန်စရာတွေကို ရှာတတ်ကြတယ်။

ချစ်တယ်ဆိုတဲ့ စကားလုံးနောက်ကွယ်မှာ ဘယ်လောက်ချမ်းသာသလဲဆိုတာ ထည့်တွက်နေကြတယ်။ ဒါမှမဟုတ် ဘယ်လောက် သာယာမှုပေးနိုင်မလဲဆိုတာ စမ်းသပ်ကြတယ်။

ချမ်းသာမှုဖြစ်ဖြစ်၊ သာယာမှုဖြစ်ဖြစ် မရနိုင်ဘူးဆိုရင် ရနိုင်မယ့်နေရာကို ခြေလှမ်းဖို့ အဆင်သင့်ပဲ။

တစ်သက်မှာတစ်ယောက်လို့ ဟစ်ကြွေးတဲ့လူကို သနားစရာသတ္တဝါလို့ ထင်မြင်နေကြပြီ ကိုကြီး''

''အေးပါကွာ။ ကိုကြီးက ရှားပါးပစ္စည်းဖြစ်နေပြီ ဆိုပါတော့''

ရယ်မောလျက် သူပြော၏။

''ကျွန်တော့်သူငယ်ချင်း ဇော်လတ်က ဇာနည့်ကို ဒီလောက် စိတ်မဆိုးဘူး။ မမျိုးမျိုးမြင့်ကို သူတော်တော့်ကို အမြင်ကတ်နေတာ။ ကိုကြီး မမျိုးမျိုးမြင့်ကို ယူလိုက်မှာကို သူ သိပ်မလိုလားဘူး။ ကိုကြီး





ဘက်က အရမ်းနာနေတယ်''

''ညီလေး နားလည်အောင် ပြောလိုက်ပေါ့ကွာ။ ငါ့အစ်ကိုက အတတ်နိုင်ဆုံးအထိ ခွင့်လွှတ်နေမယ့်သူပဲလို့၊ ခုနကပြောသလို တစ်သက်တစ်ယောက်ဆိုတဲ့ လူစားမျိုးလို့ ပြောလိုက်ပေါ့''

ကျော်လင်း သက်ပြင်းချသည်။ ညီဖြစ်သူကို သူ ပြုံးလျက်ကြည့်နေ၏။ အမေ့ကိုပါ သူပြုံးပြလိုက်ရသည်။

●

''ဇော်လတ်ဆိုတဲ့ကောင်လေးနဲ့ ငါသွားတွေ့ရင် ကောင်းမလား'' ဟု ကျော်သက်ခိုင်ကို သူပြော၏။ ကျော်သက်ခိုင်က ချင်းသုပ်ပန်းကန်ကို မွှေနှောက်ရင်း ...

''နောက်ထပ် သူ့ဆီက သတင်းစကားတစ်ခုခု ကြားရဦးမယ်လို့ မင်း ထင်နေလို့လား''

သူ့မျက်နှာကို မကြည့်ဘဲ မေးသည်။ ဖွာရှိုက်လက်စ စီးကရက်မီးခိုးငွေ့တွေကို မှုတ်ထုတ်လိုက်ပြီး သူက ...

''ထင်တယ်လို့တော့ မဟုတ်ပါဘူး။ ငါ့ညီကို



www.burmeseclassic.com

www.burmeseclassic.com



သူ သတင်းပေးနေမယ့်အစား ငါကိုယ်တိုင် ကျေးဇူး တင်စကားသွားပြောပြီး ငါ့ကို သူကိုယ်တိုင် တိုက်ရိုက် အသိပေးခွင့်ရအောင် ခင်ခင်မင်မင် မိတ်ဖွဲ့ကြည့် မလားလို့ စိတ်ကူးကြည့်တာပါ''

"အဲဒီလောက်အထိ မလိုပါဘူးကွာ။ မင်းညီရဲ့ သူငယ်ချင်းပဲ။ တစ်နေ့မဟုတ်တစ်နေ့ မင်းနဲ့ကြုံမှာ ပဲဟာ။

ဘာလဲ၊ မျိုးမျိုးမြင့်က မင်းအပေါ် ထပ်ပြီး လိမ်ညာမှာကို မင်း စိုးရိမ်နေတုန်းပဲလား''

သူ သက်ပြင်းချ၏။

"အမှန်အတိုင်း ဝန်ခံရရင် ငါစိုးရိမ်နေတုန်းပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ဇာနည့်ကိစ္စကို ငါသိသွား တာ သူပြောပြလို့ သိတာမျိုးမှ မဟုတ်ဘဲ။ သူတို့ချင်း ငါ့ရှေ့တည့်တည့်မှာ ပြဿနာဖြစ်လို့ ငါ မရှောင်မလွှဲ နိုင်ဘဲ သိရတာလေ''

"အဲဒီတော့"

"အဲဒီတော့ ဇာနည်က သူငယ်ချင်းအချင်း ချင်း ယုံယုံကြည်ကြည် ရင်ဖွင့်တိုင်ပင်နေတဲ့ ဇော်





လတ်ကို ငါ အများကြီး အကူအညီတောင်းချင် တယ်''

''ဩော် ထက်စိုး ထက်စိုး။ တော်တော့်ကို စိတ်မချ လက်မချ ဖြစ်နေတာကိုး။ အင်းလေ ဘာပဲ ဖြစ်ဖြစ် မင်းညီကတစ်ဆင့် သိနေကြားနေရတာမျိုးပဲ ပိုသင့်လျော်တယ်လို့ ငါ အကြံပေးချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ချစ်သူ ကိုယ့် ရည်းစား ဖောက်လွှဲဖောက်ပြန်လုပ်နေတာကို ကိုယ် တိုင်သိလျက်နဲ့ တခြားသူကို နောက်ကွယ်သတင်း စုံစမ်းခိုင်းတာ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ် နေတယ်လေ''

''မျိုး ငါ့ကို ရှိနိုးပြီး တောင်းပန်တယ်ကွ။ အဲဒီလိုမျိုး ငါ မကြုံဖူးတော့ စိတ်ထဲမကောင်းဘူး။ အားတောင်နာမိတယ်''ဟု သူ ပြောသည်။

ကျော်သက်ခိုင်က ချင်းသုပ်ကို တစ်ဇွန်းကော်စားလိုက်သည်။ ပြီးနောက် ရေနွေးတစ်ခွက်သောက်သည်။ တစ်သျှူးစက္ကူပါးဖြင့် နှုတ် ခမ်းကို သန့်စင်သည်။ ပြီးမှ . . .

''ဟိုတုန်းက ပြက်လုံးတစ်ခု ကြားဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်စင်ပေါ်မှာ ကတော့ ခုန်တော့မယ့် မင်းသမီးကို လူရွှင်တော်က ဦးသုံးကြိမ် လာချတယ်။ ဘာဖြစ်လို့ ဦးချရတာလဲလို့ မင်းသမီးကမေးတော့ အစ်မက လှလွန်းပလွန်းတော့ စိတ်ထဲက ပြစ်မှားမိလို့ ရှိခိုးပြီး တောင်းပန်တာပါတဲ့။ လူရွှင်တော်က ဖြေတယ်။ ပုထုဇဉ်သဘာဝမို့ ခွင့်လွှတ်ပါတယ်ကွယ်လို့ မင်းသမီးက နှစ်သိမ့်တယ်။ လူရွှင်တော် ကျေးဇူးတင်စကား ပြောပြီး အငြိမ့်စင်ထောင့် သွားထိုင်တယ်။

ပြီးမှ မင်းသမီးက ကဖို့ ဟန်ပြင်တယ်။ ခုနက လူရွှင်တော်က လာပြီး ကန်တော့ပြန်ရော။ ဘာဖြစ်ပြန်တာတုံး မေးတယ်။ လူရွှင်တော်က စိတ်ထဲက ထပ်ပြီးပြစ်မှားမိလို့ပါ ... လို့ ပြောတယ်။ မင်းသမီးက ပုထုဇဉ်သဘာဝမို့ ခွင့်လွှတ်ပါကြောင်းပြောတယ်။

အဲဒီလိုနဲ့ မင်းသမီးက ကမယ်လုပ်လိုက် လူရွှင်တော်က ပြစ်မှားမိပြန်ပြီဆိုပြီး တောင်းပန်လိုက်နဲ့ ကတဲ့ဆီကို မရောက်တော့ဘူး။

အဲဒီပြက်လုံးထဲကလို အပြစ်လုပ်လိုက်၊ ရှိခိုးပြီး တောင်းပန်လိုက် ဆိုရင်တော့ မင်းအတွက် အခြေ





အနေမကောင်းဘူး ထက်စိုး''

ရယ်ကာ ပြုံးကာပြောသော စကားရပ်ဖြစ်ပါလျက် မရယ် မမောနိုင်ဖြစ်ရသည်။

''အပြစ်ကို ခဏခဏ ကျူးလွန်နေတာလည်း မကောင်းဘူး။ အပြစ်ကျူးလွန်တဲ့သူကို ခဏ ခဏ ခွင့်လွှတ်နေတာလည်း မကောင်းဘူး။ အပြစ်ကို အစဉ်အမြဲ ကျူးလွန်နေဖို့ အခွင့်အရေးပေးနေသလို ဖြစ်တတ်တယ်''

စီးကရက်တိုကို ပလက်ဖောင်းပေါ် အသာလွှတ်ချပြီး ဖိနပ်ဖျားဖြင့် ဖိလိုက်သည်။ ပြီးမှ ...

''ငါ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတယ်ကွာ။ လက်ထပ်ချင်တယ်ဆိုတဲ့ စကားကိုလည်း အရှုး အမဲ သားတောင်းသလို တတွတ်တွတ် ပြောမနေချင်ဘူး''

''မင်း ပြန်လာတာ သူနဲ့လက်ထပ်ဖို့ ပြန်လာတာ မဟုတ်ဘူးလား''

''လက်ထပ်ဖို့က ဒုတိယကိစ္စပါ။ လက်မထပ်ဖြစ်မှာ စိုးရိမ်တာက ပထမကိစ္စ''

ကျော်သက်နိုင်က ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း စွမ်းဆောင်နိုင်တာ၊ မစွမ်းဆောင်နိုင်တာတော့ ငါမသိဘူး။ အခုအချိန်မှာ မင်း အလုပ်သင့်ဆုံးက မျိုးမျိုးမြင့်နဲ့ မင်း အမြန်ဆုံး လက်ထပ်ဖို့ပဲ။

အကျင့်စရိုက်ကို အပြည့်အဝ အကာအကွယ်မပေးနိုင်ရင်တောင်မှ အကျင့်စရိုက် ယိမ်းယိုင်စေမယ့်အခြေအနေကို အဟန့်အတားဖြစ်စေနိုင်တာ အဲဒီတစ်နည်းပဲရှိတယ်"

"မျိုးက မဆွေဆွေတင့်ကို အမွေခွဲမပေးချင်သေးဘူးဆိုတာနဲ့ပဲ အကြောင်းပြနေတာ" ဟု၊ သူ ညည်းပြော ပြော၏။

ကျော်သက်ခိုင်က . . .

"အဲဒါ ခိုင်လုံတဲ့အကြောင်းပြချက် မဟုတ်ဘူး။ ငါ ပြောပြီးပြီပဲကွာ။ မင်း သူ့ကို အမြန်ဆုံးလက်ထပ်ဖို့ပဲ ငါ အကြံပေးတယ်"

ကျော်သက်ခိုင် စကားရပ်လိုက်သည်။

သူ ခေါင်းတညိတ်ညိတ်သာ နေလိုက်၏။ ဘာကို ခေါင်းညိတ်နေမိသည်ဟု ကိုယ့်ကိုယ်ကို မသိ။

■



(၂၂)

နှစ်နှစ်ကျော်အတွင်း စုဆောင်းခွင့်ရက်များဖြင့် မြန်မာပြည်သို့ ပြန်လာခွင့်ရခြင်းဖြစ်သောကြောင့် အနည်းဆုံး နောက်ထပ်တစ်လလောက် ကုမ္ပဏီသို့ မပြန်သေးလျှင် ရနိုင်သေး၏။ သို့သော် ကုမ္ပဏီ၏အရောင်းမန်နေဂျာ ကိုစိုးခင်ထံသို့လည်းကောင်း၊ ကုမ္ပဏီ၏ အကြီးအကဲထံသို့လည်းကောင်း ပုဂ္ဂိုလ်ရေးရင်းနှီးစွာ သူ စာရေးသည်။

ချစ်သူနှင့်လက်ထပ်ပြီးလျှင် လုပ်ငန်းခွင်ပြန်ဝင်မည် ဖြစ်ကြောင်း၊ ကိုစိုးခင်ထံသို့ သူ တရင်းတနှီး စာရေး၏။ ကိုနေမျိုး၏ဇနီး မဆွေဆွေတင့်အား သတိရပါကြောင်း၊ အကူအညီလိုလျှင် ကူညီရန် တာဝန်ရှိပါကြောင်း သူ့ထံသို့ ရေးသည့်စာထဲတွင် ကိုစိုးခင်စကားပါး၏။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာရက် သတ်မှတ်ပြီးပါက မင်္ဂလာဖိတ်စာကို ကုမ္ပဏီသို့ တစ်စောင် ပို့၍ ထည့်ပေးလိုက်စေလိုကြောင်း၊ မင်္ဂလာရက်အမီ ၎င်း၏ လက်ဖွဲ့ပစ္စည်းနှင့်အတူ ကုမ္ပဏီ၏လက်ဖွဲ့ပစ္စည်းကို ပေးပို့လိုက်မည် ဖြစ်ကြောင်း ကိုစိုးခင် မှာကြား၏။

မျိုးမျိုးမြင့်ကို ပြောပြသောအခါ မျိုးမျိုးမြင့် ရှက်ပြုံးပြုံး၏။ မျိုးမျိုးမြင့်က ...

"မျိုးလေ၊ သဒ္ဒါလွန်ခဲ့လို့ မဖြစ်သင့်တာတွေ ဖြစ်၊ မကြုံသင့်တာတွေ ကြုံခဲ့ရတယ်။ အမိုက်တွေ ရှင်းပြီးတဲ့နေ့ကျရင် ကို့ကို မျိုး လက်ထပ်ပါ့မယ်။ သိပ်မကြာတော့ပါဘူး" ဟု တည်ငြိမ်ကြင်နာစွာ သူ့ကိုပြော၏။

ချစ်သူပြောသမျှကို ကြည်နူးစွာ ယုံကြည်ချင်သည်။

●

ကျော်သက်ခိုင်က "မင်း မသွားသင့်ဘူး ထင်တယ်" ဟု ပြောသည်။

"ငါ သွားချင်တယ်" ဟု သူပြောလိုက်၏။





မနေ့ညက ညီဖြစ်သူကျော်လင်း၏ အလုပ်နေရာသို့ သူ သွားကြိုသည်။ ကားအတွင်းမှ မထွက်ဘဲ ခပ်လှမ်းလှမ်းမှ ရပ်စောင့် နေစဉ် ဇာနည့်ကို လှမ်းမြင်သည်။ ပြီးနောက် ညီဖြစ်သူကို တွေ့၏။

သူနှင့် ကျော်လင်း ညီအစ်ကိုအဖြစ် ပတ်သက်ဆက်နွယ် သည်ကို ဇာနည် ခန့်မှန်းသိဖြင့်သာ သိထားပေလိမ့်မည်။ မျက်မြင်ဒိဋ္ဌ မြင်တွေ့လျှင်မူ ဖော်လတ်ဆိုသော ကောင်လေးထံမှ သတင်းစကား အချို့ မရရှိနိုင်တော့မည်ကို စဉ်းစားမိပြီး ဇာနည် ဘတ်(စ်)ကားပေါ် တက်ရောက်လိုက်ပါသွားသောအခါကျမှသာ လမ်းလျှောက်နေသော ညီဖြစ်သူ၏ နံဘေးသို့ သူ့ကားကို ထိုးရပ်စမြဲဖြစ်၏။

ကျော်လင်း၏ နံဘေးတွင် ရွယ်တူကောင်လေးတစ်ယောက် ကို တွေ့၏။ ခုနက သတိမထားမိ။ ဖော်လတ်ဖြစ်မည်ဟု သူတွေး သည်။

"ညီ၊ သူငယ်ချင်းကိုပါ ခေါ်လိုက်လေ"

ကားနောက်ခန်းတွင် နှစ်ယောက်စလုံး ဝင်ထိုင်ကြ၏။ ကား မောင်းထွက်ပြီး မကြာမီတွင် ...

"မင်း ပြောလိုက်ကွာ"

"မင်းဘာသာ ပြောလိုက်လေ"

"မင်း သိထားတာပဲ။ မင်းကို ငါ့အစ်ကိုက



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်မှာပါ၊ ပြောလိုက်''

စကားသံတွေကို ကြားပြီး သူ ပြုံး၏။

''ညီလေး၊ ဘာဖြစ်လို့လဲ''

''ကိုကြီး၊ ဒါ ဇော်လတ်''

နောက်ကြည့်မှန်မှတစ်ဆင့် ဇော်လတ်ကို သူ တရင်းတနှီး ကြည့်သည်။ လူရည်သန့်တစ်ဦးဟု သူ ခန့်မှန်း၏။

''အင်း၊ ကိုကြီး ထင်သားပဲ''

ကျော်လင်းက ''ကိုကြီး ဒီနေ့ သတင်းထူးတယ်'' ဟု ပြော၏။

''ဘာသတင်းလဲ'' ဟု လှည့်မကြည့်ဘဲ သူ မေးသည်။

''ပြောလိုက်လေကွာ'' ဟူသော ကျော်လင်း၏အသံကို ကြားရ၏။

''ငါ အားနာတယ်ကွာ။ မင်းဘာသာ ပြော''

''ကဲ ကဲ၊ ဟိုရှေ့နားက အအေးဆိုင်မှာ ထိုင်ရအောင်၊ ပြောစရာရှိတာကို အဲဒီမှာ ပြောတာပေါ့''

●





အချီရည်သုံးဘူး မှာ၍သောက်ကြသည်။

''ဇာနည်ရော၊ ကျော်လင်းရော ကျွန်တော့်သူငယ်ချင်းပါပဲ။ ဇာနည့်ကို ကျွန်တော် ပိုတွဲဖြစ်တယ်။ ဒီကောင် ရည်းစားများတာ၊ ကျလောက်အောင် ပြောနိုင်တာကို ကျွန်တော်က သိပ်အားကျခဲ့တာ။ ဒါပေမဲ့ အခု သူဖန်တီးနေတဲ့ ကိစ္စမျိုးကိုကျတော့ ကျွန်တော် အားမကျဘူး။ ဒါပေမဲ့ အားကျချင်ယောင်ဆောင်ပြီး ဇာနည့်ဆီက ကျွန်တော် သိသမျှတွေကို ကျော်လင်းကတစ်ဆင့် အစ်ကိုသိအောင် ကျွန်တော်လုပ်ခဲ့တယ်''

ဇော်လတ်ကို ကျေးဇူးတင်စကား သူပြောသည်။

''ဘယ်မိန်းကလေးမျိုးကို ဘယ်လိုချဉ်းကပ်ရတယ်ဆိုတာမျိုးတွေ၊ ဇာနည်က ကျွန်တော့်ကို ပြောပြနေကျဆိုတော့ သူ့ကိစ္စတွေအကုန်လုံး ကျွန်တော် သိတယ်''

''ကိုဇော်လတ်က သူငယ်ချင်းအချင်းချင်း မတားဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



ဟု သူမေးသည်။

"ရဲကြီးတတ်တယ်ဆိုတာလောက်ပဲ ကျွန်တော်ပြောနိုင်တယ်။ မိန်းမတိုင်းက သာယာမှုကို လိုချင်ကြတယ်တဲ့။ သဒ္ဒါလွန်ရင် တဏှာကျွံတတ်ကြတယ်တဲ့။ မမျိုးမျိုးမြင့်ကို သူ အနိုင်ကျင့်စော်ကားခဲ့တာ မဟုတ်တဲ့အတွက် သူ့မှာ အပြစ်မရှိဘူးတဲ့"

"အင်း ... သူပြောတာလည်း ဟုတ်တာပဲ။ ဒါနဲ့ ဒီနေ့ သတင်းထူးဆိုတာက ဘာများလဲ"

"မနက်ဖြန် ဇာနည်ခရီးသွားလိမ့်မယ် အစ်ကို၊ စော်ဘွားကြီးကုန်းကားဂိတ်ကို မမျိုးမျိုးမြင့် လာတွေ့လိမ့်မယ်"

ဘာဆက်မေးရမည်မှန်းမသိ ဖြစ်ရ၏။ ကြက်သေ သေသွားရသည်။

"ဩော်" ဟုသာ၊ အသံပြုနိုင်သည်။ ပြီးမှ ...

"ဘာကိစ္စကြောင့် ခရီးသွားတာလဲ"

"အမှန်ကတော့ ဘာကိစ္စနဲ့မှ ခရီးသွားတာ မဟုတ်ဘူး။ မမျိုးမျိုးမြင့်နဲ့ပတ်သက်ပြီး ခံစားရတဲ့ ဝေဒနာကို ခရီးထွက်ပြီး ကုစားရမယ့်ပုံ ဖန်တီးတာ။





သူ့ကိုသနားရင် ကားဂိတ်မှာ နောက်ဆုံး လာတွေ့ပါလို့ တောင်းဆိုတာ"

ခေါင်းတညိတ်ညိတ်ဖြင့် ...

"နောက်ဆုံးအနေနဲ့ မမျိုးမျိုးမြင့်က သွားတွေ့ရမယ့်သဘောပေါ့"

"ခိုးပြေးကြမလား မသိဘူး" ဟု ကျော်လင်း ဝင်ပြောသည်။

သူ ကြိုးစား၍ ရယ်မောရသည်။ မျက်နှာတစ်ခုလုံး ထုံကျဉ်နေသည်ဟု ခံစားရ၏။

"ကျွန်တော့်ဆီက သိရတယ်လို့တော့ မရိပ်မိစေချင်ဘူး။ ပြဿနာဖြစ်မှာကြောက်လို့တော့ မဟုတ်ဘူးနော် အစ်ကို၊ နောက်ထပ် ခြေလှမ်းတွေကို မျက်ခြည်ပြတ်သွားမှာစိုးလို့"

"ကိုဇော်လတ်ပြောတာ မှန်ပါတယ်။ ကိုယ့်အနေနဲ့ ကိုဇော်လတ်ကို သိပ်ကျေးဇူးတင်ပါတယ်။ ဒါနဲ့ သူတို့ ဘယ်အချိန်လောက် ချိန်းထားလဲ"

"သုံးနာရီလောက် ရောက်မယ် ထင်တယ်။ ကားက လေးနာရီ ထွက်မှာ။ သွားမယ့်နေရာတော့ မမှတ်မိဘူး။ အဲဒီမှာ ဇာနည့်အဘွားတွေ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ကိုဇော်လတ်၊ နောက်ထပ်လည်း ကူညီသင့်တဲ့အရာကို ကူညီပါဦးနော်။ ကိုယ့်ဆီက အကူအညီလိုရင်လည်း ပြောပါ"

"ရပါတယ် အစ်ကို၊ ဒါနဲ့ အစ်ကိုက ဒီကိစ္စကို ဘယ်လိုဆုံးဖြတ်မယ်ဆိုတာ ကျွန်တော်တို့ မသိရဘူးလား"

"ကိုယ် မရှက်ပါဘူးကွာ။ မျိုးမျိုးမြင့်အပေါ် အတတ်နိုင်ဆုံးအထိ အစွမ်းကုန် ခွင့်လွှတ်နိုင်အောင် ကိုယ် ကြိုးစားနေပါတယ်"

"အစ်ကို့လိုလူမျိုး ရှားတယ်" ဟု ဇော်လတ် ပြောသည်။

"သနားတယ်" ဟု ပြောလိုက်သလိုမျိုး နားထဲမှာ ကြားရ၏။

●

"သွားပြီ၊ တွေ့ပြီ၊ မြင်ပြီ၊ မင်း ဘာလုပ်မလဲ"

ကျော်သက်နိုင်၏ အမေး။

"'ဘာမှမလုပ်ဘူး။ ငါ့ရဲ့သစ္စာတရား၊ ငါ့ရဲ့





စာနာတရားကို ငါချစ်သူကိုယ်တိုင်က ချေမွပစ်နေတဲ့ မြင်ကွင်းကို၊ ငါ . . ကိုယ်တိုင်။ . . ,ကိုယ်တိုင် မြင်ချင်လို့"

"မင်း ပေါက်ကွဲလိမ့်မယ်။ မင်းကိုယ်စား ငါ သွားလိုက်မယ်လေ"

သူ ခေါင်းခါ၏။

"မင်း ဖုန်းဆက်တော့ မျိုးမျိုးမြင့် ဘာပြောလဲ"

"သုံးနာရီလောက် ထွက်လာခဲ့ပါ။ ညစာကျွေးချင်တယ်။ ရုပ်ရှင်ကြည့်ကြမယ်လို့ ငါပြောတယ်။ မအားဘူးတဲ့။ လေယာဉ်ကွင်းမှာ သူငယ်ချင်းတစ်ယောက်ကို လိုက်ပို့စရာရှိတယ်တဲ့"

တက်မခေါက်မိအောင် ထိန်းသိမ်းသည်။ "သူ ဘာဖြစ်လို့ များ လိမ်ရတာလဲ" ဟု တစ်ကိုယ်တည်း ပြောနေမိသည်။ ကျော်သက်နိုင်က . . .

"လိမ်တယ်လို့ မယူဆနဲ့ဦး၊ ကိုယ်တိုင်ကိုယ်ကျမှ မမြင်ရသေးဘဲ၊ စိတ်ညစ်စရာတွေ ကြိုတွေး မနေပါနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မညစ်ပါဘူး။ ဒါပေမဲ့ စိတ်နာမိမှာ စိုးတယ်"

ကျော်သက်ခိုင်၏နှုတ်ဖျားမှ နှစ်သိမ့်စကား မကြားရ၍ သူ့ကိုသာ တွေတွေငေးကြည့်နေလေသည်။

●

မွန်းလွဲပိုင်းသို့ ရောက်သောအခါ မျိုးမျိုးမြင့်၏အိမ်သို့လည်းကောင်း၊ စတိုးဆိုင်သို့လည်းကောင်း သူ ဖုန်းဆက်သည်။ မျိုးမျိုးမြင့် မရှိကြောင်း သိကြားရ၏။

ညီဖြစ်သူ ကျော်လင်းထံသို့ သူ ဖုန်းလှမ်းဆက်သည်။ ဇာနည် ရှိ မရှိ မေးသည်။ အလုပ်မဆင်းကြောင်း ခရီးသွားပြီဖြစ်ကြောင်းကို ဘေးလူတွေ မရိပ်စားမိစေသော စကားအသွားအလာမျိုးဖြင့် ကျော်လင်းပြော၏။

ဇော်လတ်ကို ကျေးဇူးတင်စကားပြောပေးရန်၊ မျိုးမျိုးမြင့်နှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို မိသားစုအတွင်း အသိမပေးတော့ရန် ကျော်လင်းကို သူမှာ၏။





အဝေးပြေးကားဂိတ်ကို ကျော်သက်ခိုင်နှင့်အတူ ကားကိုလေးပင်စွာ မောင်းထွက်ခဲ့သည်။ လောကနှင့် မကင်းလွတ်သမျှ အရာရာသည် အနိစ္စ၊ အရာရာသည် ဒုက္ခ၊ အရာရာသည် အနတ္တဟု ကျော်သက်ခိုင်က တရားသံပါပါဖြင့် သူ့ကို ဖြေဆည်စေသည်။

ချစ်သူ၏ ချစ်ခြင်းဟူသည်လည်း . . .

အနိစ္စ အမြဲမရှိနိုင်၊

ဒုက္ခ ဆင်းရဲမှုအပြည့်၊

အနတ္တ အစိုးမရခြင်းအတိ

ဟု . . . ရင်ငြိမ်းစဖွယ် ခံစားရာဝေဒနာ သက်သာစေခြင်းငှာ ကျော်သက်ခိုင်က သူ့အား နှုတ်စကားဖြင့် စောင့်ရှောက်ခဲ့လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

(၂၃)

ကားဂိတ်တစ်ခု၏အနီးတွင် ရပ်ထားသော မျိုးမျိုးမြင့်၏ ကားနံဘေးတွင် သူ့ကားကို ယှဉ်လျက်ရပ်လိုက်သည်။

ကားရပ်ပြီးလျှင်ပြီးချင်း ခပ်လှမ်းလှမ်းရှိ ထွက်လုထွက်ခင် ခရီးသည်တင်ကားတစ်စီးအနီးတွင် မျိုးမျိုးမြင့်ကို လှမ်းမြင်ရ၏။ ကား ပြတင်းပေါက်မှ လှမ်းကြည့်သော မျက်လုံးတစ်စုံကြောင့် သူ့ထံသို့ မျိုးမျိုးမြင့် လှမ်းကြည့်မိတော့သည်။

မျိုးမျိုးမြင့်၏မျက်လုံးလေး ဝိုင်းသွားဟန်ကို သတိမထားမိ ဟန်ဖြင့် နေသည်။ ကားပေါ်တွင် ထိုင်နေပြီးဖြစ်သော ဇာနည့်ထံသို့ သူ လုံးဝမကြည့်။

မျိုးမျိုးမြင့်ထံသို့ သူ တစ်လှမ်းချင်း သွားသည်။ ကျော်သက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်က ကားအတွင်း၌ ကျန်ရစ်ခဲ့သည်။

"ကို"

ဒေါသတို့ကို ပြေပျောက်စေသော 'ကို' ...။

သောကတို့ကို ပြေလျော့စေသော 'ကို' ...။

သို့သော် ဒေါသမရှိတော့သူ၊ သောကမရှိတော့သူအဖို့ 'ကို' ဟုခေါ်သော ထိုဝေါဟာရ၊ ထိုအသံသည် နားစွန်နားဖျားသို့ပင် ပါးလှပ်စွာ မထိခတ်တော့။

နားအတွင်းသို့ သံယောဇဉ်ကိုအကြောင်းပြု၍ ဝင်ရောက်လာနိုင်မည် ဆိုလျှင်လည်း နားထဲမှတစ်ဆင့် ရင်တွင်းသည်းညွှာသို့ (လုံး၀) ဝင်ရောက်စေနိုင်တော့မည် မဟုတ်။

ကြုံမည်၊ တွေ့မည်၊ မြင်မည်ဟု ကြိုသိထားသော ကုသိုလ်ကံကြောင့် ကြုံလျှင်ကြုံချင်း၊ တွေ့လျှင်တွေ့ချင်း၊ မြင်လျှင်မြင်ချင်း ရင်ဆို့၊ ရင်နင့်ရသည့် ဘေးဆိုး။ လက်သီးလက်မောင်းတန်းလျက် အော်ဟစ်ရင်ပွင့်စေသည့် စရိုက်ဆိုးတို့ကို တည်ငြိမ်စွာ ရှောင်ကွင်းနိုင်ခဲ့ခြင်း ဖြစ်၏။

မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့် မျိုးမျိုးမြင့်ကတော့ တုန်တုန်ယင်ယင် ဖြစ်နေရှာပေလိမ့်မည်။ မျက်ဝန်းမှ မျက်ရည်များ ဝေ့နေသည်ကို မြင်၏။





"ကို"

မျက်နှာချင်းဆိုင် တွေ့ဆုံနေပါလျက် သူ စကားမဟာဖြစ်သေး။ မျိုးမျိုးမြင့်ကိုသာ မမိုတ်မသုန် ကြည့်နေလေ၏။

"သူ့ကို မျိုး နောက်ဆုံးလာတွေ့တာပါ"

မျက်လုံးကို မှေးမှိတ်လျက် စကားမဆက်တော့ရန် လက်ကာလိုက်သည်။ ပြီးမှ ဘယ်တုန်းကမှ မကြည့်ဖူးသည့် မာထန်သော အကြည့်များဖြင့် ယိမ်းယိုင်သူမျက်နှာကို တင်းပြတ်စွာကြည့်လိုက်၏။

"ဆယ်ရက်အတွင်း မင်းကိုလက်ထပ်ဖို့ ငါ
မြန်မာပြည်မှာ ရှိနေဦးမယ်။ လက်ထပ်ဖို့ အစီအစဉ်
အားလုံးကို မင်း ဦးဆောင်ပြီး စီစဉ်ပေးပါ"

ပြောပြီး လှည့်ထွက်ခဲ့သည်။

သွားလာ လှုပ်ရှား သယ်ပိုးနေသူတွေ မည်သူမျှ သတိမထားမိလိုက်ကြ။ ခရီးသည်တင်ယာဉ်ပေါ်မှ ဇာနည်ဆိုသူကတော့ သူ၏ ပြောစကားများကို မကြားနိုင်လျှင်တောင် သူ့အမူအရာ၊ သူ့နှာကျင်မှုတို့ကို ခန့်မှန်းတွေ့မြင်ပေလိမ့်မည်။

ကားဂိတ်မှ ကားကို မောင်းထွက်ထွက်ချင်း ကားနောက်ကြည့်မှန်ထဲမှ မျိုးမျိုးမြင့်၏ကားကို မြင်၏။

●



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင် သူ့အိမ်သို့ မဆွေဆွေတင့် ရောက်လာ၏။ သည်ရက်ပိုင်းအတွင်း မျိုးမျိုးမြင့်က အမွေပစ္စည်းများကို ကြည့်ရှုစွာ ခွဲဝေပေးတော့မည်ဟုပြောကြောင်း၊ ကိုထက်ရိုးနှင့် မကြာမီ လက်ထပ်တော့မည်ဟု အသိပေးကြောင်း၊ မဆွေဆွေတင့်ထံမှ သတင်းစကားကြားရ၏။

မဆွေဆွေတင့်၏ ဆိုစကားများမှ မျိုးမျိုးမြင့်၏အခြေအနေကို အဖေ၊ အမေတို့သိရန် သူ စကားလက်ဆင့်ကမ်းသည်။ ပြီးမှ သူနှင့် မဆွေဆွေတင့်တို့နှင့်အတူ မိသားစုစကားဝိုင်း ဖွဲ့ဖြစ်ကြ၏။

မကြာမီ မျိုးမျိုးမြင့်က သူ့အား လက်ထပ်တော့မည်ဟူသည့် အသိပေးစကားကိုကြားပြီး သူ ကြည်နူးမိချေသည်။

အဖေနှင့်အမေတို့က သူ့တစ်မျက်နှာကို ထောက်ထားကာ သူ့ကဲ့သို့ ကြည်နူးနေလေသည်။ စားပွဲပေါ်သို့ အချိုရည် လာချပေးသည့် ညီမဖြစ်သူက သာမန်မျက်နှာထား။

ညီဖြစ်သူကျော်လင်းက ပို၍ သရုပ်ပီသည်ဟု ဆိုရပေမည်။ ယမန်နေ့က အဝေးပြေးကားဂိတ်တွင် ဖြစ်ပျက်ခဲ့သည့်ကိစ္စအကြောင်း အရင်းကို ခရာစေ့တွင်းကျ သိရှိထားပါလျက် ဘာမျှ မသိမကြားထား





သူတစ်ယောက်ကဲ့သို့ အဖေအမေတို့နှင့်အတူ ကူညီပြုံးပြနိုင်စွမ်း၏။

●

"မနေ့က မျိုး ငါ့ဆီကို ဖုန်းဆက်တယ်"

အိမ်အနီးရှိ စတိုးဆိုင်ငယ်တစ်ဆိုင်မှ ဖုန်းကို မျိုးမျိုးမြင့် အဆက်အသွယ်ပြုခြင်းဖြစ်သည်။

"မတွေ့ကြတာ ဘယ်နှရက်ရှိပြီလဲ" ဟု ကျော်သက်နိုင် ပြန်မေး၏။ "သုံးရက်" ဟု သူ ဖြေသည်။

"တော်တော်လွမ်းနေကြရမှာပဲ" ဟု ကျော်သက်နိုင် ထေ့တေ့တေ့ပြော၏။ ပြီးမှ . . .

"ဒါဆို လေသံမာမာကြီးနဲ့ ပြောလိုက်ပြီးတဲ့ နေ့ကနေ ဒီနေ့အထိ စတင်ဆက်သွယ်သူဟာ မျိုးမျိုး မြင့်ပေါ့"

"ဟုတ်တယ်" ဟု ပြုံးလျက် ဖြေ၏။

"ကောင်မလေး သနားပါတယ်၊ အောက်ကျ ခံပြီး အရင် ဆက်သွယ်ရရှာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေရာမှ သူ ပို၍ ရယ်မောတော့သည်။

"ဆိုပါဦး၊ မင်္ဂလာဆောင်ဖိတ်စာ ရိုက်ပြီးပြီ တဲ့လား။ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ စီစဉ်ပြီးပြီတဲ့လား။ သူ့ယောက်မကိုရော ဘာညာကွိကွတွေ ခွဲပေးလိုက်ပြီလား"

"အကုန် စီစဉ်ပြီးပြီ။ အကုန်ပေးပြီးပြီ။ မနေ့က ဖုန်းဆက်တာက ငါပို့ပေးခဲ့တဲ့ပိုက်ဆံနဲ့ တိုက်ခန်း တစ်ခန်း ဝယ်ထားတဲ့အကြောင်း ဖုန်းဆက်တာ"

"ဒါဆို ဖုန်းဆက်ပြီးပြီးချင်း တွေ့ပြီးပြီပေါ့"

"အင်းလေ၊ တွေ့ပြီးပြီ။ အဝယ်စာချုပ်မှာ ငါ လက်မှတ်ထိုးရတာ။ သူ့နာမည်နဲ့ဝယ်ဆိုတာ မဝယ်ဘူး။ ငါ့နာမည်နဲ့ ဝယ်တယ်။

ပြီးတော့ အဲဒီတိုက်ခန်းမှာပဲ နှစ်ယောက် တည်းနေကြမှာတဲ့။ ဟဲ ဟဲ"

"မင်း ပျော်နေတယ်ပေါ့"

"ပျော်တာပေါ့ကွာ။ ငါ မျှော်လင့်ခဲ့တဲ့ သီးသန့် ကမ္ဘာလေးတစ်ခုကို ကိုယ်တိုင်ရောက်ရတော့မှာပဲ ဟာ။





ငါ အဝေးပြေးဂိတ်မှာတုန်းက မျိုးကို မင်းတွေ ငါတွေနဲ့ ပြောပစ်လိုက်မိတာ အားတော့နာမိတာ အမှန်ပဲ။

လက်ထပ်ဖို့ အစီအစဉ်အားလုံးကို မင်း ဦးဆောင်ပြီး စီစဉ်ပေးပါလို့ ငါတမင်ပြောလိုက်တာ။ သူ တကယ့်ကို စီစဉ်နေတော့တာပဲ။ ဖိတ်စာအရောင် ကအစ ငါ ဘာအရောင်ကြိုက်သလဲ၊ လှမ်းမေးတယ်။ ပြီးရင် သူ့ဘာသာ စီစဉ်တယ်၊ တကယ်အားနာစရာ"

"တော့င်ထား တောင့်ထားလို့ အားပေးဖို့ မလိုတော့ပါဘူးနော်"

ဟု ကျော်သက်ခိုင် နောက်လေသည်။ အိမ်အနောက်ဘက်သို့ ငဲ့ကြည့်ကာ ကျော်သက်ခိုင်က ...

"မင်းကို ငါမေးရဦးမယ်။ မျိုးမျိုးမြင့်ကို မင်းက အရမ်း နားလည်ပေးလိုက်တာလား။ ဒါမှမဟုတ် သူ့မှာ ဘာအပြစ်ရှိရှိ ခွင့်လွှတ်တယ်ဆိုတဲ့ သဘောလား"

"ဘာကြောင့်မေးတာလဲ၊ မင်းမေးခွန်းကို ငါ နားမရှင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဒီလိုကွာ။ မျိုး မင်းမှာ ဘယ်အပြစ်၊ ဘယ်အပြစ်ရှိတယ်။ ဘယ်နေ့ ဘယ်ရက်က ဘယ်နေရာဘာအပြစ်ကျူးလွန်တယ်။ အဲဒီလို တိတိကျကျ ဖွင့်ပြောပြီး အရေးယူတာမျိုး မင်း မရှိဘူး။

ထင်ယောင်ထင်မှား တွေ့တယ်။ မင်း ခွင့်လွှတ်တယ်။ မျိုးမျိုးမြင့်တောင်းပန်စကားကိုတောင် မင်း နားမထောင်ဘူး။ ခွင့်လွှတ်တယ်။

ဟော ... ဟိုနေ့က မင်း ဒေါသဖြစ်သွားတယ်။ တော်တန်ရုံလူဆို ခွင့်လွှတ်မှာမဟုတ်တဲ့အပြစ်။ အဲဒါကို၊ မင်းက၊ ဒီရက်ပိုင်းအတွင်း မင်းကို လက်ထပ်ရင် ခွင့်လွှတ်မယ့်ပုံစံမျိုး မင်းပြောခဲ့တယ်။

မျိုးမျိုးမြင့်ကလည်း ထူးထူးထွေထွေ တောင်းပန်မနေတော့ဘူး။ မင်းပြောတဲ့အတိုင်း လက်ထပ်ဖို့အစီအစဉ်တိုင်းကို သူကိုယ်တိုင်လုပ်နေတယ်။ အပြစ်ကျူးလွန်တဲ့သူက အပြစ်တွေအများကြီး။ မင်းက ဘယ်အပြစ်ကို အရေးယူချင်မှန်း မသိဘူး။ အဲဒီလိုဖြစ်နေတယ်။

ဘယ်ကိစ္စ ဘယ်ကိစ္စကိုတော့ ငါသိတယ်။





ငါ မကျေနပ်ဘူး။ ဟုတ်,မဟုတ်ဆိုတာမျိုး မင်း မေးသင့်တယ်။ အပြစ်တိုင်း အပြစ်တိုင်းကို ဝန်ခံနိုင်းတာမျိုးပေါ့။ ပြီးမှ ခွင့်လွှတ်တာ ပိုမကောင်းဘူးလား''

သူ ခေါင်းခါသည်။

''အခြေအနေကြောင့်ရော၊ အကျင့်စရိုက်ကြောင့်ရော သူ မှားနိုင်တာပဲ။ ဒါပေမဲ့ ဘယ်နေ့၊ ဘယ်ရက်၊ 'ဘယ်နေရာမှာ ဘယ်လိုမှားခဲ့ပါတယ်ဆိုတဲ့ အသေးစိတ် အခြေအနေတွေကိုတော့ သူပြောရင်တောင် ငါ နားမထောင်ရဲဘူး။

ပန်းတစ်ခင်းလုံး ကြွေမွသွားပြီဆိုပါတော့ အဲဒီသတင်းလောက်ပဲ ငါသိချင်တယ်။ မေမြို့ပန်းက ဘယ်လိုကြွေတယ်။ နှင်းဆီပန်းက ဘယ်လိုကျိုးတယ်။ စံပယ်ပန်းက ဘယ်လိုနွမ်းတယ်ဆိုတာမျိုး အတိအကျကြီး ငါမကြားချင်ဘူး။ မကြားရဲဘူး။ အဲဒါကြောင့် သူမှားတယ်ဆိုတာနဲ့ ငါ့ကိုယ်ငါ ကမန်းကတန်း မေးလိုက်တယ်။ ခွင့်လွှတ်သလား။ ခွင့်လွှတ်တယ်ဆိုတာနဲ့ ချက်ချင်း ခွင့်လွှတ်တဲ့အကြောင်း ပြောလိုက်တယ်။ အသေးစိတ်တောင်းပန်နေတာမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ငါ မကြားရဲဘူး သူငယ်ချင်း''

''အဝေးပြေးဂိတ်မှာတုန်းက မင်း ပေါက်ကွဲခဲ့တာလား''

သူ ခေါင်းခါ၏။

''ကျည်အပြည့်ထည့်ထားတဲ့ သေနတ်နဲ့ ရက်စက်သူကိုပစ်ဖို့ မောင်းတင်ချိန်ရွယ်ပြီးမှ မောင်းမဖြုတ်ဘဲ တောက်ခေါက်ပြန်လာတာ။ ငါ မပေါက်ကွဲခဲ့ပါဘူး''

''အခုအချိန်ထိ ခွင့်လွှတ်နေဆဲပဲပေါ့။ ဟုတ်လား''

ကျော်သက်ခိုင်၏ အံ့ဩဟန်ပြသည့် မျက်နှာထား။

''ဒါပေါ့။ လေးငါးရက်နေရင် မင်္ဂလာဆောင်ရတော့မယ်။ သန်ဘက်ခါပဲ တရားရုံးမှာ လက်မှတ်ထိုးတော့မယ်။ ဒီအချိန်အထိမှ ခွင့်မလွှတ်ရင် ဘယ်အချိန် ခွင့်လွှတ်ရမှာလဲ။ စာမေးပွဲဖြေခါနီး သားသမီးကို အပြစ်ရှိလို့ ရိုက်ချင်နှက်ချင်တာတောင်မှ စာမေးပွဲနီးနေလို့ ခွင့်လွှတ်လိုက်တဲ့ မိဘမျိုးလိုပေါ့''

''မင်း စကားတွေ အရမ်းတတ်နေပါလား''





ဟု ကျော်သက်ခိုင် ပြော၏။

''ငါ စကားအရမ်းတတ်နေတာ မဟုတ်ဘူး။ ချစ်သူရဲ့အပြစ်ကို ဖော့ဖို့၊ ကိုယ့်အားနည်းချက်ကို ဖုံးဖို့၊ ကိုယ်ခံစားရမယ့်ကိစ္စတွေ သက်သာဖို့ ကောင်းနိုးရာရာ အကြောင်းပြချက်တွေ ရှာနေမိတာကွ''

နှစ်ဦးစလုံး တဟားဟား ရယ်ကြ၏။

အရယ်ရပ်သောအခါ ကျော်သက်ခိုင်က . . .

''မင်းရဲ့အားနည်းချက်က ဘာလဲ''

''မျိုးကို မုန်းလို့မရဘူး။ အဲဒါ ငါ့ရဲ့ အားနည်းချက်ပဲ''

ကြေကွဲစွာသော မျက်နှာထားဖြင့် သူပြော၏။ ကျော်သက်ခိုင် သက်ပြင်းချသည်။ သူ့မျက်နှာကို အသေအချာကြည့်လျက် . . .

''အခုလိုကြားရတာ ငါ စိတ်မကောင်းဘူး ထက်စို၊ မူးယစ်ဆေးဝါး မကောင်းမှုန်းသိလျက်နဲ့ ဖြတ်ဖို့ခက်နေတဲ့သူတစ်ယောက်ကို ငါ မြင်နေရသလိုပဲ''

ကျော်သက်ခိုင်၏ အိမ်ရှေ့စကားဝိုင်းလေး ခြောက်ကပ်ကပ် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီရက်ပိုင်းအတွင်း စိတ်ချစွာ ကြည့်နူးရတော့မည်ဟု သူ ကိုယ့်ကိုယ်ကိုယ် တွေးနေ၏။

■



(၂၄)

"ကို"

ငဲ့ကြည့်သောအခါ ချစ်သူ ပို၍လှနေ၏။

"မျိုးကို စိတ်ဆိုးနေသေးတာလားဟင်"

ထို့ထက်ပိုသည်ဟု သူ မပြောတတ်။

ခေါင်းခါရုံသာ ခါလိုက်၏။

"မျိုးမှားခဲ့ပါတယ် ကိုရယ်၊ ကို့ကို မလေးစားလို့၊ မချစ်လို့ မှားတာမျိုးတော့ မဟုတ်ဘူးနော်"

စုထွေးသော ပန်းနုရောင်ဖူးငုံလေးပေါ်သို့ သူ့လက်ချောင်းများ ဖိကပ်လိုက်သည်။ ပြီးနောက် ချစ်သူကို စေ့စေ့ကြည့်ကာ ခေါင်းကိုသာ ခါယမ်းပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့တော့ မကြားချင်ဘူး" ဟူသည့် မာထန်သော စကားအမိပ္ပာယ်မျိုးဖြင့် ချစ်သူနှုတ်ခမ်းတွေးကို ပိတ်ပင်တားဆီးလိုက်ခြင်း မဟုတ်။

"မပြောပါနဲ့တော့ အချစ်ရယ်" ဟူသည့် ညင်သာသော အမူအရာဖြင့် တောင်းပန် ကာဆီးလိုက်ခြင်း ဖြစ်လေ၏။

ရင်ခွင်သို့ ချစ်သူ နိုဝင်သည်။

"မနက်ဖြန် တရားရုံးမှာ လက်ထပ်ကြရတော့မယ်။ ကို ပျော်ပါတယ်နော်"

"ပျော်တာပေါ့"

"တချို့ မင်္ဂလာပွဲနေ့ကျမှ လက်ထပ်စာချုပ်မှာ တစ်ခါတည်း လက်မှတ်ထိုးကြတာ။ မျိုးက လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးတာက တစ်ရက်၊ မင်္ဂလာပွဲက သတ်သတ်တစ်ရက်။ အဲဒီလို ဘာကြောင့် သတ်သတ်လုပ်တာလဲ။ ကို သိလား"

"မသိဘူး"

"မင်္ဂလာဆောင်တဲ့နေ့ကျရင် လက်မှတ်ထိုးဖို့ ကိစ္စတွေ၊ အသိသက်သေတွေ၊ တရားသူကြီးတွေနဲ့ အလုပ်တွေရှုပ်ကုန်ရင် မင်္ဂလာဆောင်မှာ စိတ်လွတ်





ကိုယ်လွတ် မပျော်ရမှာစိုးလို့ပေါ့၊ ဒါကြောင့် သတ်သတ်စီ၊ စီစဉ်တာ။

မနက်ဖြန် လက်မှတ်ထိုး၊ သန်ဘက်ခါ ဖိတ်စာတွေကမ်း၊ နောက် လေးရက်နေရင် မင်္ဂလာညစာခံပွဲ၊ ပျော်စရာကောင်းလိုက်တာ"

ရင်သို့နိုဝင်ကာ ပြုံးနွဲ့နေသူအား ပြန်လည်၍ ထွေးပိုက်ကာ

...

"ကိုယ် မျိုးကို အားနာတယ်"

"ဘာကိုလဲ ကိုရဲ့"

"ကိစ္စအဝဝကို ကိုယ် ဦးမဆောင်ဘဲနေမိလို့"

"ဒါများ အားနာစရာမှ မဟုတ်တာ။ မျိုးအပြစ်နဲ့ မျိုးခံရတာ။ ကိုက မျိုးကို သက်သက်ညှာညှာ အပြစ်ပေးလိုက်တာလို့ တွေးပြီး မျိုး ကျေးဇူးတင်နေတာ ကိုရဲ့။

လက်ညှိုးငေါက်ငေါက်ထိုးပြီး နင့်ကို မုန်းတယ်၊ နင့်ကို နာတယ် ဆိုတဲ့စကားတွေနဲ့ လမ်းခွဲဖို့ ပြောမသွားတာဘဲ တော်သေးတယ်။ ကိုရယ်၊ မျိုးက ကို့ကို အားနာရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့သော မျက်လုံးလေးများက သူ့ကိုကြည့်၍ တောင်းပန်နေချေသည်။

မျက်တောင်ကော့တွေကို သူ စိုက်ကြည့်နေလိုက်၏။

အတန်ကြာမှ ပြုံးပြလိုက်မိသည်။

''မနက်ဖြန် မြေပဒေသာဥယျာဉ်ထဲမှာ သွားထိုင်ဦးမယ်နော် ကို၊ လက်မထပ်ခင် သမီးရည်းစားလို အားရပါးရ ပျော်ပျော်လေးနေမယ်'' ဟု မျိုးမျိုးမြင့် သူ့ကိုမှာသည်။ သူ ခေါင်းညိတ်၏။

●

နောက်တစ်နေ့တွင် နေ့လယ်စာစားပြီးကတည်းက မြေပဒေသာဥယျာဉ်ထဲသို့ သူတို့ ရောက်နေကြသည်။

ဝယ်ယူထားပြီးသော တိုက်ခန်း၏အပြင်အဆင်ကို သူ မကြည့်ဖြစ်သေး။ ခန်းဝင်ပစ္စည်း၊ အိမ်သုံးပစ္စည်းတွေ စုံလင်ပြည့်ဝနေပြီဟု မျိုးမျိုးမြင့် သူ့ကို ပြောပြသည်။

မဆွေဆွေတင့်အား စတိုးဆိုင်၏ ပိုင်ဆိုင်ခွင့်၊ အမွေပစ္စည်းတို့၏ ခြောက်ဆယ်ရာခိုင်နှုန်းကို ကြည်ဖြူစွာ ခွဲဝေပေးလိုက်ကြောင်း၊





သို့သော် မဆွေဆွေတင့်က ခြောက်ဆယ်ရာခိုင်နှုန်းဟူသော ပမာဏကို မယူဘဲ တစ်ဝက်တိတိကိုသာ မျှတစွာ ခွဲဝေယူကြောင်း၊ ကျေးဇူးတင်စကား တဖွဖွပြောကြောင်း၊ မျိုးမျိုးမြင့်ထံမှတစ်ဆင့် သူ ကြားသိရ၏။

မင်္ဂလာဆည်ခံပွဲတွင် ဝတ်ဆင်ရမည့်ဝတ်စုံမှာ ဥရောပဝတ်စုံဖြစ်ကြောင်း၊ မနက်ဖြန် တရားရုံးတွင် လက်ထပ်စဉ် ဝတ်ဆင်ရမည့် အဝတ်အစားမှာ မြန်မာဝတ်စုံဖြစ်ကြောင်း ပြောပြီး သူ့လက်ထဲသို့ တိုက်ပုံအင်္ကျီအပါအဝင် လုံချည်၊ အင်္ကျီတစ်စုံကို မျိုးမျိုးမြင့် ထည့်ပေးလိုက်၏။

''မျိုးရော ဘာဝတ်မှာလဲ''

''ထွေထွေထူးထူး မဝတ်ရသေးဘူးလေ ကိုရဲ့။ မိတ်ကပ်ပါးပါးလေးလိမ်း၊ နှုတ်ခမ်းနီပါးပါးလေးဆိုး၊ ချိတ်လုံချည်နဲ့ ရင်ဖုံးအင်္ကျီလေးနဲ့ ပေါ့ပေါ့ပါးပါးပဲ ဝတ်ရမယ်။ မနက်ဖြန် တရားရုံးရှေ့ကို ဆယ့်တစ်နာရီလောက်၊ ကို့ ရောက်အောင်လာနော်''

''အဲဒီထက်စောနေရင် စိတ်မဆိုးနဲ့''

. . . ဟု၊ သူ ရယ်စရာ ပြော၏။

''မနက်ဖြန် မျိုးဘက်က မဆွေဆွေတင့်ကို ခေါ်လာရမှာ။ ကိုရော အဖေနဲ့ အမေကို ခေါ်လာနော်'' ဟု မျိုးမျိုးမြင့်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ...

''အဖေတို့ကိုလည်း ခေါ်လာမယ်။ ကျော်သက်နိုင်ကိုလည်း ခေါ်လာမယ်။ ညီနဲ့ညီမကိုလည်း ခေါ်လာမယ်။ လက်မှတ်ထိုးပြီးတာနဲ့ တစ်နေရာရာသွားကြတာပေါ့''

''ညီတွေ၊ ညီမတွေက ဘယ်အရွယ်လောက်ရှိပြီလဲ''

''ညီတွေ၊ ညီမတွေ မဟုတ်ပါဘူး။ ညီတစ်ယောက်၊ ညီမတစ်ယောက်။ မျိုးက မမှတ်မိဘူးလား''

''ကို့ညီမက မျိုးထက် အသက်နည်းနည်းကြီးတယ်ဆိုတာလောက်ပဲ မှတ်မိတယ်။ အသွားအလာမှ သိပ်မရှိတာ ကိုရဲ့။ မမှတ်မိဘူး။ ညီက ဘယ်အရွယ်လောက်ရှိမလဲ''

''မျိုးနဲ့ ရွယ်တူလောက်ရှိမှာပေါ့''

ဟု သူပြော၏။ ဇာနည်နဲ့ အလုပ်လုပ်တဲ့နေရာ အတူတူပဲလေဟု ပြောပြလိုက်ချင်သည်။ အသိပေးလိုက်ချင်သည်။

''ကိုယ်မရှိတဲ့ အချိန်တုန်းက ကိုယ့်အိမ်ကို





မျိုး ခဏခဏ ဝင်ထွက်သွားလာနေရင် သိပ်ကောင်းမှာပဲနော်''

''ဘာဖြစ်လို့လဲ ကို''

''မျက်နှာ မစိမ်းဘူးပေါ့ မျိုးရဲ့''

''မျိုးကို ကိုယ့်မိသားစုတွေက ချစ်ကြပါ့မလားဟင်''

ရုတ်တရက် ချက်ချင်း မဖြေကြားမိ။

အတန်ကြာမှ ...

''ကိုယ်က မျိုးကိုချစ်တယ်။ ကိုယ့်ကို ကိုယ့်မိသားစုတွေက ချစ်တယ်။ ကိုယ့်ကိုချစ်တာ မျိုးကိုချစ်တာနဲ့ အတူတူပဲပေါ့''

ခေါင်းလေး ဆတ်ဆတ်ညိတ်၏။

အကြွင်းမဲ့ မပြည့်စုံသော အဖြေစကားဟု တွေးသိနိုင်ပေလိမ့်မည်။

''မျိုးဝယ်ထားတဲ့ တိုက်ခန်းမှာ ကိုယ်တို့နှစ်ယောက် နေကြမယ်ဆိုတော့ ကိုယ်က အဝေးသွားတဲ့အခါ အဲဒီတိုက်ခန်းပေါ်မှာ မျိုးတစ်ယောက်တည်း ထားခဲ့ဖို့ ကိုယ်စိတ်မချဘူး''



www.burmeseclassic.com

www.burmeseclassic.com



သွားတက်ကလေးပေါ်အောင် ရယ်သည်။

"ကိုယ့်မိဘအိမ်မှာ နေခဲ့ရမလား။ မဆွေဆွေတင့်နဲ့အတူ မဆွေဆွေတင့်စကားကို မြေဝယ်မကျနားထောင်ပြီး နေခဲ့ရမလား။ ဒါမှမဟုတ် ကိုယ်နဲ့တစ်ပါတည်း လိုက်ခဲ့ရမလား။ ကိုယ်ကြိုက်သလို စီစဉ်။ မျိုးက ကိုယ့်စိတ်ကြိုက် ထားရာနေ၊ စေရာသွားတော့မှာ ကိုရဲ့"

ပြုံးလျက်ကြည့်ပြီး ...

"နောက်တော့ ကြည့်စီစဉ်တာပေါ့"

ဟု သူပြောသည်။

ကြင်နာသူ လက်ဖဝါးအား ရင်မှာယူ၍ ပိုက်ထွေးလိုက်သည်။ မနက်ဖြန်၏ ကြည်နူးခြင်းလှိုင်းများက သူ့ကို ကြိုတင်၍ ရင်ခုန်စေလေ၏။



## (၂၅)

"အဖေ၊ အမေ၊ ဒီနေ့ တရားရုံး မသွားဖြစ်တော့ဘူး" ဟု အဖေနှင့်အမေကို သူပြောလိုက်သည်။

"ဒီနေ့မနက် ဆယ့်တစ်နာရီ တရားရုံးမှာ လက်ထပ်ဖို့ သားတို့ စီစဉ်ပြီးသားဆို"

အဖေက မျက်မှောင်ကြုတ်လျက် မေးသည်။ ကျော်သက်ခိုင်က ဝတ်ဆင်လာသော တိုက်ပုံအင်္ကျီကို ကမန်းကတန်း ချွတ်လိုက်ပြီး ...

"ဘယ်လိုဖြစ်တာလဲ"

သူ ကြိုးစား၍ ပြုံးလိုက်သည်။ ညီနှင့်ညီမကိုလည်းကောင်း၊ ဘာတစ်ခွန်းမျှ ဝင်မမေးသေးသော အမေ့ကိုလည်းကောင်း ဝေ့ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး ...

"ရက်အကန့်အသတ်မရှိ အစီအစဉ် ရွှေ့ဆိုင်း ပစ်လိုက်တယ် ဆိုပါတော့ကွာ"

ညီမက ...

"အစ်ကိုကိုစွကလည်း အခု စာကလေး ကြော်၊ အခု ဆီထမင်း။ ဘာမုန့်လည်း မသိဘူး။ ဘာပြဿနာ တက်ပြန်ပြီလဲ"

သူ စကားမတုံ့ပြန်။

ညီဖြစ်သူ ကျော်လင်းဘက်သို့လှည့်ကာ ...

"ညီ ... ကိုကြီးအခန်းထဲက အဝတ်အစား အိတ်ကို ကားထဲထည့်ထားလိုက်"

ကျော်လင်း ခေါင်းညိတ်လျက် ထိုင်ရာမှ ထသွားသည်။

"ထက်စိုး"

ကျော်သက်ခိုင်ကို သူ လက်ကာ၏။ ပြီးနောက် အဖေနှင့် အမေကို သူ ကန်တော့သည်။

"သား"

စိတ်မကောင်းခြင်းကြီးစွာသော အမေ့၏ခေါ်သံ။ အမေ့ မျက်နှာကို သူ မော့ကြည့်သည်။





"အမေ"

"သား ဘယ်သွားမလို့လဲကွယ်။ ဘာပဲဖြစ်ဖြစ်၊ ဘာပဲလုပ်လုပ် အမေတို့ကို တိုင်ပင်ပါဦး"

သူ ပြုံးလိုက်၏။

မိခင်စိတ်ဝမ်း ငြိမ်းချမ်းလိုသဖြင့်သာ ပြုံးပြလိုက်ရခြင်း ဖြစ်သည်။

"တိုင်ပင်စရာ မလိုတော့လောက်အောင် သား ဘဝ ငြိမ်းချမ်းသွားပါပြီ အမေ။ ဒီနေ့ ဒီရက် ဒီအချိန် ကစပြီး အဖေ အမေအတွက်၊ ညီ ညီမတွေအတွက်ပဲ သားခေါင်းထဲမှာ ထားပါတော့မယ်။

ငဲ့ညှာသနားစိတ်ကြောင့် တခြားသူအပေါ် သံယောဇဉ်ထားမိတာ တော်တော်ပူလောင်တာပဲ အမေ"

"အခု သားတို့က ဘာအဆင်မပြေဖြစ်ကြပြန် တာလဲ ဟင်"

"မသိချင်ပါနဲ့တော့ အမေရယ်။ ငါ့သားကြီး နွံထဲက ရုန်းထွက်နိုင်ပြီလို့ပဲ တွေးပြီး အမေ ကျေ နပ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



အဖေက ...

"ဒါဆို သား တရားရုံးမသွားတော့ဘူးပေါ့။ သားဘက်က အစီအစဉ်ပြောင်းလိုက်တာ မျိုးမျိုးမြင့် မသိသေးဘူးပေါ့"

"ဟုတ်တယ် အဖေ" ဟု သူ ပြောသည်။

"အသိပေးသင့်တယ် သား"

"အခု သားက ဘယ်ကိုသွားမလို့လဲ" ဟု အမေမေးသည်။ မည်သူ့ကိုမျှ အသိမပေးဘဲ သွားမည်ဟု တွေးတောစီစဉ်ထားပါလျှက် အသိမပေးလိုသော အစီအစဉ်သည် ပျက်ယွင်းရတော့မည်။

"လွန်ခဲ့တဲ့သုံးရက်လောက်ကတည်းက သား လေယာဉ်လက်မှတ် လုပ်ပြီးသားပါ အမေ။ ဒီနေ့ နေ့လယ် သား စင်ကာပူကိုသွားမယ်"

"အို"

အမေ ငိုသံပါသွားသည်။

"အဖေနဲ့အမေကို ကြိုမပြောမိတဲ့အတွက် သားကို ခွင့်လွှတ်ပါ။ ပြီးတော့ ဝုန်းဝုန်းဒိုင်းဒိုင်း လာ၊ ဝုန်းဝုန်းဒိုင်းဒိုင်း ပြန်သွားရတာမျိုး နောက်မဖြစ်စေရပါဘူး။ သား ကတိပေးပါတယ်"





"မင်းကောင်မလေးကို အမေတို့ ဘယ်လို ပြောရမှာလဲ သားရယ်"

"သားကိစ္စကို သားရှင်းခဲ့မှာပါ အမေ၊ သူ အိမ်ကို လာမှာပါ၊ လာရင် အမှန်အတိုင်းပဲ ပြောလိုက်ပါ အမေ။ သား ဘယ်သူ့ကိုမှ လက်မထပ်တော့ဘူးလို့ အမေပြောပေးပါ"

ကျော်သက်နိုင် သူ့ကို ငေးကြည့်နေ၏။ အဖေက ...

"သားကိုယ်တိုင်ပြောရင် ကောင်းမယ်ထင်တယ် သား"

"ကိုယ်တိုင်ပြောဖို့ သား စဉ်းစားပါသေးတယ် အဖေ၊ မျက်နှာကိုတောင် မကြည့်တော့ဘူးလို့ သား ဆုံးဖြတ်လိုက်လို့ပါ"

"ကိုကြီး သွားဖို့ အဆင်သင့်လုပ်ပြီးပြီ" ဟု ကျော်လင်း ပြောသည်။ သူ ခေါင်းညိတ်၏။ အဖေနှင့်အမေကို တစ်လှည့်စီ ကြည့်ပြီး ...

"အဖေ၊ အမေ၊ လေယာဉ်ကွင်းကို လိုက်မပို့နဲ့တော့နော်"

အမေက မျက်လုံးလေးစင်းလျက် ခေါင်းညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ဦးနဲ့ကြမ်းပြင် သွားလာနေတယ်လို့ပဲ အမေ တွေးနော်။ နောက်တစ်ခါ သား ပျော်ပျော်ရွှင် ရွှင် ပြန်လာခဲ့မယ်။ ပိုက်ဆံတွေ အများကြီးရပြီးရင် မြန်မာပြည်မှာပဲ နေတော့မယ်။ ပြီးတော့ လူပျိုကြီး ပဲ လုပ်တော့မယ်"

သူ ရယ်မောလျက် ပြော၏။

အဖေပြုံးသည်။ အမေ မပြုံးချင် ပြုံးချင်ဖြင့် ပြုံး၏။

"မျိုးမျိုးမြင့်လာရင် ညီလေး ဖြေရှင်းလိမ့် မယ် အမေ၊ သား သူ့ကို အကုန်မှာထားခဲ့တယ်"

"ဪ"

မိဘနှစ်ပါးကို ဦးသုံးကြိမ်ချလိုက်၏။ အခုအချိန်ဆို မျိုးတို့ တရားရုံးရှေ့မှာ စောင့်နေကြရောမည် ဟူသောအတွေးကိုပင် သူ မတွေးဖြစ်တော့ချေ။

"မင်း လိုင်စင်ပါလား" ဟု ကျော်သက်နိုင်ကို သူမေးသည်။





ကျော်သက်နိုင် ခေါင်းညိတ်၏။

"မင်းပဲ မောင်းပို့တော့ကွာ" ဟု သူပြော၏။ ကားမောင်းသူ နေရာတွင် ကျော်သက်နိုင် ဝင်ထိုင်သည်။

ကျော်သက်နိုင်နံဘေးတွင် သူ ဝင်ထိုင်သည်။

ကားပြတင်းအနီးတွင် ရပ်နေသော ကျော်လင်းကို မော့ကြည့် ကာ . . .

"မိတ္တူကူးထားတဲ့ စာရွက်ကော ညီလေး"

ကျော်လင်းက အင်္ကျီအိတ်အတွင်းမှ ထုတ်ယူပြီး သူ့ကိုပေး သည်။ ထိုစာရွက်၏နောက်ကျောတွင် သူ စာတစ်ကြောင်း ရေးလိုက် ၏။

"ဘယ်လိုစကားလုံးနဲ့မှ အပြစ်မတင်တော့ဘူး။ အေးအေး ဆေးဆေး၊ ပြတ်ပြတ်သားသား လမ်းခွဲလိုက်တယ်"

(ထက်စိုး)

မိတ္တူကူးထားသည့် စာမျက်နှာ၏ နောက်ကျောတွင် ထင် ရှားစွာ သူရေးသည်။ စာရွက်ကိုခေါက်ပြီး ကျော်လင်းအား ပေးလိုက် ၏။ ပြီးနောက် . . .

"အဖေတို့ကို ဖြည်းဖြည်းချင်း ရှင်းပြနော် ညီလေး၊ သူလာရင် တွေ့တွေ့ချင်း ဒီစာရွက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်''

''ဟုတ်ကဲ့ ကိုကြီး။ စိတ်ချပါ။ အားလုံး အတွက် စိတ်ချပါ ကိုကြီး''

ကျော်သက်နိုင် ကားစက်နှိုးသည်။

အိမ်တံခါးဝတွင် အဖေ အမေနှင့် ညီမတို့ကို တွေ့၏။

''နောက်နှစ်လလောက်ကြာရင် သား ပြန်လာ ဦးမယ်။ အဖေနဲ့ အမေအတွက် ဖုန်းလုပ်ပေးမလို့''

အသံကို မြှင့်လျက် ရွှင်မြူးစွာ သူပြော၏။

အဖေနှင့်အမေ ပြုံးလျက် ခေါင်းညိတ်ကြသည်။ သူ လက်ပြသည်၊ ကားဘီး ရွေ့သည်။

ရင်ထဲတွင် ... ဘာမျှမရှိ။

■



(၂၆)

ကားလမ်းမပေါ်သို့ ရောက်လျှင်ရောက်ချင်း 'ဘာတွေလဲ ကွာ' ဟု ကျော်သက်နိုင် သူ့ကိုပြော၏။ 'လေယာဉ်ကွင်းစားသောက်ဆိုင်ရောက်မှ မင်းကို ငါပြောမယ်' ဟု သူ ဖြေလိုက်သည်။

●

*မောင်*

*ဘယ်လိုမှ ရှုန်းဖယ်လို့မရတဲ့ အခြေအနေကြောင့် ကိုထက်စိုးကို တို့ လက်ထပ်ရတာပါ။*



www.burmeseclassic.com

www.burmeseclassic.com



တို့ဘဝမှာ မောင်သာ တို့ရဲ့ အချစ်ဆုံးပါ။
တခြားသူနဲ့ သားတစ်ရာ၊ မြေးတစ်ဖျာ ရရင်တောင်
တို့နှလုံးသားထဲမှာ မောင် ရှိနေမှာပါ။
တို့ကိုနားလည်ပေးပါ မောင်ရယ်။ တို့ကို ခွင့်လွှတ်ပါ။
မောင် ခံစားနာကျင်မယ်ဆိုတာ တို့သိပါတယ်။
ဒါပေမဲ့ မောင်ရယ် ...
အခြေအနေကို တို့ ရုန်းဖယ်လို့ မရဘူး။
မောင် ...
လိမ်လိမ်မာမာနေပါနော်။ ဘယ်မှ မသွားပါနဲ့တော့။

မောင့်ရဲ့

(မျိုးမျိုးမြင့်)

ကျော်သက်နိုင်က စာရွက်ကို ပြန်ခေါက်လိုက်ပြီး ...

"ဟား ... မျိုးမျိုးမြင့် တော်တော်ဆိုးတာပဲ"

အချိုရည်တွေကို သူ တစိမ့်စိမ့်သောက်နေမိသည်။

"ဒီစာ မင်းလက်ထဲကိုရောက်တာ ကြာပြီလား"

"သုံးရက်ရှိပြီ။ ဒီနေ့နဲ့ဆို လေးရက်"





"ဘယ်လိုကနေ ဘယ်လို"

"ဇာနည်ပြန်ရောက်ပြီလားလို့ ဇော်လတ်ကို သွားမေးတယ်တဲ့၊ မရောက်သေးဘူးဆိုတော့ ဒီစာကို ပေးပေးပါဆိုပြီး ဇော်လတ်လက်ထဲ ထည့်ခဲ့တာ။ ဇော်လတ်ကတစ်ဆင့် ငါ့ညီလက်ထဲ ရောက်တာ၊ ငါ့ညီက မိတ္တူပဲကူးပြီး ယူထားမလို့၊ ဇော်လတ်က တစ်စောင်လုံး ယူထားလိုက်ဖို့ ပြောတယ်။ သူ့ပြဿနာ သူရှင်းမယ်တဲ့"

"အင်း ... မင်းညီနဲ့များ ပြဿနာတွေ၊ ဘာတွေ ဖြစ်ဦးမလား"

"ငါ့ညီကို ငါ အလုပ်ထွက်နိုင်းခဲ့တယ်။ ဇော်လတ်ကိုလည်း လိုအပ်တဲ့အကူအညီ လှမ်းတောင်းဖို့ ငါ မှာခဲ့တယ်"

"ဒီကြားထဲမှာ မင်းနဲ့မျိုးမျိုးမြင့်နဲ့ တွေ့သေးတယ် မဟုတ်လား၊ အဲဒီတုန်းက မင်း သူ့ကို ဘာမှ မပြောဘူးလား"

သူ ခေါင်းယမ်း၏။

"ဒီစာ ငါ့လက်ထဲ ရောက်ရောက်ချင်း ငါ



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်လက်မှတ် လာဝယ်တော့တာပဲ။ ဒါပေမဲ့ နောက်နေ့တွေကျတော့ ငါ့စိတ်က မပြတ်သားပြန်ဘူး။ လက်ထပ်မယ်၊ မင်္ဂလာဆောင်မယ်။ ဒီစာကိစ္စကို မေ့လို့ရအောင် မေ့ပစ်မယ်လို့ ငါ အတွေးချော်မိသေးတယ်။

သားတစ်ရာ၊ မြေးတစ်ဖျာ ရတဲ့အထိ သူ့နှလုံးသားထဲမှာ ဇာနည်ရှိဦးမှာပါလားလို့ တွေးမိတိုင်း တွေးမိတိုင်း ငါ့သံယောဇဉ်တွေ တစ်လွှာချင်း ကွာကျသွားတာ''

''ဇာနည် မနှောင့်ယှက်အောင် ပျားရည်နဲ့ ဝမ်းချတဲ့စာလို့ မင်း တွေးဖြစ်သေးလား''

''တွေးတာပေါ့။ ဒါပေမဲ့ ငါ့ကို မတိုင်ပင်သင့်ဘူးလား။ ပြီးတော့ သားတစ်ရာ မြေးတစ်ဖျာရရင်တောင် သူ့နှလုံးသားထဲမှာ ဇာနည်ရှိနေဦးမယ်ဆိုတဲ့ ဝေါဟာရကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး ကျော်သက်ခိုင်။ ငါ သူ့ကို စွန့်လွှတ်လိုက်တာမဟုတ်ဘူး။ စွန့်ခွာလိုက်တာ''

နာကျင်ပြတ်သားစွာသောစကား။





''ငါ ဝမ်းသာတယ်လို့ ပြောရမလား, စိတ်မကောင်းဘူးလို့ ပြောရမလား မသိတော့ဘူး။ ဒါပေမဲ့ မင်း အခုလို ပြတ်သားလိုက်တဲ့အတွက် ငါ့ရင်ထဲမှာ ပေါ့သွားတာ အမှန်ပဲ။

ဘာပဲဖြစ်ဖြစ်ကွာ ငွေကြေးအဆင်ပြေပြီးရင် မြန်မာပြည်မှာပဲ မင်းနေပါ၊ မိဘတွေလည်း အသက်ကြီးပြီ''

''အေးပါ။ စိတ်ချ။ ငါ အမြန်ဆုံးပြန်လာနိုင်အောင် အရမ်းကြိုးစားမယ်။ ဒီတစ်ခါပြန်လာပြီးရင် မိဘအတွက်ရယ်၊ မြန်မာပြည်အတွက်ရယ် ငါ အလုပ်တွေ အများကြီးလုပ်မယ်။ တခြားကိစ္စ ခေါင်းထဲမှာ မရှိတော့ဘူး''

''ကောင်းတယ်'' ဟု ကျော်သက်ခိုင် ပြော၏။

သူ နာရီကို ကြည့်သည်။

''ကဲ . . . ငါသွားမယ်''

ခရီးသွားအိတ်ကို သူ လွယ်သည်၊ ကျော်သက်ခိုင် ကူမ,သည်။

●



www.burmeseclassic.com

www.burmeseclassic.com



လှဝင်မှုကြီးကြပ်ရေးဌာနဘက်သို့ ဝင်ခါနီးအထိ ကျော်သက်နိုင် လိုက်ပို့သည်။

"မင်း လက်တွေဘာတွေ ပြမနေနဲ့တော့ကွာ။ ငါ့အိမ်ကိုပဲ သွားလိုက်တော့။ အဖေနဲ့ အမေကို မင်း နားလည်အောင် ပြောပြပေး။ ဪ ရော့၊ ဒီစာကို မင်းစီရင်လိုက်"

အင်္ကျီအိတ်အတွင်းမှ စာရွက်ခေါက်ကို ကျော်သက်နိုင်ထံသို့ ပေးလိုက်၏။ ထိုစဉ် မှန်တံခါးအဝင်ဝဘက်၌ မျိုးမျိုးမြင့်ကို လှမ်းတွေ့လိုက်၏။ သူ မျက်နှာလွှဲလိုက်သည်။

"ငါသွားတော့မယ် ကျော်သက်နိုင်"

"အေး"

ကျောခိုင်းပစ်လိုက်သည်။ ယခုမှ ရင်ထဲတွင် နာကျင်လာ၏။





မြင်ကွင်းမှ ထက်စိုးကွယ်ပျောက်သွားသောအခါ မှန်တံခါးများရှိရာဘက်သို့ ကျော်သက်နိုင် ထွက်ခဲ့သည်။ နှုတ်ဆက်လက်ပြရာ နေရာသို့ သွားဖို့ စဉ်းစားသေး၏။ 'ထက်စိုး၏အိမ်ကို မြန်မြန်သွားတာပဲ ကောင်းမယ်' ဟု တွေးပြီး အပြင်သို့ထွက်ဖို့ ခြေဦးလှည့်သည်။

"ကိုကျော်သက်နိုင်"

လှပစွာ ဆင်ယင်ထားသော သတို့သမီးလေး မျိုးမျိုးမြင့်၏ ခေါ်သံ။

"ကို . . .။ ကိုရောဟင်"

ပြန်ပြောရမည့်စကားလုံးတွေ ပါးစပ်ဖျားသို့ ရောက်မလာ။ မျိုးမျိုးမြင့်၏မျက်နှာလေးကို သေသေချာချာ ငေးကြည့်လျက်၊ ကျော်သက်နိုင်က . . .

"အိမ်ကို ရောက်ပြီးပြီလား"

"ဟုတ် ဟုတ်ကဲ့။ ရောက်ခဲ့ပြီ"

အဖြေစကားနှင့်အတူ မျက်ရည်တွေ စီးကျလာသည်ကို မြင်၏။

"ရော့။ ထက်စိုး၊ အစ်ကို့ကို ပေးသွားတာ"

စာရွက်ခေါက်ကို မျိုးမျိုးမြင့် ဖြည်ကြည့်လိုက်သေးသည်။ မျက်ရည်တွေ ပိုမိုစီးကျ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဇာနည်နှောင့်ယှက်မှာစိုးလို့ ကျွန်မ ရေးတတ်သလို ရေးလိုက်တာပါ"

ရှိုက်သံတွေ ပို၍ ကျယ်လောင်လာ၏။

"ကျွန်မ ကိုနဲ့တွေ့ပါရစေ။ ကျွန်မ တောင်းပန်ပါရစေ။ ကျွန်မကို ခေါ်ပေးပါ"

လက်ဖဝါးလေး နှစ်သွယ်ယှက်ခါ တောင်းပန်နေရှာသည်။ ထက်စိုး ဝင်ရောက်ပျောက်ကွယ်သွားရာနေရာသို့ ကျော်သက်ခိုင် လှည့်ကြည့်လိုက်သေးသည်။

"သူ ဝင်သွားပြီလေ။ လေယာဉ်ပေါ်တက်တော့မှာ"

"တောင်းပန်ခွင့်မရရင်တောင် ကျွန်မ နှုတ်ဆက်ပါရစေ။ ကျွန်မကို ကူညီပါ။ ကျွန်မကို အော်ခေါ်ပေးပါနော်"

"အစ်ကိုပြန်တော့မလို့" ဟု ကျော်သက်ခိုင် ပြောမထွက်တော့။

"ကျွန်မ ကိုနဲ့ခွဲနိုင်မှာမဟုတ်ဘူး။ ကျွန်မ မသိလို့ မှားတာပါ။ ကျွန်မ မှားပြီးရင်း မှားခဲ့တာပါရှင်။ ကျွန်မ ကို့ကို တွေ့ပါရစေ"





နှောင်းသောကာလ၊ နှောင်းသောစကား၊ နှောင်းသောမျက်ရည်။

"ဟိုလေ့ကားကနေ အပေါ်ကိုတက်ရအောင်၊ လက်ပြ နှုတ်ဆက်တဲ့နေရာကနေ သူ့ကို မြင်နိုင်လိမ့်မယ် ထင်တယ်"

"ဟုတ်ကဲ့" ဟု မျိုးမျိုးမြင့်ပြောသည်။ ကျော်သက်ခိုင်၏နောက်မှ ကျော်သက်ခိုင်ထက် ခြေလှမ်းမြန်စွာ လိုက်ပါရှာလေသည်။

အောက်ဘက် ဧွတစောင်းနေရာတွင် လေယာဉ်ရှိရာသို့သွားမည့် ဘတ်(စ်)ကားကို တွေ့ရသည်။ ထိုဘတ်(စ်)ကားပေါ်သို့ ခရီးသည်တွေ အစဉ်တကျ တက်ရောက်နေကြ၏။

ထက်စိုးကို လှမ်းမြင်လိုက်ကြသည်။

"ဟာ ဟိုမှာ ... ကို။ ကို"

"ထက်စိုး"

●

ဘတ်(စ်)ကားပေါ်သို့ ခြေလှမ်းလိုက်စဉ် ခေါ်သံနှစ်ခုကို သူ



www.burmeseclassic.com

www.burmeseclassic.com

ကြားသည်။ ကြင်နာစွာ ရက်စက်သူ၏ခေါ်သံ။

ပြီးနောက် သူငယ်ချင်းဖြစ်သူ ကျော်သက်နိုင်၏ခေါ်သံ။

''ကို''

''ထက်စိုး''

ခေါ်သံတွေကို သူကြားပါလျက် လှည့်ကြည့်မိလျှင် ပြန်ငြိနိုင်မည့် သံယောဇဉ်၏လှည့်စားမှုဒဏ်ကို ကြောက်ရွံ့နေပြီဖြစ်သောကြောင့် မျက်လုံးမှျပင် မစွေမိအောင် သူ နေလိုက်သည်။ ခိုင်မာသော ခြေလှမ်းဖြင့် ဘတ်(စ်)ကားပေါ်သို့ သူ တက်လိုက်၏။

''ကို''

ဘတ်(စ်)ကား ထွက်ခွာလာသည့်တိုင် အနောက်ဘက်သို့ ငဲ့ကြည့်ပါက အော်ခေါ်နေသူတို့ကို သူ မြင်နိုင်ပါသေးသည်။

ကြည့်ခွင့်မပြုတော့သည့် ဆုံးဖြတ်ချက် ခိုင်မာနေပြီဖြစ်ခြင်းကြောင့် မြင်ခွင့်တစ်ခုတည်းကိုလည်း ပြတ်သားစွာ ခါထုတ်ပစ်လိုက်လေသည်။

ဘတ်(စ်)ကားသည် လေယာဉ်အနီးတွင် ရပ်၏။ ဘတ်(စ်)ကားပေါ်မှအဆင်း လေယာဉ်ပေါ်သို့ တက်ခါနီး၌ (အကယ်၍) လက်ပြနှုတ်ဆက်နေသည့်နေရာသို့ ငဲ့ကြည့်မိပြီဆိုပါက လူလုံးမသဲကွဲတော့သည့်တိုင် ခင်တွယ်ခဲ့ခြင်း အမှတ်သညာကြောင့် ဝေ့ယမ်းနှုတ်ဆက်





ပြနမည့်ဖြစ်သော အကြင်နာလက်ဖဝါးလေးတစ်ခုကို ရင်အသိဖြင့် မှတ်မိနိုင်ပေမည်။

သို့သော် ဦးမငဲ့၊ ခေါင်းမလှည့်၊ ခြေလှမ်းမရွေ့၊ မျက်ရည်မဝှဲဘဲ ရဲရဲဝံ့ဝံ့စွာသောပြတ်သားမှုဖြင့် လေယာဉ်ပေါ်သို့တက်လိုက်သည်။

ပြေးလမ်းပေါ်သို့ လေယာဉ်ပြေးနေသည့် တစ်လျှောက်လုံး သူ့မျက်လုံး မှိတ်ထားသည်။ မြေပြင်နှင့် လေယာဉ်ဘီးများ ကင်းကွာသွားသောအခါကျမှ သူ မျက်လုံးဖွင့်လိုက်၏။

ထိုအခါကျမှ မျက်ရည်စတွေ စီးကျလာလေသည်။


www.burmeseclassic.com

www.burmeseclassic.com



## "အကြင်နာရွှေလက်"

ရင်မှာမွန်းကျပ်
အလွမ်းထပ်ဆင့်၊ စွဲနင့်ခံစား
ဖြေနိုင်အားမဲ့၊ သူ သိလှည့်စေ။

ရင်မှာလေးလံ
ဝေးရန်ကြိုသိ၊ ငိုသည့်မျက်ဝန်း
မျက်ရည်ရွှန်းစို၊ ကန္တာလိုပြင်း
ချစ်ခြင်းရဲ့ဒဏ်၊ ရင်စည်းခံခဲ့။

ရင်ပေါ့စေရန်
နင်တော့ပြန်လှည့်၊ တစ်စက်မျက်ရည်
သက်သေမဖြစ်
ချစ်ခြင်းစကား၊ ဖွင့်ဟနားဆင်
မကြားချင်လည်း
အားအင်နည်းစွာ ဆိုမိပါသည်။





ဆိုသည့်စကား
နလုံးသားမှာ၊ တင်းအားပြတ်တောက်
ပေါက်ခနဲကျ၊ သွေးတစ်စဖြစ်
အချစ်သိစေ . . .
ချစ်မိ ကြွေရွက်
မြေသို့သက်လည်း . . .
(အခုတော့ . . .)
ရွှေလက်မျက်နှာ လွှဲပြီကော . . .။ ။

"ကို"

မြင်ကွင်းမှ လေယာဉ်ကွယ်ပျောက်သွားသည်အထိ မျိုးမျိုးမြင့် အော်ဟစ်ခေါ်ငင်နေဆဲ ရှိသည်။

"ကို"

လေယာဉ်ကွယ်ပျောက်သွားရာဘက်သို့ ငေးကြည့်ကာ မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်တွေ စီးထွေလျက်ရှိ၏။ နှုတ်ဆက်လက်ပြခဲ့သော အခြားသော သူတွေ ထွက်ခွာသွားကြသည့်တိုင် မျိုးမျိုးမြင့် နေရာမရွေ့သေး။

မျက်နှာကို လက်ချောင်းသွယ်များအုပ်လျက် ငိုရှိုက်သည်။ လက်အုပ်ချီလျက် ငိုကြွေးသည်။

ကျော်သက်ခိုင်က လက်မှနာရီကို ကြည့်လိုက်၏။

မင်္ဂလာအချိန်ကို ကျော်လွန်ခဲ့ပေပြီ ...။ ။

လေးစားခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းခြံ)

mhm.ccc@gmail.com

face book a/c Hla Myo Aung



BURMESE CLASSIC .com

www.burmeseclassic.com